www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃
ဝိဇ္ဇာ
ကျွန်မ ဖေ့စ်ဘုတ် မသုံးတော့ပါဘူးမောင်/ဝိဇ္ဇာ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၅။
၁၈၀ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်။
အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၅ ခုနှစ်၊ (နိုဝင်ဘာဘာလ)၊ အုပ်ရေ(၅၀၀)။






www.burmeseclassic.com

www.burmeseclassic.com








## အခန်း (၁)

"ဒုန်း . . ဒုန်း . . ဒုန်း . . ဒုန်း . ."

"ဟော့ . . မယ်ညိုချော မပြီးသေးဘူးလားကွ၊ အိမ်သာထဲမှာ ဘာလုပ်နေလို့ အဲလောက်ကြာနေရတာလဲ"

ရစ်ပြီး မွှေနေသောဗိုက်ကို အသာနှိပ်ပြီး ရှုံ့မဲ့သော မျက်နှာကြီးဖြင့် သန့်စင်ခန်းတံခါးကို တဒုန်းဒုန်းထုသည်။ ဗိုက်ကလည်း တစ်ရစ်ပြီးတစ်ရစ် တိုး၍နာလာသည်အထိ အာကာမင်းမောင် အနေရခက်နေ၏။

"အိမ်သာထဲမှာ ငုတ်တုတ်မေ့နေပြီလား၊ ဒါမှမဟုတ် အိပ်



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေတာလား. . ဝင်သွားတာ နာရီဝက်လောက် ရှိပြီကွ"

စအိုဝမှာ တိုးထွက်ချင်နေသော အစာဟောင်းတွေကို အပြင်သို့ မထွက်ရန် ရှုံ့ထားပြီး ဗျစ်တောက်ဗျစ်တောက် ပြောနေသော ထိုအခြေအနေသည် မကြာခဏ ကြုံနေကျ ကိစ္စတစ်ခု။

အိမ်သာတံခါးဂျက် ဂျောက်ခနဲဖွင့်သံနှင့်အတူ မယ်ညိုချော ထွက်လာပြီး. . .

"အမလေး. . ဘယ်လိုဖြစ်လို့ ဒီလောက်တောင် တဒုန်းဒုန်း ထုပြီး အာပြဲကြီးနဲ့ အော်နေရတာလဲ၊ ဒီမှာ အိမ်သာတက်ရင်း e-box က မက်ဆေ့ဝင်လာလို့ စာပြန်ပို့နေတဲ့ဟာ"

"ဩော်. . . မင်းက အိမ်သာထဲဝင်တာတောင် ဖုန်းက ယူသွားသေးလား. . ဟမ်၊ ငါ့မှာ ပြူတစ်ပြူတစ်ဖြစ်နေတာ ဘယ်လောက်ကြာပြီလဲ၊ မနည်းကို မျှိသိပ်ထားရတာကွ၊ မင်းကွာ ညအိပ်ခါနီးလည်း ဒီ facebook နဲ့ မျက်နှာသစ်တယ်၊ အဲဒီ facebook က လင်ငယ်သာဆိုရင် ကလေးတစ်ဒါဇင်လောက်ကို ရနေပြီ၊ ကဲ ဖယ်ပါ. . ဒီမှာ ထွက်ကျတော့မယ်"

ပြောပြောဆိုဆိုနှင့် အိမ်သာတံခါးဝတွင် ရပ်နေသေးသော မယ်ညိုချောကို ဆွဲဖယ်ပြီး အာကာမင်းမောင် အိမ်သာထဲကို လိမ်ကျစ်လိမ်ကျစ်နှင့် ကမန်းကတန်း ဝင်လိုက်တော့သည်။

လူတွေ၏ အောင့်အည်းမျှိသိပ်နိုင်စွမ်းမရှိသည့် အရာတွေထဲမှာ အီအီးပါချင်တာကို အောင့်ထားရသည့် ဒုက္ခလည်းပါသည်။ ထို့ကြောင့် ဘိုထိုင်ပေါ် ထိုင်ချလိုက်သည်နှင့် တင်းထားသောစိတ်တို့ကို ဗွမ်းခနဲ လျှော့ချလိုက်သည်။

မယ်ညိုချောကတော့ သူ့ကို အတင်းတွန်းဖယ်ပြီး ဝင်သွားသော ယောက်ျားဖြစ်သူကို မျက်စောင်းထိုးပြီး မျက်နှာသစ်ဖို့ ရေချိုး





ခန်းထဲ တန်းဝင်လိုက်သည်။

သွားတိုက်နေရင်းမှ ညက အိပ်ခါနီး နွားနို့သောက်သည့်ပုံကို Like တစ်ရာကျော် Comment နှစ်ရာကျော် ရထားသည့်အတွက် ပီတိတွေ ဖြာနေသည်။

အဟိ. . ဒါတောင် နွားနို့သောက်တဲ့ပုံတင်လို့ စောစောကလို အိမ်သာထဲဝင်ပြီး facebook သုံးနေတဲ့ ပုံကိုသာတင်ကြည့်လိုက် Like ပေါင်း သုံးလေးထောင်ကျော်လောက်တော့ အသာလေးပင်။

❧ ❧ ❧

"ကဲ. . ညိုချောရေ မောနင်းစာ အဆင့်သင့်ဖြစ်ပြီလား ဒီနေ့ ဖင်နာပွဲတွေအတွက် အော်ဒါတွေရှိလို့ မောင်နောက်ကျမယ် ခနော်"

ပြောပြောဆိုဆိုဖြင့် ထမင်းစားခန်းထဲဝင်လာသော အာကာမင်းမောင်မှာ စားပွဲပေါ်တွင် စားချင်စဖွယ် ပြင်ဆင်ထားသော မုန့်ဟင်းခါးဝိုင်းကိုမြင်ပြီး သဘောကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝါး. . မုန့်ဟင်းခါးပဲ၊ မစားရတာတောင် တော်တော်ကြာပြီ၊ မိန်းမရေ တစ်ဝကို တီးပစ်လိုက်မယ်"

ဗိုက်ဆာဆာနှင့် ကြုံးဝါးပစ်လိုက်ပြီး မုန့်ဟင်းရည်ကို ခပ်မြည်းမည်အလုပ်. . .

"ဟာ. . နေဦး၊ မောင်. . နေဦး"

မုန့်ဟင်းရည်ဇွန်း ပါးစပ်ထဲမရောက်ခင် လမ်းခုလတ်မှာ တန့်သွားသည်။

"ဟင်. . ဘာဖြစ်လို့လဲ၊ ကြွက်သတ်ဆေး ထည့်ထားလို့လား"

အမြဲ ပျာယီပျာယာနိုင်သော မယ်ညိုချောကို ထိုသို့ရွဲ့ပြီး မေးလိုက်သည်။ မယ်ညိုချော ဖုန်းကိုင်ပြီး စားပွဲနားသို့ ခပ်မြန်မြန်လျှောက်လာပြီး. . .

"ဘယ်က ကြွက်သတ်ဆေး ထည့်ထားရမှာလဲ၊ ဒီမှာ ကျကျနနနဲ့ စားချင်စားဖွယ်ဖြစ်အောင် ပြင်ဆင်ထားတာ မတွေ့ဘူးလား"

"အေး. . တွေ့တယ်လေ"

အလယ်တည့်တည့်ကြွေပန်းကန်လုံးကြီးတွေထဲတွင် အငွေ့တထောင်းထောင်း ထနေသော မုန့်ဟင်းရည်ပန်းကန်နှင့် မုန့်ဖတ်သပ်သပ်ပြင်ထားသော ပန်းကန်အပြင် နံနံပင်၊ ရှောက်သီး၊ ငါးဖယ်၊ ဘဲဥ၊ အကြော်တို့ စုံလင်စွာဖြင့် ပြင်ဆင်ထားသော မြင်ကွင်းက စားချင်စရာအတိ။

ဒါကိုမှ မစားနဲ့ဦးဆိုတော့ မယ်ညိုချောကို နည်းနည်းတော့ တင်းသွားသည်။

"ခဏနေဦး ယောက်ျားရဲ့၊ မိန်းမဓါတ်ပုံရိုက်ပြီးတော့ facebook ပေါ် တင်မလို့"





"ဟမ်. . ငါ့ကို facebook ပေါ် တင်မယ်ဟုတ်လား၊ ဟေ့ဟေ့. . မဟုတ်တာတွေ လုပ်မနေနဲ့"

"အို. . ရှင့်ကို facebook ပေါ် တင်စရာလားလို့၊ ဟော့ဒီ မုန့်ဟင်းခါးပွဲကို ဓါတ်ပုံရိုက်ပြီး. . တင်မှာကို. . ပြောတာ"

ထိုသို့ပြောပြီး မုန့်ဟင်းခါးဝိုင်းကို ဓါတ်ပုံတွေ တဖျတ်ဖျတ်ရိုက်သည်။ မယ်ညိုချောကိုကြည့်ပြီး အာကာမင်းမောင် ခေါင်းကို တဗျင်းဗျင်းကုတ်ကာ. . .

"ကျွတ်. . ဘာများလဲလို့ ညိုချောရယ်၊ ဒီနေ့ ဆိုင်ကို စောစောသွားရပါမယ်ဆိုမှပဲ အဲဒီ အူကြောင်ကြောင်အလုပ်က တစ်မျိုးကွာ. . ."

အပြစ်တင်စကားကို စကားနာ ပြန်မထိုးအား၊ ရိုက်လိုက်သော မုန့်ဟင်းခါးပွဲကို. . 'ကိုယ်တိုင်ချက်ထားတဲ့ မုန့်ဟင်းခါး စားကြည့်ဦးမလား၊ fri တို့ရေ' ဟူသော status ကိုရေးပြီး online ပေါ် တွဲပြီးတင်လိုက်သည်။

"ကဲ. . ရပြီ စားတော့"

သူလုပ်ချင်တာလုပ်ပြီးမှ စားခွင့်ရသည်မို့ အာကာမင်းမောင် စိတ်ထဲ နည်းနည်းတော့ တင်းသွားသည်။ အိမ်ထောင်ဦးစီးကို စားဦးစားဖျားမကျွေးပဲ online ပေါ်က သူငယ်ချင်းတွေကို အရင်ဆုံးကျွေးသည့်သဘောမို့ အာကာမင်းမောင်ကလည်း ပြဿနာသေးသေးလေးကို ဇာခြဲ့ပစ်လိုက်သည်။

"တော်ပြီ မင်းရဲ့ fri တွေကိုပဲ ခေါ်ကျွေးလိုက်တော့ ငါမစားတော့ဘူး"

"ဟော့တော် ဒါက ဘယ်လိုဖြစ်ရပြန်တာလဲလို့ စိတ်ပုတ်လိုက်တာ တကယ်ပါပဲ၊ ဒီက သူ မုန့်ဟင်းခါးကြိုက်မှန်းသိလို့ မခေါ်ခင်



www.burmeseclassic.com

www.burmeseclassic.com



တို့ အသုဘအိမ်ကနေ မျက်နှာအပူခံပြီး တောင်းလာရတာ၊ ဒင်းက စေတနာကို စော်ကားတယ်. . ဟွန်း"

စေတနာကို စော်ကားလေခြင်းဟု ဗျစ်တောက်ဗျစ်တောက် ပြောပြီး အသုဘအိမ်မှာ အလှူစားလာ၍ မဝသော မုန့်ဟင်းခါးကို ကိုယ့်ဟာကိုယ်သာ ထိုင်စားလိုက်တော့သည်။

ထိုင်စားနေရင်းမှ ဖုန်းကင်မရာကိုဖွင့်ပြီး ပို့စ်အမျိုးမျိုးနှင့် ဓါတ်ပုံရိုက်လိုက်သေးသည်။

"အဟိ. . . ငါက ဘယ်လိုပုံပဲရိုက်ရိုက် လှပြီးသားပဲ၊ ဒါကြောင့်. . ငါ့ဘာပုံပဲတင်တင် အွန်လိုင်းပေါ်က fri တွေက comment တွေပေးကြ၊ မိတ်ဆက်ကြနဲ့. . ငါ့အလှက မင်းသမီးတောင် လုပ်စားလို့ရတယ်"

သူ့အလှကို သူကိုယ်တိုင် ချီးကျူးနေသော မယ်ညိုချောကို ဖုန်းကျန်ခဲ့၍ ပြန်ယူသော အာကာမင်းမောင် ထမင်းစားခန်းဝကနေ ရပ်ကြည့်ပြီး သက်မကြီးတစ်ခုကို လေးလေးပင်ပင် ချလိုက်သည်။

ဒီမိန်းမ တကယ်မလွယ်ဘူး. . .။










## အခန်း (၂)

"**စား**ဖိုမှူးရေ ညနေဒင်နာအတွက် လူအယောက်နှစ်ဆယ် အော်ဒါထပ်ရပြီဗျို့. ဟဲ. . ဟဲ. . ."

စားသောက်ဆိုင်၏ မီးဖိုခန်းထဲတွင် Helper တွေနှင့် အနောက်တိုင်းစာ ပြင်ဆင်နေသော အာကာမင်းမောင် ရှေ့အလုပ်က မပြီးသေးဘူး၊ နောက်အော်ဒါက ကျလာသည်မို့ အသားတွေကို စက်ထဲထည့်ကြိတ်နေရင်းမှ ဟင်းခနဲ သက်ပြင်းချကာ. . .

"ဒီညလည်း အိမ်ပြန်နောက်ကျမယ် ထင်တယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အလုပ်အော်ဒါက ညပွဲဆိုတော့ ထုံးစံအတိုင်းပေါ့၊ စီနီယာရာ ဇီးကွက်နိုးတဲ့အချိန်ပေါ့"

"ဟာ . . ဇီးကွက်နိုးပေမယ့် ငါ့မိန်းမက အိပ်ပြီကွ"

အာကာမင်းမောင် စကားကြောင့် စားဖိုခန်းထဲမှ အကူတွေပါ သဘောကျစွာ ဝိုင်းရယ်ကြသည်။ အာကာမင်းမောင် အူကြောင်ကြောင် ပြန်ကြည့်ပြီး. . .

"ဟာ. . ဘာရယ်ကြတာလဲ၊ ငါ့စကားထဲမှာ ရယ်စရာပါလို့လား"

"ဆရာကလည်း ရယ်စရာပါမှ ရယ်ရမှာလား၊ ဟီး. . ဟီး တို့ဆရာရဲ့ မချိတင်ကဲ ပြောတဲ့အသံကြီးကို သနားလို့ပါ၊ အဲဒါဆိုလည်း ဆရာ့မိန်းမကို ဇီးကွက်လိုလုပ်ခိုင်းလေ၊ ညဆိုရင် မအိပ်ခိုင်းနဲ့ နေ့ဆိုရင်အိပ်၊ ဒါဆို ဆရာပြန်လာတော့ အတော်ပဲ"

"သြော်. . ကောင်းလိုက်တဲ့အကြံ၊ မှတ်တောင်ထားရမယ်ကွာ၊ ဟား. . ဟား. . ဟား. . ငါ့မိန်းမက သူ့ဖုန်းလေးတစ်လုံး သူနဲ့အတူရှိနေရင် ငါပြန်မလာလဲ မလွမ်းပါဘူးကွာ"

"ဟင်. . ဘာဖြစ်လို့လဲ အာစရိရ၊ ကွိုင်တက်ထားလို့လား"

တပည့်မိုးကျော်က မအူမလည် မေးသည်။

"မတက်ပါဘူး၊ ငါ့မိန်းမက ငါ့ထက် facebook သုံးနေရတာကို ပိုပြီးသဘောကျတာ"

"သြော်. . ဒီရောဂါက ခေတ်သစ်ရောဂါဗျ၊ အိမ်မှာလည်း ကျွန်တော့်ညီမတွေ တစ်နေ့တစ်နေ့ ဖုန်းနဲ့ မျက်နှာနဲ့ကို မခွာဘူးဗျာ"

"ခင်ဗျားညီမက မခွာတာ ကိုမိုးကျော်၊ ကျွန်တော့်ညီကတော့ facebook ထဲက ကောင်မလေးနဲ့ အပြင်မှာ ချိန်းတွေ့ပြီးခုတော့ ညားသွားကြပြီလေ၊ အဲ သိပ်မကြာခင်မှာပဲ ပြန်ကွဲကြလေသ





တည်းပေါ့"

ဒီခေတ်လူငယ်တွေ facebook ကို အရူးအမူး စွဲလမ်းနေခြင်းဟာ အဆိပ်အတောက်တစ်ခု ဖြစ်လာနိုင်သည်ဟု အာကာမင်းမောင် ရင်လေးစွာ တွေးမိပြီး မျက်စိထဲမှာ မယ်ညိုချောကို ပြေးမြင်မိသွားသည်။

"ဟာ. . ဆရာ ဟိုမှာကြည့်စမ်း၊ ဟိုလူ အတွဲတစ်တွဲကို ဓါတ်ပုံခိုးရိုက်နေပါလား"

ကန်တော်ကြီးပန်းခြံအတွင်း ဖွင့်ထားသော စားသောက်ဆိုင်မို့ ဘေးပတ်ပတ်လည်တွေ စုံတွဲတွေထိုင်ပြီး ချစ်ခွန်းခြွေကြမည့် ခုံတန်းတွေက လက်ညှိုးထိုးမလွဲ။

စားဖိုဆောင်မှ ဝန်ထမ်းတွေသည် အလုပ်လုပ်ရင်း စုံတွဲတွေ၏ မဖွယ်မရာ အီစီကလီ မြင်ကွင်းအချို့ကို စားဖိုဆောင် ပြတင်းမှ လှမ်းမြင်နေရ၍ မမြင်ချင်မှအဆုံး။

ခုလည်း ဆေးကြောရေးအဖွဲ့ထဲမှ မောင်နိုင်၏ မချိတင်ကဲ လေသံဖြင့် ပြောလာသောစကားကြောင့် အားလုံး၏ အကြည့်တွေက ထိုပြတင်းပေါက်ကို ရောက်သွားသည်။

ချုံကွယ်တစ်ခုဘေးရှိ ခုံတန်းပေါ်တွင် စုံတွဲတစ်တွဲ ထီးတစ်ချောင်းကွယ်ပြီး ဘာလုပ်နေသည်ဆိုတာတော့ စားဖိုဆောင်ထဲမှ မမြင်ရပေမယ့် ထိုစုံတွဲကို ကင်မရာဖြင့် ခိုးရိုက်နေသည့် လူရွယ်ကို အတိုင်းသား မြင်နေရ၏။

"ဒီကောင်ကွာ ရုပ်ကလေး သနားကမားနဲ့ အောက်တန်းကျတဲ့အလုပ်ကို လုပ်နေတယ်၊ ဒီလိုကောင်မျိုးကို ပညာပေးချင်တာ"

အသားကြိတ်စက် ခလုတ်ကိုပိတ်ပြီး အာကာမင်းမောင် ကြိမ်းဝါးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အသီးတွေ ရေဆေးထားသော ရေဇလုံကြီးကို မကာ ပြတင်းပေါက်မှ ဝုန်းခနဲ သွန်ချလိုက်သည်။ ပန်းခြံဘေးတွင် ချောင်းပြီး ဗီဒီယိုရိုက်နေသော လူ၅ယ်ပေါ်သို့ ခေါင်းက ရေလောင်းချိုးလိုက်သလိုနှယ်. .

"ကဲ. . မှတ်ကရော အာကာမင်းမောင်တို့က ဒါမျိုးဆို မနေနိုင် တိုင်တက်ချင်တဲ့ ကောင်မျိုးကွ"

မထင်မှတ်သော လုပ်ရပ်ကြောင့် တပည့်ကျော်တွေ အံ့အားသင့်ကုန်ကြသည်။

"ဟာ. . အာစရိ၊ အဲဒါ ဘာလုပ်လိုက်တာလဲ၊ ကွိုင်တော့ တက်ကုန်တော့မှာပဲ"

"တက်ပါစေ ငါရှင်းမယ်၊ ဒီလို ရာဂကောင်တွေကို ခုလို ပညာပေးမှ၊ ကိုယ်ကိုယ်တိုင်လည်း အစွမ်းအစ မရှိဘူး၊ သူများတွေ အစွမ်းအစ ထုတ်သုံးတော့လည်း မကောင်းကျင့်မကောင်းကြံ ကြံတယ်"

ရေဇလုံကို သူ့နေရာသူပြန်ထားပြီး ခပ်အေးအေးပင် လုပ်လက်စ အလုပ်ကို ဆက်လုပ်လိုက်သည်။

သိပ်မကြာလိုက်ပါ၊ ဧည့်ကြို ခင်မောင်စိုး စားဖိုဆောင်ထဲ ခပ်သွက်သွက် ဝင်လာသည်။

"စားဖိုမှူး ကွိုင်တော့တက်ပြီ"

ကြိတ်ထားသော အသားတွေကို ဂျုံနှင့် ရောနယ်နေတုန်း ဧည့်ကြို၏ ရေးကြီးသုတ်ပြာစကားကြောင့် လှည့်ကြည့်လိုက်သည်။

"ဘာလဲ ငါတို့ ရေနဲ့သွန်ချလိုက်မိတဲ့ ပြဿနာလား"

"ဗျာ. . ဟုတ်. . ဟုတ်တယ်၊ မတော်တဆ ဖြစ်တာမဟုတ်လား"





ဧည့်ကြိုအမေးကို အာကာမင်းမောင် လုံးဝ မတုန်လှုပ်ဟန် ဖြင့်. . .

"ခု ဘာဖြစ်လို့လဲ"

"အဲဒီလူ သူဌေးအခန်းထဲမှာ ရောက်နေတယ်၊ အခု သူဌေးက ခေါ်ခိုင်းလိုက်တာ"

ခပ်အေးအေး အမူအယာနှင့်ပင်. . .

"အေး. . ငါ ဒါလေး လက်စသတ်ပြီးရင် လာခဲ့မယ်လို့"

သူဌေးကို ခုလိုပုံစံမျိုး ဆက်ဆံရဲတာ Magic 4 တွင် အာကာမင်းမောင် တစ်ယောက်ထဲ ရှိသည်။

"မြန်မြန်လာနော်၊ သူဌေးပုံစံက ဒေါပွနေတဲ့ပုံပဲ"

သူဌေး ဒေါပွနေပြီဆိုရင် အာကာမင်းမောင်မှလွဲ၍ စားဖိုဆောင်ထဲမှ တပည့်တွေအားလုံး လန့်ကုန်ကြသည်။

"အာစရိ ကွိုင်တော့ရှာပြီဗျာ"

"ဘာမှမပူနဲ့ အဲဒီကောင် မိုးဟိန်းကို ငါ သေချာရှင်းပြလိုက်မယ်၊ မင်းတို့ သိပ်လည်း ရင်တုန်မနေကြနဲ့"

ဂျုံမှုန့်ပေနေသောလက်ကို ဘေစင်တွင် သေချာဆေးကြောသည်။ ခါးမှာ ချည်ထားသော အေပရွန်နှင့် ခေါင်းပေါ်မှ ဦးထုပ်ကို ချွတ်ပြီး စားဖိုဆောင်ထဲမှ ထွက်ခဲ့လိုက်သည်။

သူဌေးဆိုတဲ့ကောင်က အာကာမင်းမောင်၏ ငယ်သူငယ်ချင်းမို့ လုံးဝကို ဂရုစိုက်စရာမလို။



www.burmeseclassic.com

www.burmeseclassic.com



သူဌေး ရုံးခန်းထဲရောက်တော့ ကြွက်စုတ်တစ်ကောင်လို ရေတွေစိုရွှဲနေသော ရာဂကောင်နှင့်သူဌေး ဆိုဖာဆက်တီခုံတွင် ထိုင်နေကြသည်။

အာကာမင်းမောင် အခန်းထဲ ဝင်ဝင်ချင်းပင်. . .

"မင်းတို့ စားဖိုဆောင်ဖက်က သူ့ကို ရေနဲ့လှမ်းပြီးပက်လို့တဲ့၊ ဘယ်သူ ပက်တာလဲ"

"ဟုတ်တယ် ခင်ဗျားတို့ ကျွန်တော့်ကို ရေနဲ့လှမ်းပက်တာခု ကျုပ်အင်္ကျီတွေ့ရောဖုန်းရော ရေစိုကုန်ပြီ၊ အမှိုက်တွေလည်း ပေပွနေတာပဲ၊ ဒီအင်္ကျီဘယ်လောက်တန်လဲ ခင်ဗျားသိလား"

လူရွှယ် မိန်းမဆန်ဆန်ဖြင့် ရန်တွေ့သည်။

"ခင်ဗျား အင်္ကျီနဲ့ဖုန်း ဘယ်လောက်တန်လဲ၊ ခင်ဗျားပဲ သိမှာပေါ့ ကျုပ်က ဘယ်သိပါ့မလဲ၊ ကျုပ်ကလည်း ပန်းခြံပေါ်ကို လှမ်းပက်တာလေ၊ ခင်ဗျား ခြံမှာရှိနေမှန်း ဘယ့်နှယ်သိမတုံး"

"ဟ. . အောက်လေးဘာလေး ကြည့်ပက်ပေါ့ဗျ"





"ကြည့်ပက်တယ်လေ၊ ခင်ဗျားက ခြုံကြားထဲ ရောက်နေတာကိုး ဘယ်လိုမြင်မလဲ၊ ဒါနဲ့နေပါဦး ခင်ဗျားက ဒီခြံထဲကို ဘယ်လို ရောက်နေတာလဲ"

အာကာမင်းမောင် အမေးကြောင့် မျက်စိမျက်နှာ ပျက်သွားကာ ရှုံးတုံးရှန့်တန့် အမူအယာ ဖြစ်သွားပြီး. . .

"ဟ. . ဒီဆိုင်ရဲ့ အနေအထားကို အသေးစိတ် လိုက်လေ့လာတာလေ"

"ဒီဆိုင်ရဲ့ အနေအထားကို လိုက်လေ့လာတာလား၊ အတွဲလိုက်ချောင်းတာလား"

ပြောင်ပင် မေးလိုက်သောကြောင့် လူရွှယ် ဆွေ့ဆွေ့ခုန်သွားသည်။

"ဘာ. . ခင်ဗျားဘာပြောတယ်"

"ကျုပ် ဘာပြောလိုက်တယ်ဆိုတာ မသိရအောင် ခင်ဗျားကနားပင်းနေသလား"

အခြေအနေက တင်းမာလာသည်မို့ ဆိုင်ရှင်မိုးဟိန်း အားတုံ့အားနာဖြစ်ကာ. . .

"အာကာ သူက ငါ့ဘော်ဒါကွ၊ ပြဿနာမဖြစ်အောင် ပြေပြေလည်လည် ပြောလိုက်ပါကွာ၊ သူ့နာမည်က သားရွှေသွေးတဲ့"

မိုးဟိန်း ရန်ဖြစ်မည်စိုး၍ ကြားထဲမှ ဝင်ဖြန်ဖြေကာ သားရွှေသွေးမမြင်အောင် နားထင်ကို လက်ညှိုးဖြင့်ထောက်ကာ လက်ကိုမသိမသာ ခါပြသည်။

"ဩော်. . အဆံချောင်နေတာကိုး"

စိတ်ထဲမှ ရေရွတ်လိုက်ပေမယ့် နှုတ်မှပါ ယောင်၍ ထွက်သွားသည်မို့ ရွှေသွေး ထိုင်ရာမှ ဝုန်းခနဲ ထရပ်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ဘာအဆံချောင်တာလဲ"

"ဟာ. . ခင်ဗျားကို ပြောတာမဟုတ်ဘူး၊ ကျုပ်ဖာသာကျုပ် ရေခဲစိမ်ထားတဲ့ သစ်ကြားသီးတွေ အဆံချောင်နေတာကို သွားသတိရလို့ သူ့ဌေးကို တင်ပြလိုက်တာ"

"ဟုတ်. . ဟုတ်ပါတယ် ရွှေသွေးရ၊ ငါ သူ့ကို ဖုန်းနဲ့ လှမ်းမေးထားတာကြာပြီ၊ အဆံကောင်းလား မကောင်းလား ဆိုတာကိုလေ၊ အဟဲ. . သူတို့လည်း တမင်ရည်ရွယ်ပြီး လုပ်တာမဟုတ်တဲ့အတွက် စိတ်မဆိုးပါနဲ့ကွာ"

မိုးဟိန်းက ကြားထဲကပဲ ခပ်မြန်မြန် ဝင်ပြီးဖြေရှင်းပေးလိုက်သည်။ သူတို့အချင်းချင်း ဖြေရှင်းတာ စောင့်နေလျှင် ပြဿနာက အနားသတ်တော့မည်မဟုတ်။

ဒီတော့မှ ရွှေသွေးဒေါသကို မနည်းမျိုချလိုက်ရပုံဖြင့်

"အင်းလေ. . နောက်တစ်ခါ ခင်ဗျားဝန်ထမ်းတွေကို အလုပ်လုပ်တာ သေချာလုပ်ခိုင်းပါ၊ ကျွန်တော်မို့လို့ပေါ့ ကာစတန်မာတွေသာဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟုတ်ကဲ့ အဲဒီခြံထဲကို ကျွန်တော်တို့ဆိုင်ကို လာအားပေးတဲ့ လူကြီးလူကောင်း ကာစတန်မာတွေ မသွားဘူး၊ ရပ်ကွက်ထဲက အတွဲချောင်းတဲ့ လူတန်းစားတွေလောက်ပဲ လာတာပါ"

ရွှေသွေး မျက်လုံးအစုံပြူးသွားပြီး လက်ညှိုးဖြင့်ထိုးကာ. .

"ခင်ဗျား. . လာပြန်ပြီ၊ ကျွန်တော့်ကို အတွဲချောင်းတဲ့လူလို့ စွပ်စွဲပြန်ပြီလား"

"ကဲ. . ကဲပါ ရွှေသွေးရယ်၊ အထအန ကောက်မနေပါနဲ့တော့၊ ကိုယ်တို့ အလုပ်စကားနဲ့ပဲ ပြောကြရအောင်၊ အာကာ. . မင်းလဲထိုင်ကွာ၊ ငါ နောက်ထပ် ဆိုင်တိုးချဲ့ဖို့အတွက် ရှယ်ယာရှင်တစ်





ယောက်ဖြစ်တဲ့ ရွှေသွေးနဲ့ plan ဆွဲမယ်၊ မင်းပါ အကြံပေးဦး. .၊ တဲ. . ထိုင်"

အလုပ်ရှင်လည်းဖြစ်၊ သူငယ်ချင်းလည်း ဖြစ်သော မိုးဟိန်း စကားကြောင့် ရွှေသွေးဘေးတွင် ဝင်ထိုင်လိုက်သည်။

လုပ်ငန်းရှင် လုပ်မယ့်ရုပ်က စပ်ဖြဲဖြဲ စုတ်ချွန်းချွန်ဖြစ်ပြီး ပြတီတီ ပိန်ပိန်ပါးပါး ဖြူဖြူနွဲ့နွဲ့နှင့် နတ်ကတော်တို့ အလှပြင်ဆရာမ တို့လုပ်လျှင် ပိုပြီးကြည့်ကောင်းလိမ့်မည်။

ရွှေသွေးကိုကြည့်ပြီး အာကာမင်းမောင် စိတ်ထဲမှ ခပ်မဲ့မဲ့ ဝေဖန်လိုက်သည်။

ရွှေသွေးကလည်း မကျေမနပ် ပေစောင်းစောင်းနှင့်ကြည့်၏။

"မျာ. . . အာစရိ၊ စောစောက အာစရိ ရေနဲ့သွန်ချပြီး ပညာပေးလိုက်တဲ့လူက ဒီစားသောက်ဆိုင်မှာ ရှယ်ယာဝင်မယ့်လူ ဟုတ်လား"

တပည့်ကျော်တွေ မျက်ကလူးဆန်ပြာတွေ ဖြစ်ကုန်ကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်တယ်. . ရွှေတောင်ကြားထဲမှာ ဆိုင်ဖွင့်မယ်တဲ့၊ ဒီဆိုင်ထက် ဗျားရှင်းမြှင့်မယ်လို့တော့ ပြောတယ်"

"အဲဒီတော့ ကျွန်တော်တို့ကို အဲဒီဆိုင်ကို ပို့မယ်တဲ့လား"

"မဟုတ်ဘူး၊ ဝန်ထမ်းအသစ် ထပ်ခန့်မယ်၊ သွားရမယ့်သူက ငါပဲ"

"ဟမ်. . အာစရိ သွားရမယ် ဟုတ်လား"

"ဟုတ်တယ် ဆိုင်ဖွင့်ဖွင့်ချင်းမို့ ငါ့ကို အဲဒီဆိုင်သစ် စားဖိုဆောင်မှာ သွားဦးစီးခိုင်းနေတာ"

"ဒီမှာကရော"

စီနီယာ ဆရာသမားနှင့် ခွဲနေရတော့မည်မို့ တပည့်ဂျူနီယာတွေ မျက်နှာကိုယ်စီ ငယ်လျက်. .

"မင်းတို့ကို ငါသင်ပေးလာတာ နှစ်ဆွေးလာပြီလေ၊ ငါ့နေရာကို မင်းတို့ဆက်ခံပေါ့ကွ၊ ဒါ အခွင့်အရေးပဲ၊ မင်းတို့ နှစ်ရှည်လများ ဆည်းပူးထားတဲ့ ပညာရပ်ကို အသုံးချဖို့ အခွင့်အရေးရပြီမဟုတ်လား"

"ဒါ. . ဒါတော့ ဒါပေါ့ အာစရိရာ"

"ဟေ့ကောင်တွေ အကဲပိုမနေကြနဲ့၊ ငါကလည်း အဲဒီအကောင် ရှယ်ယာပါတဲ့ဆိုင်မှာ အကြာကြီးမလုပ်နိုင်ဘူးလို့ မိုးဟိန်းကိုပြောပြီးသား၊ လုပ်ငန်းအတွေ့အကြုံရှိတဲ့ စားဖိုမှူးအသစ်ရောက်တာနဲ့ ဒီဆိုင်ကို ပြန်ကူးလာမှာ စိတ်ချ၊ ခုတော့ ဒီည ဒင်နာအော်ဒါအတွက် မီနူးအသစ်တွေ ထပ်လုပ်ကြရအောင်ဟေ့"

မျက်နှာကိုယ်စီ ညှိုးလျော်သွားကြသောတပည့်တွေကို အလုပ်ဖြင့် အာရုံပြောင်းလိုက်သည်။





အာကာမင်းမောင် စိတ်ထဲတွင် လုပ်ဖော်ကိုင်ဖက်များနှင့်ခွဲပြီး နေရာပြောင်းရမည်မို့ စိတ်ထဲမကောင်းပေမယ့် မျက်နှာမှာမပေါ်အောင် ဟန်ဆောင်နိုင်သည်။

ကိုယ်ကအလုပ်သမားပဲ၊ အလုပ်ရှင် ညွှန်ကြားချက်အတိုင်းလိုက်နာဆောင်ရွက်ရတာ ဆန်းမှမဆန်းတာ။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၃)

**"မယ်**ညို မအိပ်သေးဘူးလားကွာ"

အိပ်ယာထဲတွင် ဖုန်းတစ်လုံးဖြင့် facebook သုံးနေသော မယ်ညိုကို အတူတူအိပ်ရန်စောင့်ရင်းမှ အာကာမင်းမောင် မျက်ကြောစင်းစ ပြုနေသည်။

"အိပ်နှင့်ပါလားမောင်ရယ်၊ ညိုချောမှ မအိပ်ချင်သေးတာ"

"ည တစ်နာရီထိုးတော့မယ်လေ၊ ဒီအချိန်မအိပ်ရင် ဘယ်အချိန်အိပ်မလဲ၊ မိုးလင်းပေါက်ကို facebook သုံးရအောင် ဘယ်လိုအကြောင်းအရာတွေများ ပါနေလို့လဲ"





"လိုင်းပေါ်က fri တွေက ခင်ဖို့ကောင်းတယ်၊ ညိုချောကို ခင်လို့ မက်ဆေ့ချ်တွေပေးပြီး မိတ်ဆက်ကြတယ်၊ အလှပေါင်းစုံက လူတွေနဲ့ ခင်ခွင့်ရတာပေါ့။ ကိုရီးယားမင်းသား လီမင်ဟိုတောင် ပါသေးတယ်"

"ဟုတ်လား. . ဒါဆိုရင် ကိုယ့်ကိုယ်လည်း ညိုချောသူငယ်ချင်း လှလှလေးတွေနဲ့ မိတ်ဆက်ပေးလေ"

နဖူးထင်စပ်မှ ဝဲကျနေသော ဆံစတို့ကို သပ်တင်ပေးရင်း နောက်လိုက်သည်။

"အို. . ဇယားလာမရှုပ်နဲ့၊ ကိုယ့်အကန့်နဲ့ကိုယ်နေပါ၊ ဝါသနာပါရင် ကိုယ့် account နဲ့ကိုယ်သုံး"

"မောင်က ညိုချောလို အိမ်မှာအားနေတဲ့လူ မဟုတ်ဘူး၊ အချိန်ပြည့် အလုပ်နဲ့ နပန်းလုံးနေရတာ"

ထိုစကားကြောင့် အာကာမင်းမောင်ကို မျက်စောင်းလှည့်ထိုးကာ. . .

"မောင်နော် ညိုချောက မောင့်မယား အိမ်ရှင်မလေ၊ အိမ်ရှင်မအလုပ်နဲ့ တစ်နေကုန် ဒေါင်ချာဆိုင်းနေရတာကိုများ"

"ဘာတွေ ဒေါင်ချာဆိုင်းလို့လဲ၊ ဟမ်. . အဝတ်လျှော် မီးပူတိုက် အလုပ်လည်း လူငှားခေါ်လုပ်တယ်၊ ယောကျ်ားက စားသောက်ဆိုင်က စားဖို့မှူးမို့ ညမနက် ထမင်းချက်မကျွေးရဘူး၊ မင်းလောက် အလုပ်ရှင်းပြီး အိမ်လည်လိုက် အတင်းတုတ်လိုက်၊ အွန်လိုင်းပေါ်တက်ပြီး အရည်မရ အဖတ်မရတွေ ရေးပြီးတင်၊ ကိုယ့်မျက်နှာကိုယ်ဓါတ်ပုံရိုက်ပြီး post တွေတင်၊ ပြီးရင် ချက်တင် ထိုင်တယ်၊ ဒါလား မင်းအလုပ်"

ပြောရင်းဖြင့် အာကာမင်းမောင် ဒေါသသံ ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင် ညိုချောကို အိပ်ခါနီး ရန်စနေပြန်ပြီနော်၊ ညိုချော facebook သုံးတာ မနာလိုဖြစ်နေတာလား"

"မနာလိုတာ မဟုတ်ဘူး၊ ဒေါင်ချာစိုင်းအောင် လုပ်နေရတယ်လို့ ပြောပြတာ"

အာကာမင်းမောင်အား ပါးစိပစပ် နိုင်လွန်းသည်ဟူသော အကြည့်ဖြင့် မျက်စောင်းထိုးကြည့်ပြီး တစ်ဖက်ကို လှည့်လိုက်သည်။

ကိုယ့်ကို ကျောပေးအိပ်ပြီး ဖုန်းတစ်လုံးဖြင့် facebook ကြည့်မပျက်သော ညိုချောကိုလည်း မကြည်ကြည့် ပြန်ကြည့်ကာ တစ်ဖက်သို့ လှည့်အိပ်လိုက်သည်။ သူကြင်မှ ကိုယ်ကြင်ပေ့ါ. . .။

အိပ်မပျော်လည်း မျက်လုံးကို ဇွတ်အတင်းမှိတ်ပြီး ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အိပ်ပျော်အောင် ကြိုးစားရတော့မှာပင်။ တကယ်ဆို မယ်ညိုချောအတွက် အာကာမင်းမောင်ဟာ facebook ထဲက သူငယ်ချင်းတွေလောက် အရေးမပါတာ သိဖို့သင့်နေပါပြီ။

ညအိပ်ယာဝင်တိုင်း ခုတင်ထက်မှ ညဥ့်နက်သန်းခေါင်အထိ အွန်လိုင်းပေါ်တက်နေသော ညိုချောကို ငေးကြည့်ပြီး စိတ်ခံစားမှုတွေ အထီးကျန်စွာ အိပ်ပျော်ခဲ့ရတဲ့ ညပေါင်းတွေ နည်းမှမနည်းတော့ပဲလေ။

လောကကြီးက တိုးတက်ခေတ်မှီလာတာနဲ့အမျှ ပေါ်ထွက်လာသော နည်းပညာတွေနောက်ကို တကောက်ကောက်လိုက်ပြီး လမ်းမှန်မရောက်သည့် လူငယ်တွေ ဘယ်နှစ်ယောက်တောင် ရှိနေမည်လဲ မသိ။

အင်တာနက်သည် ယခုခေတ်မှာတော့ မာယာများသော နတ်ပျို့မတစ်ယောက်သဖွယ် အလိုရှိသမျှကို ပေးစွမ်းနိုင်ပြီး သုံးတတ်လျှင် ဗဟုသုတ ကြွယ်ဝသလောက်. . မသုံးတတ်လျှင် အဆိပ်အ





တောက် ဖြစ်နိုင်သည် ဆိုတာကိုတော့ အိမ်ထောင်သည်ဖြစ်သည့် ညိုချော သိလောက်မှာပါလေ။

သက်မမောကို အခါခါချရင်း မျက်လုံးကို စုံမှိတ်ပစ်လိုက်တော့သည်။ တော်ပြီ. . ကိုယ့်ဟာကိုယ်ပဲ အိပ်တော့မည်။

ညအိပ်မီးရောင် ပက်လက်အောက်မှာ တိတ်ဆိတ်ငြိမ်သက်သော ဇနီးမောင်နှံနှစ်ယောက် သာယာကြည်နူးချမ်းမြေ့မှုဆိုတာ မင်္ဂလာဦးညဆီသို့ ဖျာလိပ်ပိုက်ပြီး ပြန်သွားပြီလားပင် မပြောတတ်တော့။

တိုင်ကပ်နာရီမှ တကျောက်ကျောက်အသံသည် တိတ်ဆိတ်ခြင်းကို အဖော်ပြုပေးနေ၏။

"Hi fri ဒီည ကိုယ် လိုင်းပေါ်တက်တာ နောက်ကျသွားတယ်ကွာ"

မက်ဆေ့ခ်ျဘောက်မှ ဝင်လာသောစာကြောင့် မယ်ညိုချော ပြုံးကာ စာပြန်ရိုက်လိုက်ပြီး. . .

"ရှင် မအားဘူးထင်လို့ ခုပဲ လိုင်းပေါ်က ပြန်ဆင်းတော့မ



www.burmeseclassic.com

www.burmeseclassic.com

လို့"

"ဟာ. . မဆင်းပါနဲ့ဦးကွာ၊ ဒီည ကိုယ်တို့ စကားတွေ အများကြီး ပြောကြမယ်၊ မနက်က fri တင်လိုက်တဲ့ မုန့်ဟင်းခါးပွဲကိုမြင်ပြီး ကိုယ်အခု မုန့်ဟင်းခါး အရမ်းစားချင်နေတယ်၊ ဒါကြောင့် ကိုယ် comment ဝင်ထားတာ တွေ့လား"

"အင်း. . တွေ့သားပဲ"

"ကိုယ့်ကို မကျွေးချင်ဘူးလား"

"ကျွေးချင်ပါတယ်. . စားချင်ရင် အိမ်လာခဲ့ပေါ့"

"တကယ်လာခဲ့ရမှာလား"

"တကယ်လာခဲ့"

"နေပါကွာ. . တော်ကြာ ကိုယ်လာစားမှ မယ်ညိုချောကို အိမ်က မိသားစုတွေ မဝမလင် စားနေရပါ့မယ်၊ ဒါနဲ့ မယ်ညိုချော ကျောင်းရောပြီးပြီလား"

"ပြီးပြီလေ မြန်မာစာနဲ့ ကျောင်းပြီးထားတာ"

"အလုပ်ရော ဘာလုပ်လဲ"

"အိမ်မှာလုပ်တယ်"

"အင်းလေ. . ဘာအလုပ်လဲလို့"

"အိမ်မှုကိစ္စပေါ့"

"အိမ်ရှင်မလား"

"မဟုတ်ပါဘူး၊ ဒီအတိုင်း မိဘတွေနဲ့ နေတာ"

"ဟုတ်လား ဒါဆို ညိုချောမှာ ပိုင်ဆိုင်သူ မရှိသေးဘူးပေါ့"

"ယင်ဖိုတောင် မသမ်းသေးပါဘူး"

ထိုစာကြောင်းကိုရိုက်ပြီး send လုပ်လိုက်သည်နှင့် ဘေးတွင် တခေါ်ခေါ် အိပ်နေသော အာကာမင်းမောင်ကို မလုံမလဲ လှည့်ကြည့်





လိုက်သည်။

အိမ်ထောင်ရှိပါသည်ဆိုလျှင် တစ်ယောက်နှင့်တစ်ယောက် စာပို့ရတာ လွတ်လပ်တော့မည် မဟုတ်၍ ပေါ့ပေါ့တန်တန်ပင် လိမ်လိုက်သည်။ ကိုယ်က လိုင်းပေါ်မှာတင်ခင်တာ အပြင်မှာ ပတ်သက်စရာမှ မရှိတာ. . .။

"ကိုယ်ကလည်း ယင်မတောင် မသမ်းရသေးပါဘူးနော်"

"ဟုတ်လို့လား။ ရှင်က ရုပ်ဆိုးလွန်းလို့ ယင်မတောင် မသမ်းတာ နေမှာပေါ့"

"ဟုတ်တယ် ကိုယ်က ရုပ်ဆိုးတယ်၊ ဒါကြောင့် ကိုယ့်ရဲ့ profile မှာ ကိုယ့်ဓါတ်ပုံ မတင်တာပေါ့။ ကိုယ်ရုပ်ဆိုးသလောက် မယ်ညိုချောကတော့ တော်တော်လှတယ်နော်"

"မလှပါဘူး"

"လှပါတယ်ကွာ၊ ခင်ဖို့လည်း ကောင်းတယ်၊ ဒီနေ့တင်ထားတဲ့ ရေချိုးပြီးစပုံလေးဆို ပိုတောင်မိုက်သေးတယ်၊ ပါးပေါ်က သနပ်ခါးရနံ့က ကိုယ့်နှာခေါင်းထဲကို တိုးဝင်လာတယ်လို့ ထင်ရလောက်အောင် ဖမ်းစားနိုင်တယ်"

"ရှင်က သနပ်ခါးနံ့ကိုရသလို ညိုချောကလည်း ရှင်နဲ့ လိုင်းပေါ်မှာဆုံတိုင်း ဘီယာနံ့ရသလိုပဲ"

"ဟာ. . ကိုယ်မှ ဘီယာမသောက်တာ ဘီယာသောက်ရင် အလာဂျစ် ဝင်တတ်လို့ သောက်လေ့သောက်ထမရှိဘူး၊ ယုံပါ. . ကိုယ် တကယ်လူရိုးပါ။ လိုင်းပေါ်မှာဆိုရင် မင်းတစ်ယောက်ထဲကိုပဲ ကိုယ် ခုလို အကြာကြီးစကားပြောတာ"

"ညိုချောလဲ ရှင့်လိုပါပဲ"

သူ သိတာမှတ်လို့. . ။ တကယ်ဆို လိုင်းပေါ်မှာ ညိုချော



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေမှ ထောင်နှင့်ချီပြီး ရှိသည်။

“ဟာ. . တကယ်လား”

“တကယ်ပေါ့”

“ဝမ်းသာလိုက်တာကွာ. . ဝူး”

“ဘာကို ဝမ်းသာတာလဲ”

“ကိုယ့်တစ်ယောက်ထဲနဲ့ စကားတွေပြောလို့ပေါ့”

“သြော်. . ကြောင်တယ်နော်”

“ခုမှ ပထမဆုံး ကြောင်ဖူးတာ”

“ကဲ. . ဒါပဲနော် ညိုချော အိပ်ချင်ပြီ”

“ဟာ. . ညိုချောရယ်၊ မအိပ်ပါနဲ့ဦးကွာ၊ ခဏလေး နေပါဦးလား”

ညဉ့် နှစ်နာရီထိုးနေပြီမို့ လိုင်းပေါ်မှဆင်းရန် နှုတ်ဆက်စာ ရိုက်လိုက်သည့်တိုင် တစ်ဖက်မှ Typing ရိုက်နေသဖြင့် ခဏစောင့် နေလိုက်ပြီး တအောင့်ကြာမှ စာပေါ်လာသည်။

ညိုချော မအိပ်လို့မဖြစ်ကြောင်း စာပြန်ရိုက်လိုက်သည်။

“မနက်စောစောထရမှာ၊ မနိုးရင် အမေရိုက်လိမ့်မယ်”

“ရိုက်ရင် ကိုယ့်ဆီပြေးလာခဲ့ပေါ့. . ၊ ကိုယ်က ညိုချောကို မေမေမရိုက်အောင် ကာကွယ်ပေးမယ်လေ၊ ကိုယ်က တစ်နေ့လုံး အလုပ်တွေအရမ်းလုပ်ပြီး ခုလို ညိုချောနဲ့ လိုင်းပေါ်မှာတွေ့မှ တစ်နေ့လုံး ပင်ပန်းထားသမျှ အမောတွေပြေတာ”

“ရှင်. . တော်တော်အပြောကောင်းတယ်နော်”

“အပြောကောင်းတာ မဟုတ်ဘူးလေ၊ အရေးကောင်းတာ”

“ထားပါတော့”

“ဒီနေ့ ညိုချော ဘာအင်္ကျီလေး ဝတ်ထားလဲ”





“စပန့်ဂါဝန် အဝါရောင်လေး”

“ဝါး. . ညိုချော အသားရောင် ဝါဝါဝင်းဝင်းလေးနဲ့ တော်တော်ကြည့်ကောင်းမှာပဲနော်၊ ခုရော ဘယ်သူရှိလဲ၊ ဘေးမှာ ညိုချော တစ်ယောက်ထဲ အိပ်တာလား”

“အင်းပေါ့. . ရှင်နော်၊ ညိုချောက ဘယ်သူနဲ့ အိပ်ရမှာလဲ”

“ကိုယ်ကတော့ နစ်ကီလေးနဲ့ အိပ်တာ”

“နစ်ကီဆိုတာ”

“ခွေးလေးပေါ့”

“မြင်ဖူးချင်ရင် ဓါတ်ပုံရိုက်ပြီး ပို့ပေးမယ်လေ၊ ကိုယ်က ခွေးတို့ကြောင်တို့ကို အရမ်းချစ်တာ”

“ညိုချောက ကြောင်ကို ပိုချစ်တယ်၊ ဒါကြောင့် ရှင့်လိုပဲ ကြောင်ကလေး လာဗင်ဒါကို အိပ်ယာထဲ အမြဲခေါ်သိပ်တာ”

သြော် ရွှီချက်ကတော့ လန်ထွက်နေသည်၊ ကိုယ့်ယောက်ျား က ကြောင်ကလေး လာဗင်ဒါပင် ဖြစ်လိုက်သေးသည်တဲ့လား၊ တယ် လဲတတ်နိုင်တဲ့ ငါပါလားလို့ ကိုယ့်ကိုယ်ကို ဝေဖန်ရင်း ပြုံးလိုက်သေး သည်။

အာကာမင်းမောင် တရှုံးရှုံးတခေါခေါ အိပ်မောကျနေရာမှ လက်တစ်ဖက်ကယောင်ပြီး မယ်ညိုချောကို လာသိုင်းဖက်သည်။ ညိုချော စာရိုက်နေရင်းမှ အာကာမင်းမောင်ကို တွန်းဖယ်လိုက် သည်။

“ညိုချောရဲ့ လာဗင်ဒါက ဘာအရောင်လေးလဲ၊ ကိုယ့်ရဲ့ နစ်ကီလေးက အဖြူရောင်လေ၊ အဲ. . အထီးလေးနော်၊ ခုမှ လူပို ဖော်ဝင်တာ၊ ဟဲ. . ဟဲ. . သူရိယဆိုတဲ့ ကိုယ့်လိုပေါ့”

“စိတ်မဝင်စားဘူး၊ နိုင်ငံရေးမပါနဲ့ သူရိယရေ”



www.burmeseclassic.com

www.burmeseclassic.com



"လာဗင်ဒါလေးကို ခါတ်ပုံရိုက်ပြီး ပို့ပေးလေ"

"အိုခေ. ."

"အိပ်ချင်ပြီလား"

"အင်းပေါ့. ."

"ဒါဆို အိပ်ပါတော့၊ ကိုယ့်ကြောင့် ညိုချောလေး အိပ်ရေးတွေ ပျက်ပြီး မျက်ကွင်းလေး ကျသွားမှာကို ကိုယ်မလိုလားဘူး"

"ဒါဆို ဘိုင့်ဘိုင်. ."

ညိုချော လိုင်းပေါ်မှဆင်းရန် နှုတ်ဆက်လိုက်သည်။

"ဘိုင့်ဘိုင် ညိုချော မနက်ဖြန် ကိုယ်လိုင်းပေါ်ကို စောစောတက်မယ်၊ စောင့်နေပါနော်"

"အိုခေပါ"

ညိုချော CB ထဲမှ ပြန်ထွက်ခါ အင်တာနက်ကို ပိတ်လိုက်သည်။ နံရံမှ နာရီကို ကြည့်လိုက်တော့ နံနက်သုံးနာရီပင် ထိုးနေပြီ။

ဝါးခနဲ တစ်ချက်သမ်းဝေကာ အိပ်ပျော်အောင် အိပ်လိုက်သည်။

အိပ်မက်ထဲမှာ သူရိယစားဖို့ မုန့်ဟင်းခါးတွေ ချက်နေသည်။








# အခန်း (၄)

"ညိုချော. . ညိုချော"

အတင်းလှုပ်နှိုးနေသော အထိအတွေ့နှင့် ခေါ်သံကြောင့် ညိုချော မှုန်ရီဝေဝါးတစ်ဝါးဖြင့် မျက်လုံးကို အသာဖွင့်ကြည့်လိုက်သည်။

"အင်း. . ဘာလဲကွာ၊ ဒီမှာအိပ်နေတယ် လာမနှိုးနဲ့"

"မင်း အိပ်နေမှန်း ငါသိတယ်၊ ဒါပေမယ့် အချိန်နဲ့အခါနဲ့ အိပ်ရတယ်လေကွာ၊ ငါ အခု အလုပ်သွားရတော့မယ်၊ မနက်ခင်း



www.burmeseclassic.com

www.burmeseclassic.com



စာလဲ ဘာမှမစီစဉ်ထားဘူး၊ ခုပဲ ရှစ်နာရီကျော်နေပြီ"

စိတ်ပျက်လက်ပျက် ညည်းတွားလိုက်သော အာကာမင်းမောင် စကားအဆုံး မယ်ညိုချော ငေါက်ခနဲ ထထိုင်လိုက်သည်။

"ဟင် ရှစ်နာရီကျော်ပြီ ဟုတ်လား"

"ဟိုမှာ နာရီကြည့်ဦး တကယ်ကွာ၊ ညဆို တစ်ညလုံး မအိပ်ပဲ facebook ကြည့်တယ်၊ လိုင်းပေါ်က သူငယ်ချင်းတွေနဲ့ အရည်မရ အဖတ်မရတွေပြောတယ်၊ မနက်မိုးလင်းတော့ နေဖင်ထိုးတာတောင် မထဘူး"

ထုံးစံအတိုင်း ဗျစ်တောက်ဗျစ်တောက် ပြောခံရပြန်ပြီမို့ မယ်ညိုချော အိပ်ယာထက်မှ ခပ်ဆောင့်ဆောင့်ထကာ. . .

"အရေးမကြီးတာကို ဇယားလာခဲ့မနေပါနဲ့ကိုယ်ရယ်၊ ဒီရပ်ကွက်ထဲမှာ မုန့်ဟင်းခါးဆိုင်တွေ ထမင်းကြော်ဆိုင်တွေ ရိုက်သတ်လို့တောင် မကုန်ပါဘူး၊ ဒီအတိုင်း အလုပ်သွားရင်းနဲ့ ဝယ်စားသွားပေါ့"

အပြင်ဆိုင်မှာ မစားမှန်း သိသိကြီးနှင့် ဒီလိုစကားမျိုး ပြောရသလားဟူ၍ ဒေါသထွက်ရပြန်သည်။ ထို့ကြောင့် တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်ပြီး. . .

"ငါ အပြင်ဆိုင်မှာမစားတာ မင်းမသိဘူးလား ညိုချောရာ"

လေသံမာသွားသည်မို့ ညိုချော ဆတ်ခနဲ လှည့်ကြည့်ပြီး မျက်စောင်းရွယ်ကာ. . .

"သိပ်လည်းလေကျယ်မနေနဲ့၊ ရှင်က အပြင်ဆိုင် မစားဘူးဆိုတော့ အခု ရှင်လုပ်နေတာလဲ အပြင်ဆိုင်ပဲ မဟုတ်လား"

မိန်းမပီပီ စကားနာပြန်ထိုးသည်။

"ငါလုပ်တဲ့အပြင်ဆိုင်က ခြင်ယင်မနားတဲ့ ကျမ်းမာရေးနဲ့





ညီတဲ့ အနောက်တိုင်း စားသောက်ဆိုင်ကွ၊ လမ်းဘေးမှာ ခွေးခြေခုံလေးတွေနဲ့ရောင်းနေတဲ့ မုန့်ဆိုင်မျိုးမဟုတ်ဘူး"

မယ်ညိုချော မဲ့လိုက်ပြီး. . .

"ဒါဆိုလည်း ရှင့်ဆိုင်ရောက်မှပဲ ရှင်စားလိုက်ပေါ့၊ အဲဒီမှာ အဆင့်မြင့် အစားအသောက်တွေ ကိုယ်တိုင်လုပ်စားလို့ ရတာပဲ"

ရွဲ့ပြောမှန်း အာကာမင်းမောင် သိသည်။

"အေး. . အေးပါ. . အပြင်မှာ စားမယ်၊ နေ့စာရော ညစာရော၊ အဲ. . ညလယ်စာရော မင်းလို အပျင်းကြီးတဲ့ မိန်းမဆီမှာ မျှော်မစားတော့ဘူး၊ အပြင်မှာ တစ်ခါတည်း ဝယ်စားခဲ့မယ် ဒါပဲ"

ညိုချောစိတ်ကို ဆွသည့်စကားမျိုးကို အနိုင်ပိုင်းကာပြောပြီး ထွက်ခဲ့လိုက်သည်။

"ဘာ. . ဘာပြောတယ်၊ မောင်ပြန်လာခဲ့စမ်း စောစောက ညလယ်စာဆိုတာ ဘာလဲ. . လာရှင်းပြ"

ဆွေ့ဆွေ့ခုန်ပြီးမေးသော ညိုချောအမေးကို အာကာမင်းမောင် လှည့်ပြီးရှင်းပြဖို့မှ မလိုတာ. . .

ညလယ်စာဆိုတာ ကော်ဖီနဲ့မုန့်ကိုပြောတာမို့ ကိုယ့်လိပ်ပြာတော့ ကိုယ်လုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com

"**စား**ဖိုမှူးကြီး ဒီနေ့ ဆိုင်ဖွင့်ပွဲအထိမ်းအမှတ်နဲ့ ညှော်သည်တွေကို မီနူးဘယ်နှစ်မျိုးလောက်နဲ့ ညှော်ခံရင် ကောင်းမလဲ"

"ခင်ဗျားက ဆိုင်ရှင်ပဲ ခင်ဗျားညွှန်ကြားတဲ့အတိုင်း စီစဉ်ပေးပါ့မယ်"

အလုပ်ရှင်ကို ဆရာကြီးလုပ်ပြီး ဘာအကြံဉာဏ်မှ မပေးလို၍ ဝိနည်းလွတ် အကြောင်းပြချက် ပေးလိုက်သည်။

"ခင်ဗျား ဘယ်နိုင်ငံရဲ့ အစားအသောက်ကို ပိုပြီးအားသန်သလဲ"

ရွှေသွေးပုံစံက ယခင်က ကတောက်ကဆ ဖြစ်ခဲ့သည်ကို မေ့ထားပုံရသည်မို့ အာကာမင်းမောင်ကလည်း ဘာအာဃာတမှ ထားမနေတော့. . .

"ပြင်သစ်၊ မလေးရှား၊ အမေရိကန်၊ တရုတ်၊ ကိုရီးယား၊ ဂျပန်ကြိုက်တဲ့ ဟင်းမီနူးကိုပြော၊ ကျွန်တော် အကုန်ချက်တတ်ပါတယ်"





"ဂျပန်အစားအသောက် ဆိုရင်ရော"

သူဌေးဂိုက် အပြည့်ဖမ်းထားသော ရွှေသွေးပုံစံကို ကြည့်ပြီး အာကာမင်းမောင် မရယ်မိအောင် ထိန်းထားရသည်။ ယခုမှ ရှယ်ယာဝင်ကာ သူဌေးနေရာ ဝင်ယူနေပုံက အရှုံးဘုံမြောက် ချီးခြောက်စောက်စားပြီး မမြင်ဖူး မှူးမြစ်ထင်နေသူဟု ပြော၍ပင် ရနိုင်သည့် ယောင့်မကျိုး အပိုးမကျိုးပုံစံမို့ မော့နေသောမျက်နှာကို ငုံ့ဝင်သွားအောင် ဖြတ်ရိုက်လိုက်ချင်စိတ်ပေါက်သွားသည်။

ဆိုက္ကားသမားဘဝမှ ခရိုနီချက်ချင်းဖြစ်သွားသော လူတစ်ယောက်နှယ် မာန်ကအပြည့်၊ အမှန်တော့ သူ့အဘိုးဆီက ရလိုက်သော အမွေတွေကြောင့် နေ့ချင်းညချင်း သူဌေးဖြစ်သွားသည် ဆိုတာကို မိုးဟိန်းပြောပြချက်အရ သိခဲ့ရသည်။

ယခင်က ဟိုယောင်ယောင် ဒီယောင်ယောင် တစ်ရှာ့ကိုးတစ်ရှာ့တစ်ဆယ်ဘဝဖြင့် မိဘထမင်းကြမ်းခဲကို ကပ်စားခဲ့သူ။

"အင်း. . ဂျပန်အစားအသောက်က စားတတ်တဲ့သူဆိုရင် မဆိုးပါဘူး"

"ဟာ. . လူတိုင်း စားတတ်တယ်လေ၊ မစားတတ်တဲ့လူ ရှိလို့လား၊ ကျွန်တော်ဖိတ်မယ့် ညှော်သည်တွေက သုံးလေးလသား မဝါးတတ် မစားတတ်တဲ့ သွားမပေါက်သေးတဲ့ ကလေးအရွယ် မပါဘူး"

ဝေးရန်ကောဟု တွေးပြီး. . .

"ကျွန်တော်ပြောတာ သားစိမ်းငါးစိမ်းတွေ သိပ်အနံ့မခံနိုင်တဲ့ သူဆိုရင် ဂျပန်အစားအစာနဲ့ ညှော်ခံရင် အလဟဿ ဖြစ်သွားမှာစိုးလို့ပါ"

"ဩော်. . ဟုတ်. . ဟုတ်လား၊ အဲဒါဆိုရင် ဘယ်နိုင်ငံ အစားအသောက်က ပိုပြီးကောင်းမလဲ၊ ပြင်သစ်စာလောက်ဆိုရင်ရော"



www.burmeseclassic.com

www.burmeseclassic.com



"ကိုရီးယားနိုင်ငံ အစားအသောက်ကို မြန်မာတွေ ပိုပြီးစိတ်ဝင်စားကြတယ်"

"ဩော်. . အင်း ဟုတ်တယ်၊ ဆူရှီတို့ တော့ဟိုကီတို့ ရေညှိထမင်းလိပ်တို့၊ အဲ. . ကင်ချီတို့ကို ပြောတာလား"

"အဲဒီအစားအသောက်တွေလည်း ပါတာပေါ့"

"အင်း. . ဆိုးတော့မဆိုးပါဘူး၊ ကဲပါ ခင်ဗျား လက်ဝင်ပါတယ်၊ ဒီတော့ မြန်မာမုန့်ဟင်းခါးလောက်ပဲ လုပ်လိုက်ပါတော့"

အဖျားရှူးသွားသော သူဌေးရွှေသွေးစကားကြောင့် အကြီးကြီး ချက်ရတော့မည်ဟုမှန်းထားသော စိတ်ကူးစိတ်သန်းတွေ ဂိန်ခနဲတောင် အော်ပစ်ချင်စိတ် ပေါက်သွားသည်။

"အဲဒါများ အစောကြီးကတည်းက မုန့်ဟင်းခါးချက်လို့ ပြောလိုက်ပါလား၊ ဘာလို့ အကြီးကြီးတွေ ပြောနေသေးလဲ"

ပြောအပြီး စားဖိုဆောင်ထဲမှ ထွက်သွားသော ရွှေသွေးကို ခပ်မဲ့မဲ့ကြည့်ပြီး အာကာမင်းမောင် ခပ်ချဉ်ချဉ် ပြောလိုက်သည်။

စားဖိုဆောင်မှာ အကူခန့်ထားသော ဝန်ထမ်းကောင်လေးနှင့် ကောင်မလေးထံမှ ခိခနဲ ရယ်သံထွက်လာသည်။

"ဟွန်း. . . စားသောက်ဆိုင်ဖွင့်ပွဲကို အသုဘရက်လည်လို့ မုန့်ဟင်းခါးကျွေးဦးမယ်တဲ့ အံ့သြချက်"

"ဆရာ. . ရေခဲသေတ္တာထဲက ငါးထုတ်ပြီး စပါးလင်နဲ့ ပြုတ်လိုက်ရမလား"

တပည့်လက်သစ်မကလေးကလည်း အရိပ်သုံးပါးနားမလည် လက်စွမ်းပြမယ်ဆိုတာချည်းပင်။

"မပြုတ်နဲ့လေ အသုဘဆိုင်တွေ အော်ဒါမှာသလို ခင်ထွေးရီ မုန့်ဟင်းခါးပဲ လူတစ်ရာစာ မှာပေးလိုက်တော့မယ်"





"ဟုတ်ကဲ့ ဒါဆိုရင် ဝါနု ဖုန်းလေးနဲ့ လှမ်းမှာလိုက်တော့မယ်၊ ခင်ထွေးရီက ဝါနုရဲ့အဒေါ်လေ"

"ဩော်. . တိုက်ပဲတိုက်ဆိုင်နိုင်လွန်းတယ်နော်၊ ဒီသူဌေး လက်သစ်နဲ့ ဒီဝန်ထမ်းသစ်တွေနဲ့တော့ ဟုတ်နေပါပြီ"

အာကာမင်းမောင် ခပ်တိုးတိုး ညည်းတွားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၅)

"**အန်**တီခင်ရေ"

"ဟော. . ညီချော ဘာကိစ္စရှိလို့လဲ သမီး"

"အန်တီခင် ကြောင်ဖြူလေးကို အိမ်လည်ခေါ်သွားချင်လို့"

"ဟော. . ဘာလဲ၊ မဟုတ်မှလွဲရော ကြွက်တွေသောင်းကျန်း ပြန်ပြီ ထင်တယ်"

"မဟုတ်ဘူး၊ ကြောင်ဖြူလေးနဲ့ ဓါတ်ပုံတွဲရိုက်ချင်လို့"

အန်တီခင် မျက်လုံးပြူးသွားကာ. . .

"ဘုရားရေ ကြောင်ဖြူလေးနဲ့ ဓါတ်ပုံတွဲရိုက်မလို့ ဟုတ်လား





အံ့ဩပါရဲ့"

"မအံ့ဩပါနဲ့ အန်တီခင်ရယ်၊ အခု facebook ပေါ်မှာ ယုန်လေးတွေ ကြောင်လေးတွေ ခွေးလေးတွေကို သူတို့ရဲ့ အချစ်တော်လေးတွေဆိုပြီး ဓါတ်ပုံတွေရိုက်ပြီး တင်ကြတယ်လေ၊ အဲဒါ ညီချောလည်း ချစ်စရာကောင်းတဲ့ ကြောင်ဖြူလေးကို ပွေ့ပြီး ဓါတ်ပုံရိုက်မယ်၊ ပြီးရင် facebook ပေါ်တင်မလို့"

"ဩော်. . အေး ဒီခေတ်လူငယ်တွေရဲ့စိတ်ကို အန်တီခင်တော့ ဘယ်လိုနားလည်ရမှန်းတောင် မသိတော့ပါဘူးအေ၊ အိမ်ကညည်းညီမလည်း တစ်နေ့တစ်နေ့ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေလိမ်းပြီး ဓါတ်ပုံတွေ အမျိုးမျိုးရိုက်ပြီးရင် ဖေ့အဖုတ်ဆိုလား၊ အွန်လိုင်းဆိုလား မသိပါဘူးကွယ်၊ အဲဒီကို တင်တင်နေတာ"

"အဖေ့ဖုတ် မဟုတ်ပါဘူး၊ ဖေ့စ်ဘုတ်ပါ အန်တီခင်ရဲ့"

"အေး. . . ငါလည်း ခေါ်တတ်ပါဘူးကွယ်၊ ဟိုတစ်နေ့ကလည်း ကောင်လေးတစ်ယောက် ဖေ့စ်ဘုတ်သုံးပြီး ကားလမ်းကူးလိုက်တာ ကားတိုက်လို့ ခေါင်းတစ်လုံးကြေသွားတာ မြင်ရက်စရာမရှိပါဘူးအေ၊ သမီးတို့လည်း လမ်းသွားရင်း မသုံးကြနဲ့"

"ညီချောတို့က လမ်းပေါ်မှာ မသုံးပါဘူး၊ အိမ်ထဲမှာ သုံးတာပါ အန်တီခင်ရယ်"

"အေးပါအေ. . အေးပါ၊ ကဲ ဟောဟိုမှာ လယ်ယာပြန်စားရေးမိဖြူ ပြန်လာပါပြီတော်"

"ညောင်. . ညောင်"

ဘေးအိမ်၏ ခေါင်မိုးပေါ်မှ ခုန်ဆင်းလာသော ကြောင်ဖြူလေးမှာ အန်တီခင်နှင့် ညီချောကိုကြည့်ပြီး တညောင်ညောင်နှင့် အော်၏။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ သူဗိုက်ဆာနေလို့"

"ဗိုက်ဆာရင် အိမ်မှာကျွေးမယ်နော်"

ညိုချော အနားရောက်လာသော ကြောင်ဖြူလေးကို တယုတယ ပွေ့ချီလိုက်သည်။ အိမ်ရောက်လျှင် အနီရောင်ဖဲပြားလေးကို လည်ပင်းမှာ ချည်ပေးပြီး စတိုင်လ်အမျိုးမျိုးနှင့် ဓါတ်ပုံရိုက်မည်။

သူ့အတွက် မွေ့ယာလေးလုပ်ပြီး လာဗင်ဒါလေး၏ နွေးထွေးသော အိပ်ယာဟု status ရေးပြီး တင်မည်။

ရိုမန့်ဆန်သော စိတ်ကူးကောင်းလေးဟု သဘောတကျ တွေးပြီး ကြောင်ကိုပိုက်ပြီး အိမ်ဘက်သို့ ကူးခဲ့လိုက်သည်။

❧ ❧ ❧

**တ**နင်္ဂနွေ... သောက်ဆိုင်ဖွင့်ပွဲမှ ဒီနေ့ အိမ်ကိုစောစောပြန်ခွင့်ရလိုက်သည်။ အပြန် ဘယ်ကိုမှမဝင်ပဲ အိမ်ကိုပဲ တန်းပြန်ခဲ့လိုက်သည်။

ဒီညတော့ ညိုချောနှင့်အတူ ထမင်းအတူ စားမည်ဟု ကြိုဖုန်းဆက်ထားသဖြင့် ညိုချောတစ်ယောက် ဖွယ်ဖွယ်ရာရာ ချက်ထားမည်ဟု မင်္ဂလာရှိသောအဖြေကို ပြန်ပေး၍ စိတ်လက်ကြည်သာစွာ





ဖြင့် အိမ်ပေါ်ကိုတက်ခဲ့သည်။

"ဟာ. . ဘာတွေလဲဟ ရှုပ်ပွနေတာပဲ"

အိမ်ရှေ့ခန်းကို စဝင်လိုက်သည်နှင့် မွေးပွအရုပ်တွေ၊ ကလေးအိပ်သည့်မွေ့ယာနှင့် ကြိမ်ခြင်းအကြီးကြီးက ဟိုတစ်ခု ဒီတစ်ခု စတီးဇလုံထဲတွင် ထမင်းနှင့် ကြွတ်ကြော်ဟု ယူဆ၍ရသော ဟင်းအသားစတွေက ဇလုံလေးထဲမှာရော ကြမ်းပြင်မှာပါ ပွထ၍နေသည်။

ဒီမိန်းမ ဘာတွေလုပ်ထားတာလဲ၊ ကလေးမဟုတ် သူငယ်မဟုတ်၊ ကလေးမွေ့ယာပေါ် တက်အိပ်ပြီး အရုပ်တွေနဲ့ ဆော့ထားသလားပေါ့။

ပြန့်ကျဲနေသော ထမင်းဇလုံကို သိမ်းပြီး ထမင်းစားခန်းထဲသို့ ဝင်ခဲ့လိုက်သည်။

"ဟာ. . ဟဲ့. . ဟဲ့ကြောင်. . သွား. . ရှူး. . ရှူး"

ထမင်းစားပွဲပေါ်ရှိ ဟင်းတွေကို စိမ်ပြေနပြေ ထိုင်စားနေသော ကြောင်တစ်ကောင်ကြောင့် အာကာမင်းမောင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

စားပွဲပေါ်ရှိ ဟင်းတွေမှာ ကြောင်စားထားသဖြင့် ပေကျံမွထကာ ကုန်သလောက်တောင် ရှိနေပြီ။ ဒေါသက တနုံ့နုံ့ထွက်လာကာ ကြောင်၏လည်ကုတ်ကို ဆောင့်ဆွဲပြီး ရေခဲသေတ္တာထောင့်ကို ပစ်လိုက်သည်။

"ဒုန်း. ."

"ခွီး. . ညောင်. . ညောင်"

"မှတ်ထား. . သူများအိမ်ထဲကဟင်းကို လာခိုးစားချင်သေး၊ ကြောင်ရုပ်ကြည့်တော့ လည်ပတ်နဲ့ဘာနဲ့ စတိုင်မလိုင်အပြည့်နဲ့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ကြောင်သူခိုး၊ ဘယ်က ပေါက်လွှတ်ပဲစားကြောင်မှန်း မသိ”

ခြေထောက်တစ်ဖက် ယောင့်နင်းယောင့်နင်းဖြင့် နာသွားသော ကြောင်မှာ အိမ်ရှေ့ခန်းကို လှစ်ခနဲ ပြေးထွက်သွားသည်။

အာကာမင်းမောင် တစ်ယောက်ထဲ မကျေမနပ်ပြောပြီး ကျန်ခဲ့သည်။ ညိုချော ထိုကြောင်ကလေးကို ပိုက်ပြီး ထမင်းစားခန်းထဲ ဝင်လာသည်။

“မောင်. . ကြောင်လေးကို ဘယ်လိုလုပ်တာလဲ”

“ကိုင်ပေါက်လိုက်တာလေ၊ အဲဒါ ဘယ်ကကြောင်လဲ၊ ဟိုမှာ ကြည့်စမ်း စားပွဲပေါ်မှာ ဘာမှမရှိတော့ဘူး”

ထမင်းစားပွဲပေါ်ကို ဒေါသတကြီး မေးဆတ်ကာ ပြောလိုက်သည်။

“သြော်. . အဲဒါ ညိုချောပေ့ါလျော့တာ မောင်ရဲ့၊ ထမင်းပွဲပြင်ပြီး ထမင်းအုပ်ဆောင်းအုပ်ဖို့ မေ့သွားတာ၊ ကြောင်က ဘာအပြစ်ရှိမှာလည်းကွယ်၊ ဆောရီးနော်. . လာဗင်ဒါ၊ မမ မင်းကို အိမ်လည်ခေါ်ပြီး ညှဉ်းပန်းနှိပ်စက်သလို ဖြစ်သွားတယ်ကွယ်၊ တောင်းပန်ပါတယ်”

ကြောက်အားလန့်အားဖြစ်နေသော ကြောင်ကလေးကို ပွတ်သပ်တောင်းပန်နေသော ညိုချောကိုကြည့်ပြီး အာကာမင်းမောင် အမြင်ကတ်၍လာသည်။

“ဘာ . . အိမ်လည်ခေါ်တယ် ဟုတ်လား”

“ဟုတ်တယ်မောင်ရဲ့. . ၊ သူ့ကိုဓါတ်ပုံရိုက်ပြီး ညိုချောရဲ့ ကြောင်လေးအဖြစ် facebook ပေါ် တင်မလို့”

တော်တော်အချိန်အားနေသလားဟု ပိုးစိုးပက်စက် ပြောပစ်ချင်လောက်အောင်ကို ညိုချောအလုပ်က အဓိပ္ပါယ်လုံးဝမရှိ။





“မင်းကွာ တော်တော်အားနေတယ် ဟုတ်လား၊ ဒီမှာကြည့်စမ်း ညစာဝတ်ပြီ၊ မင်း အဲဒီကြောင်ကို ဒေါသဖြစ်သင့်တယ်လေ”

“အို. . တိရိစ္ဆာန်ပဲ ဘာနားလည်မှာလဲ၊ မောင်နော် အလုပ်ကပြန်လာတာနဲ့ အိမ်ကမိန်းမကို အပြစ်မရှိ အပြစ်ရှာတော့တာပဲ၊ သူ့ကို အိမ်လည်ခေါ်ဖို့ အန်တီခင်ဆီကနေ မနည်းခွင့်တောင်းလာခဲ့ရတာ”

သူ့အပြစ်ကိုသူ တစ်စက်ကလေးမှ မမြင်ပဲ ကိုယ့်အပေါ် အပြစ်ပြန်တင်နေသော မိန်းမဟု ဘုကြည့်ကြည့်သည်။

“နေစမ်းပါဦး မင်းက ဒီကြောင်ကို ဖေ့စ်ဘုတ်ပေါ်တင်ပြီး ဘာလုပ်မလို့လဲ၊ ငွေဘယ်လောက်ရလို့ ဒီလို အရည်မရ အဖတ်မရတွေ လုပ်နေရတာလဲဟမ်၊ တစ်နေ့နေ့ အဓိပ္ပါယ်မရှိတာတွေပဲ လုပ်နေတယ်”

“အို. . ကိုယ်ဝါသနာပါတဲ့အလုပ် ကိုယ်လုပ်တာ အဓိပ္ပါယ်ရှိဖို့ ငွေရဖို့ လိုလို့လား၊ ရှင်သာ ညိုချောကိုဆို အမြဲတမ်း အပြစ်မြင်နေတာ”

ပြောရင်း မျက်ရည်ကထွက်လာသည်။

“ဟွန်း. . မင်းတို့မိန်းမတွေ ပြောလိုက်ရင် မျက်ရည်လေး စမ်းစမ်း စမ်းစမ်းနဲ့ ငိုမယ်၊ စိတ်ကောက်မယ် ဒါပဲ၊ ခု ငါအပြင်ကနေ ဘာမှမစားလာဘူး၊ ညနေစာကို မိန်းမနဲ့အတူ စားမယ်ဆိုတဲ့ စိတ်ကူးကို ဒီကြောင်စုတ်ကြောင်နာကြောင်ပဲ့က စုတ်ပြတ်သပ်အောင် ဖျက်ဆီးလိုက်ပြီ၊ တစ်ရက်တစ်လေ အိမ်ကိုစောစောပြန်လာမိတာကိုက ငါ့အမှား၊ တော်ပြီ မစားတော့ဘူး၊ အပြင်မှာ သွားစားမယ်၊ အရက်မူးအောင် သောက်ပြီးမှ ပြန်လာတော့မယ်”

ဒေါသဖြင့် ပြောမိပြောရာကိုပြောပြီး လည်သာ[illegible]ကိုဆံအိတ်



www.burmeseclassic.com

www.burmeseclassic.com



ခါးကြားထိုးကာ အိမ်ပေါ်မှ ပြန်ဆင်းလာခဲ့လိုက်သည်။

လမ်းမပေါ်ရောက်တော့ ဘယ်ကိုသွားရမှန်းမသိ. . အရက်ဆိုင်ကိုလား၊ ထမင်းဆိုင်ကိုလား။

ခုလောလောဆယ်တော့ မတွေ့တာကြာပြီဖြစ်သော ဘော်ဒါတွေကို အရင်သွားတွေ့ဖို့ စိတ်ကူးပေါ်သွားသည်။

❀ ❀ ❀

“**ဟာ**. . စားဖိုမှူးကြီး မတွေ့တာတောင် အတော်ကြာပြီ၊ ကြည့်စမ်းပါဦး၊ အနောက်တိုင်း စားသောက်ဆိုင်က စားကြွင်းစားကျန်တွေစားပြီး ပြည့်ဖြိုးဆူဝလာပါလား”

ကျောင်းတုန်းကတည်းက သူငယ်ချင်းတွေမို့ ပြောမနာဆိုမနာ ဘယ်လောက်ပဲ နစ်နာအောင်ပြောပြော အပြုံးမပျက်ကြ။

“အေး. . မင်းလည်း မတွေ့တာကြာလို့ တော်တော်အိုစာသွားပါလား၊ ပိန်မည်း လှီခြောက်နေတာပဲ၊ HIV ပိုးလေးဘာလေး စစ်ကြည့်ဦး”





“အယ်. . လခြီးမှပဲ၊ ငါ့မိန်းမ အိမ်စားရိတ်ပေးဖို့တောင် ပြူးပြဲနေတာ HIV ရောဂါဖြစ်ရလောက်အောင် ငါ ငွေမရှိသေးဘူးကွ၊ ဒါနဲ့ မင်း မလာစဖူး အလာထူးပါလား”

“ဘာလဲ. . မလာရဘူးလား”

ရယ်ကျဲကျဲဖြင့်မေးကာ အိမ်လေးပေါ်တက်လိုက်ပြီး ရေနွေးကြမ်းအိုးနှင့် ဇိမ်ကျနေသော ကျော်ထူးဘေးမှာ ဝင်ထိုင်လိုက်သည်။ မိသားစုများ၍ အနေစုတ်ပေမယ့် အိမ်ခန်းလေးသည် သန့်ရှင်းသပ်ရပ်၍ နေသည်။ စောစောက အိမ်မှာမြင်ခဲ့ရသော ရှုပ်ပွနေသည့်မြင်ကွင်းထက်စာလျှင် ကျော်ထူး၏ အိမ်ခန်းကျဉ်းကျဉ်းလေးက သပ်သပ်ရပ်ရပ်ဖြင့် ကြည့်ရတာ မျက်စိအေး၏။

“မနွဲ့ရော ဘယ်သွားလဲ. . မရှိဘူးလား”

“ရှိတယ် ညစာစားဖို့ မီးဖိုခန်းထဲမှာ ပြင်ဆင်နေတယ်၊ မင်းလာတာနဲ့ အတော်ပဲ ငါတို့နဲ့အတူ ညစာစားသွား”

ကျော်ထူးမိန်းမ မနွဲ့ အိမ်ရှေ့ခန်းကို ထွက်လာသည်။

“ကိုအာ့ကာ ရောက်နေတာပဲ၊ မတွေ့တာတောင် အတော်ကြာပြီနော်”

“ဟုတ်တယ်မနွဲ့ရယ်၊ ကျွန်တော်လည်း စားဖိုမှူး စလုပ်ကတည်းက နားရတယ်ကို မရှိဘူး၊ ဒါကြောင့် ဘယ်သူငယ်ချင်းအိမ်မှကို မရောက်ဖြစ်ဘူး”

“ဒါပေမယ့် သဘောတက်တုန်းကထက် စာရင်တော့ မင်းရဲ့မိန်းမနားမှာ နေရတယ်မဟုတ်လား”

ကျော်ထူးစကားကြောင့် အာကာမင်းမောင် ခပ်မဲ့မဲ့ရယ်လိုက်ပြီး. . .

“ငါ့မိန်းမစိတ်က ငါ့နားမှာ မရှိဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com

ရင်ဖွင့်စကားက ကိုယ့်အတွက်ဖြစ်ပေမယ့် နားထောင်ရသူ အဖို့ အထူးအဆန်း ဖြစ်သွားနိုင်သည်။

"ဘာဖြစ်လို့လဲ မင်းမိန်းမ ညိုချောရဲ့စိတ်က တခြားကောင်ဆီ ရောက်နေလို့လား"

"အဲလိုရောက်နေတာကမှ ဒေါသတွေသုံးပြီး အဆုံးစွန်ထိ ပေါက်ကွဲပစ်လိုက်လို့ ရတယ်၊ ခုဟာကကွာ"

ပြောပြ၍ရလျှင်တောင် အဓိပ္ပါယ်မဲ့ကာ ကိုယ်ကပင်သဘောထားသေးသိမ်တဲ့သူ ဖြစ်ရဦးမည်။

"ခုဟာက ဘာဖြစ်လို့လဲ"

မန္တ့က သိချင်စိတ်ဖြင့် ထပ်မေးသည်။

"အင်တာနက်သုံးလို့"

"ဩော် . . မင်းမိန်းမဝါသနာက တစ်မျိုးပါလား၊ ခွင့်လွှတ်ပေးလိုက်ပါကွာ အင်တာနက်သုံးတာ ခေတ်မှီပါတယ်ကွ၊ ဟွန်း . . ငါတို့မိန်းမ မန္တ့ကျတော့လည်း အင်တာနက် သုံးတတ်ဖို့နေနေသာ ဖုန်းတောင်ကောင်းကောင်းမကိုင်တတ်ဘူး၊ အဲလောက်ထိတုံးတာ. . ."

ညိုချောကိုလည်း မန္တ့လိုပဲ တုံးစေချင်သွားသည်။

"အို . . မတုံးပါဘူးနော်၊ မန္တ့လည်း အင်တာနက်သုံးတတ်အောင် သင်ဦးမှာပါ၊ ဒါကြောင့် ညီမတစ်ယောက်ကို facebook account ဖွင့်ခိုင်းမှာ၊ ကဲ . . ကိုအာကာ ထမင်းသာ တစ်ခါတည်းစား သွားတော့"

အားကျမခံပြောရင်း အာကာ့ကို တစ်လက်စတည်း ထမင်းစားခေါ်လိုက်သည်။

"ဘာချက်လဲ"





အပြင်မှာစားမည့် အစီအစဉ်ကိုဖျက်ကာ ကျော်ထူး အိမ်မှာပဲစားလိုက်ဖို့ စိတ်ကူးရသွားသည်။ အိမ်ထမင်းအိမ်ဟင်း မစားရတာကြာပြီမို့ ဟင်းချက်ကောင်းသော မန္တ့လက်ရာကို ငြင်းမနေတော့။

"ငါ ငပိချက်ကလေးနဲ့ အရွက်ပြုတ် တို့စရာအစုံ လုပ်ထားတယ်၊ ဒန့်ဒလွန်ရွက်ဟင်းချိုလေးနဲ့ ငါးဘဲဖြူအိုးကပ်ကလေးပါပါတယ်၊ အရည်သောက်က ဘူးသီးကြော်ချက်"

ရွက်ပြုရုံနဲ့တင် ငါးငပိချက်က နှာခေါင်းထဲ တိုးဝင်လာသလိုစိတ်ထဲမှာ ခံစားလိုက်ရသည်။ ငါးဘဲဖြူ အိုးကပ်ဆိုတာ ချက်စားဖို့ဘယ်ဆီနေမှန်းပင် မသိ။

ညိုချောက ဤမျှလက်ဝင်သည့် ဟင်းမျိုးဆို ဝေးဝေးရှောင်သည်။ ဘယ်တော့မှ ချက်လေ့ချက်ထမရှိ ဟင်းမျိုးစုံကိုလည်း မချက်တတ်၊ ဖွယ်ဖွယ်ရာရာ မစီမံတတ်။

မယ်ညိုချော အချက်များတာက . . ကြက်သားပြုတ်ကျော်ကြက်အူချောင်း၊ ငါးကြော်၊ ဆိတ်သား . . ဒီလေးမျိုးက အိမ်မှာ ရာသက်ပန် အလှည့်ကျကန်ထရိုက် ယူထားပြီးသား၊ အရည်သောက်ဆိုတာ ဝေလာဝေးပဲ၊ ဗိုက်ထဲမှ ဂွီခနဲ အော်သံအဆုံး . . .

"စားမယ်ဟာ အားနာပြီး ငြင်းမလို့ဟာကို မန္တ့ ရွက်ပြနေတာနဲ့တင် ဗိုက်က ဆာလာပြီ"

"အေး . . စားပါကွ၊ မင်းနဲ့ငါ ထမင်းလက်ဆုံမစားရတာ ဆယ်စုနှစ်တစ်ခုလောက် ရှိပြီထင်တယ်ကွ"

"အေးလေ . . ရှိလောက်ပြီပေါ့၊ ငါ့အိမ်ထောင်သက်တမ်းတောင် ဆယ်နှစ်ပြည့်ပြီပဲ"

"ကဲ . . နွံ့ရေ၊ ထမင်းပွဲကို ဒီအိမ်ရှေ့မှာပဲ ပြင်လိုက်တော့ကွာ၊ ရှိသမျှဟင်း အကုန်ချ၊ ငါ့သူငယ်ချင်း ဝေါ်ကြောဆိုက်လာပုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



ကွ၊ ဒီမှာဟတ်ဟတ်ထိုးနေပြီ”

ကျော်ထူး သူ့စကားသူ သဘောကျပြီး တဟားဟား အော်ရယ်တော့သည်။

“ရှင်ကလည်း စားမယ့်သူ ရှက်သွားအောင်လို့ မနောက်စမ်းပါနဲ့”

မန္တဲ့ အားနာစွာ ဝင်ဟန့်သည်။

“မရှက်ဘူး. . ၊ ကျွန်တော် ရှက်ကြောတွေပြတ်နေတာ ဒီကောင်နဲ့ သူငယ်ချင်းစဖြစ်တဲ့ လွန်ခဲ့တဲ့ အနှစ်အစိတ်လောက်ကတည်းက”

ပြောမနာဆိုမနာမို့ အာကာမင်းမောင်ကလည်း ခပ်ပြောင်ပြောင်ပင်။

ထိုနေ့က ထမင်းစား အလွန်မြိန်ပြီး ဗိုက်ကားအောင် စားလိုက်၍ ကျော်ထူးက တွဲထူရသည့်အဖြစ်။

မယ်ညိုချောသိလျှင် ဇော်ကြီးကျလိုက်တာဟုပင် ပြောဦးမှာသေချာသည်။








# အခန်း (၆)

“**အစ်**ကို. . အစ်ကို. . ”

ညအမှောင်ရိပ်အောက်မှာ လမ်းလျှောက်ပြီး အိမ်ပြန်နေသော အာကာမင်းမောင်. . အစ်ကိုဟုခေါ်လိုက်သော မိန်းကလေးတစ်ယောက်၏ အသံကြောင့် လှည့်ကြည့်လိုက်သည်။

ကိုယ့်ကို ခေါ်တာလား၊ ဘယ်သူ့ကို ခေါ်တာလဲပေါ့။

မိန်းကလေးတစ်ယောက် ခရီးဆောင်လက်ဆွဲအိတ်ကလေးနှင့် အာကာမင်းမောင်နားသို့ ခပ်သွက်သွက် လျှောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကိုခေါ်တာ ကျိန်းသေသွားပြီမို့ . .

"ငါ့ကို ခေါ်တာလား"

ကိုယ့်ထက် ငယ်မည့်ပုံမို့ ကျွန်တော်တွေ ကိုယ်တွေ နာမ်စားသုံးမနေတော့၊ လမ်းဘေးခါတ်မီးတိုင် မှိန်မှိန်အောက်မှာ ကောင်မလေး၏ မျက်နှာပေါ်က သောကအချို့ကို တွေ့ရ၏။

"ဟုတ်တယ်ဒခစ်ကို မြတ်နိုး လိပ်စာလေးမေးချင်လို့ပါ"

"ဪ . . မေးလေ"

"ကိုကျော်ထူးတို့ နေတဲ့အိမ်များ သိသလားလို့ပါ"

ကျော်ထူးအိမ်က ထမင်းစားပြီးပြန်လာတဲ့သူနှင့် ကျော်ထူးအိမ် လိုက်ရှာနေသူကို ကံကြမ္မာက တွေ့ပဲတွေ့ပေးနိုင်လွန်းသည်။

"ကျော်ထူးဆိုတာ အရပ်ပိန်ရှည်ရှည်နဲ့ သူ့မိန်းမက နွဲ့နွဲ့စိန်လေ"

"ဟုတ် . . ဟုတ်တယ် အစ်ကို၊ မြတ်နိုးက ကိုကျော်ထူးရဲ့ ခယ်မပေါ့"

"ဪ . ."

"သိလား . . အစ်ကို"

"အင်း . . သိတာပေါ့ အဲဒီ အကျင့်မကောင်းတဲ့ကောင်ကို၊ ခုပဲ သူ့အိမ်မှာ ထမင်းစားပြီး ပြန်လာတာ"

မြတ်နိုး ပြုံးသွားသည်။

"အဟင်း . . ဒါဆိုရင် အစ်ကိုကတော့ အကျင့်ကောင်းတဲ့သူပေါ့"

အတည်ပေါက်နှင့် ပြန်နောက်နေသော မြတ်နိုးကို တဟဲဟဲနှင့်ရယ်ပြီး . . .

"ငါလည်း တူတူပါပဲဟာ၊ ကဲ . . လာ ငါလိုက်ပို့ပေးမယ်၊





အင်း . . သူ့ဆီက တစ်ဖြုန့်စ်ဖြု စားလာတာတွေ မြန်မြန်အစာကြေလွယ်တော့မှာပဲ"

"ဒါဆိုလည်း မမနဲ့ ကိုကျော်ထူးဆီရောက်ရင် ထပ်စားလိုက်ပေါ့"

"ငါ စားခဲ့တာ ထမင်းကုန်ပြီကွ"

"ဟွန်း . . . အစားပုတ်လိုက်တာ"

တစ်ခဏချင်းမှာပင် နှစ်ယောက်သား ရင်းနှီး၍သွားကာ၊ ကူညီတတ်သော အာကာမင်းမောင် မြတ်နိုးဆိုသော ကောင်မလေးကို ကျော်ထူးအိမ်သို့ လိုက်ပို့ဖို့အတွက် နောက်တစ်ကြိမ် ပြန်လမ်းလျှောက်ရပြန်၏။

အိမ်ပြန်ရောက်တော့ ညကိုးနာရီပင် ကျော်နေပြီမို့ ညိုချော စိတ်ကောက်နေလောက်ပြီ၊ တစ်အိမ်လုံး တိတ်ဆိတ်နေ၍ အိပ်ခန်းထဲသို့ တန်းဝင်ခဲ့၏။

ညိုချော ကုတင်ပေါ်တွင် ဖုန်းတစ်လုံးနှင့် ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အာကာမင်းမောင် အခန်းထဲ ဝင်လာတာကိုပင် ဂရုမစိုက်။

အာကာမင်းမောင်ကလည်း ဘာမှမပြောပဲ ကိုယ်လက်သန့်စင်ကာ ညဝတ်အင်္ကျီကို လဲဝတ်ပြီး ခုတင်ပေါ်တက်ကာ အိပ်လိုက်သည်။

"အဟတ်. . ရယ်ရတယ်ကွာ"

ခနိုးခနဲ့ ရယ်လိုက်သော မယ်ညိုချောအသံကြောင့် မျက်လုံးပြန်ဖွင့်လိုက်သည်။ ဘာလဲဟ၊ ဘာကိုရယ်ရတာလဲ၊ သူ့ကို စိတ်ကောက်ပြီး အပြင်မှာ ထွက်စားတာကို လှောင်ရယ်တဲ့သဘောလား။

"ကျွတ်. . ဇွတ်ပဲ"

အယ်. . . ဇွတ်ဆိုရအောင် ခုတင်ပေါ်တက်ပြီး အိပ်ကတည်းက သူ့ကို လက်ဖျားနှင့်တောင် တို့ရသေးတာမဟုတ်။

ထို့ကြောင့် အခြေအနေကို သိဖို့အတွက် ညိုချောကို မသိမသာ ငဲ့ကြည့်လိုက်သည်။

"ဩော်. . လက်စသတ်တော့ ဒင်းက ချက်တင်ထိုင်နေတာကိုး"

ဘာတွေများ စာတွေ အပြန်အလှန် ရေးပို့နေကြသလဲ သိရအောင် မသိမသာ ခိုးကြည့်လိုက်သည်။ အနားတွင် လှုပ်လှုပ်ရှရှဖြစ်နေသော အာကာမင်းမောင်ကို မယ်ညိုချော ရှိတယ်ဟုပင် မထင်။

"ဒီနေ့ ညိုချောရဲ့ လာဗင်ဒါ ပုံလေးကို တင်လိုက်တာတွေ့လား သူရိယ"

"တွေ့တယ် အနီရောင် လည်စီးဖဲပြားလေးနဲ့ ချစ်ဖို့ကောင်းတယ်နော်၊ ကိုယ့်နစ်ကီလေးကလည်း ချစ်ဖို့ကောင်းပါတယ်"

စကရင်ပေါ်မှာ အပြန်အလှန်ရိုက်ပြီး ပို့နေကြသောစာတွေကို မျက်လုံးတစ်ဖက်ဖွင့်ပြီး မသိမသာ ခိုးဖတ်နေသော ယောကျ်ား





ဖြစ်သူကို ဂရုမစိုက်၊ ဖုန်းကို လက်နှစ်ဖက်ဖြင့် စုံကိုင်ပြီး လက်မနှစ်ဖက်ဖြင့် စာတွေကို ဖျတ်ခနဲဖျတ်ခနဲ ရိုက်လို့နေသော ကျွမ်းကျင်မှုကို ကြည့်ခြင်းအားဖြင့် ဝါရင့်ချက်တင်သမားဟုပင် ပြော၍ရသည်။

"သူရိယရဲ့ နစ်ကီကလေးကလည်း ချစ်ဖို့ကောင်းပါတယ်"

"ကိုယ့်ကို ဖုန်းနံပါတ်ပေးလေ"

တစ်ဖက်က စာပြန်ပို့လာသည်။ ဖုန်းနံပါတ်ပေးလေတဲ့. . ၊ ဒါဟာ မရိုးသားတော့မည့် အခြေအနေတစ်ခု။

"ဖုန်းနံပါတ်ရပြီး ဘာလုပ်မှာလဲ၊ ခုလည်း လိုင်းပေါ်မှာတွေ့နေကြတာပဲ"

"ကိုယ်က ဖုန်းဆက်ပြီး အသံလေး ကြားချင်တာ"

အာကာမင်းမောင် မဲ့လိုက်သည်။

ဒီလောက် အပျင်းကြီးတဲ့မိန်းမရဲ့ အသံလေးကိုများ ကြားချင်လို့တဲ့ စိတ်ပျက်စရာ။

စိတ်ထဲက ပြောလိုက်ခြင်းဖြစ်သည်။

"နောက်တော့ပေးမယ်လေ၊ ဖုန်းနံပါတ်က အလွတ်မရဘူး"

"ဟာကွာ အကြောင်းပြချက်က မခိုင်လုံလိုက်တာ"

ပေးရင် ကျိုင်အကြီးကြီး တက်သွားမှာပေါ့ဟ. . စိတ်ထဲက ပြောလိုက်ပြီး ညိုချောကို မျက်စောင်းလှည့်ထိုးလိုက်သည်။

"ကဲ. . နောက်နေ့မှတွေ့မယ်၊ ညိုချော လိုင်းအောက်တော့မယ်နော်. . ဘိုင့်. . ဘိုင်"

ညိုချောက အရင် လိုင်းပေါ်မှ ဆင်းလိုက်သည်။ အင်တာနက်ပိတ်ပြီး ဖုန်းပါ ပိတ်လိုက်သည်မို့ အာကာမင်းမောင် အိပ်ချင်ဟန်ဆောင်လိုက်သည်။

အွန်လိုင်းပေါ်မှ ယောကျ်ားတွေနှင့် အီစီကလီ လုပ်နေမှ



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုယ့်ယောက်ျားအပေါ်မှာ တာဝန်ကျေတဲ့ ဇနီးကောင်းတစ်ယောက် ဘယ်ဖြစ်တော့မှာလဲ။

အိပ်ချင်ဟန်ဆောင်နေ၍ သက်မမောကို ဗျူးခနဲ မှုတ်ထုတ်ချင်ပေမယ့် မှုတ်မထုတ်ရဲ။

ခဏကြာတော့ ညိုချောထံမှ အသက်ရှူသံ ခပ်မှျင်းမှျင်း ပေါ်ထွက်လာသည်။ အိပ်ပျော်သွားပြီဆိုသည့်သဘော။

တကယ်တမ်း အိပ်မပျော်သူမှာက အာကာမင်းမောင်သာ ဖြစ်သည်။

အိပ်မရတော့မယ့်အတူတူ . . ညိုချော၏ဖုန်းကို ယူလိုက်သည်။ အင်တာနက် ပြန်ဖွင့်ပြီး ဘယ်သူတွေနှင့် ဘယ်လိုအကြောင်းအရာတွေကို စာပို့ထားကြသလဲဆိုတာကို ကြည့်မည်ဟု အတွေးရောက်သွားသည်။

ထို့ကြောင့် ဖုန်းဖွင့်လိုက်သည်။ လော့ချထား၍ ဖုန်းက ဖွင့်မရ၊ သူ့လျှို့ဝှက်နံပါတ်ကိုလည်း မသိတော့ စကရင်ပေါ်မှ တွေ့ကရာ နံပါတ်တွေကို ဖွင့်လိုဖွင့်ငြား လျှောက်နှိပ်ကြည့်လိုက်သည်။

ဖုန်းက လော့ပွင့်၍မလာ။

"တောက် . . ဒီမိန်းမတော့ မရိုးတော့ဘူး"

ဖုန်းကို ခပ်ဆောင့်ဆောင့် ပစ်ချပြီး ရင်ထဲမှ သံသယကို မျိုးမပွားလို၍ ညိုချောကို နှိုးလိုက်သည်။

"ဟော့ . . ဟော့ . . ထ . . ထစမ်းပါဦး"

ကိုယ့်တုန်းက အိပ်ချင်ဟန်ဆောင်ပြီး တကယ်အိပ်ပျော်သွားသူကို မရမက နှိုးလိုက်သည်။

"ဟင် . . ဘာလဲ"

"ထဦး . ."





မယ်ညိုချော မျက်လုံးကို ပွတ်သပ်ပြီး အိပ်နေရာမှ ထထိုင်လိုက်သည်။

"ဘာလဲ ဘာလုပ်မလို့လဲ၊ ရှုပ်ရှုပ်ရှက်ရှက် လာမပတ်သက်နဲ့နော်၊ ဒီမှာ အိပ်ချင်နေပြီ"

လူကိုများ ယုန်ထင်ကြောင်ထင်နှင့် သန်းခေါင်ကျော်မှ အတင်းနှိုးလိုက်သည်မို့ သူ့ကို အိစိကလီ လုပ်ဖို့များ ထင်နေသလား။

"ဟော့ ကိုယ့်ကိုယ်ကို သိပ်အထင်ကြီးမနေနဲ့၊ စောစောက မင်းရဲ့ဖုန်း ထမြည်နေလို့"

"ဟမ် . . ဟုတ်လား၊ ဖုန်းပိတ်ထားတာပဲဟာ"

မယ်ညိုချော အိပ်ချင်မူးတူးဖြင့် ဖုန်းကိုလှမ်းယူလိုက်သည်။

အာကာမင်းမောင်ကလည်း အကြံနှင့် . . သူ့ကိုတမင်လိမ်ပြောပြီး ကိုယ့်ရှေ့မှာ သူ ဖုန်းဖွင့်သည့်အခါ သူ့ လျှို့ဝှက်နံပါတ်ကို အမိအရ မှတ်သားထားလိုက်ဖို့ပင်။

"ကျွတ် ဖုန်းပိတ်ထားပါတယ်ဆိုမှ ဘယ်ဖုန်းမှ ဝင်လာစရာ အကြောင်းမရှိဘူး"

ဖုန်းဝင်လာသည်ဆိုတာကို ညိုချောမယုံ။

"ဪ . . မောင် သေသေချာချာ ကြားလိုက်တာ၊ မင်းဖုန်းက အသံမြည်နေတာ၊ မယုံရင် ဖွင့်ကြည့်၊ ဒီအချိန်ကြီး ဘယ်ကဖုန်းလာစရာ အကြောင်းရှိလဲ"

"ဒါတော့ ဘယ်သိမလဲ"

ပြောပြောဆိုဆိုဖြင့် ဖုန်းကို ဖွင့်မည်အလုပ် ဖုန်းလျှို့ဝှက်နံပါတ်ကိုမှတ်ဖို့ ပြူးပြဲကြည့်နေသော အာကာမင်းမောင်ကို ညိုချောငဲ့ကြည့်ကာ ခုတင်ပေါ်မှ ဆင်းလိုက်သည်။ ညိုချော အဲလောက်တော့ နပ်ပြီးသား။



www.burmeseclassic.com

www.burmeseclassic.com



လို့ဝှက်နံပါတ်ကို မောင် သိ၍မဖြစ်၊ သိလျှင် သူ အချိန်မရွေး ဖွင့်ကြည့်နိုင်သည်။

"ဟာ. . ဟော့. . ဖုန်းဖွင့်ကြည့်ပါဆိုမှ ဘယ်ကိုထသွားတာလဲ"

ထိုအချိန်မှာပင် ညိုချော ဖုန်းဖွင့်ပြီးနေပြီ၊ နံပါတ်ဘယ်လောက်လည်းဆိုတာ မမြင့်လိုက်ရ။

"ခုကြည့်နေတာလေ. ."

"ဘာဖြစ်လို့ မောင့်ရှေ့မှာ မကြည့်တာလဲ၊ ဘယ်သူ့ဆီကဖုန်းလဲ"

"မောင် တော်တော်အာရုံနောက်တာပဲ၊ ဒီမှာကြည့် ဘယ်ကဖုန်းမှမလာဘူး၊ လူကို သက်သက်မဲ့ အိပ်ရေးပျက်အောင်လုပ်တယ်"

"အယ်. ."

သူကပဲ ကိုယ့်ကို ပြန်အပြစ်တင်လိုက်သေးသည်။

"နေပါဦး မင်းကရော ဖုန်းဖွင့်တာများ မောင့်ရှေ့မှာ ဘာလို့မဖွင့်တာလဲ"

"မောင်. . ဘာဖြစ်နေတာလဲ၊ ဒီနေ့ တစ်ညလုံး ညိုချောကို ပြဿနာ ရှာနေသလိုပဲ၊ တော်ပြီ မောင့်ဘေးမှာ မအိပ်တော့ဘူး၊ အိပ်ရေးပျက်တယ်"

ညိုချော တွတ်ပွတွတ်ပွပြောကာ စောင်နှင့်ခေါင်းအုံးကိုယူပြီး အိမ်ရှေ့ခန်းသို့ ထွက်သွား၏။

တကယ်တမ်း ခံပြင်းစွာ ကျန်ခဲ့သူက အာကာမင်းမောင်ပင်ဖြစ်သည်။ သေချာတယ်၊ မယ်ညိုချော လုံးဝမရိုးသားတော့ဘူး။

ဒါသတို့ကို မျိုသိပ်ကာ ခုတင်ပေါ် ဝုန်းခနဲ ပြန်လှဲပြီး အိပ်ချလိုက်သည်။





မျက်စိကြောင်သွားသောညိုချော ဧည့်ခန်းဆက်တီခုံရှည်ပေါ်တွင် အင်တာနက် ပြန်ဖွင့်သုံးနေသည်ကိုတော့ အာကာမင်းမောင် မသိရှာတော့။

တခွီးခွီးနှင့် အိပ်နေလေ၏။

"Hi. ."

"Warr Line out သွားပြီဆို"

"ဟုတ်တယ် ညိုချောအိပ်ပျော်သွားပြီ၊ တရေးနိုးလာတော့ ပြန်အိပ်လို့ မရတော့ဘူး၊ ဒါကြောင့် လိုင်းပေါ်ပြန်တက်လာတာ"

ယောကျ်ား အနှောက်အယှက်ပေးနေသောကြောင့် အိပ်၍ မရတော့တာဟု ပြောချင်ပေမယ့် လိုမှမလိုအပ်တာပဲ။

"ဒါဆို ညိုချောနဲ့ကိုယ် စကားတွေပြောကြရအောင်၊ Viber ဖွင့်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



“ဖုန်နံပါတ်ဖြင့် မရှိပဲနဲ့”

“ဒါကြောင့် ညိုချောဖုန်းနံပါတ်ပြော၊ ကိုယ် Viber ဖွင့်လိုက်မယ်လေ၊ စာရိုက်ပြီး ပြောတာထက် Free Call ခေါ်ပြီး ပြောရတာပိုပြီးအားရမှာ”

ညိုချောဆီမှ ဖုန်းနံပါတ် အကြိမ်ကြိမ် တောင်းနေ၍ ဆက်ငြင်းလို့ မကောင်းတော့တာနှင့် နောက်ဆုံးမှာ ဖုန်နံပါတ်ပေးဖြစ်သွားသည်။

သိပ်မကြာလိုက် ဖုန်းခေါ်လာသဖြင့် ညိုချောနှင့် သူရိယ Viber ပင် မဖွင့်လိုက်ရ ဖုန်းဖြင့်ပင် စကားပြောဖြစ်သွားကြသည်။

အင်မတန်အပြောကောင်းသော သူရိယနှင့်ညိုချော စကားတွေ ပြောလိုက်ကြတာ ဖုန်းဘေကုန်မှပင် စကားပြောရပ်တော့၏။










# အခန်း (၇)

“**မောင်**ရေ မနက်စာ နန်းကြီးသုတ် ပြင်ပြီးသွားပြီ”

မနက်စောစောစီးစီး နန်းကြီးသုတ်တွေဘာတွေ ပြင်ထားသဖြင့် ညက ဒေါသပင် အနည်းငယ်ပြေသွားကာ. . .

“မောင့်အတွက် ပြင်ထားတာလား၊ facebook ပေါ် ဓါတ်ပုံရိုက်ပြီးတင်ဖို့ ပြင်ထားတာလား”

စောစောစီးစီး စကားနာထိုးနေသော အာကာမင်းမောင့်ကို ညိုချောမျက်စောင်းထိုးပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"မောင်နော် စောစောစီးစီး ပြဿနာမရှာနဲ့"

နန်းကြီးသုတ်စားရန် စားပွဲမှာ အရင်ဝင်ထိုင်လိုက်သော ညိုချောကို ဒီထက်ပိုပြီး ရန်မစချင်တော့၊ ဒီအိမ်မှာရှိတာမှ လင်မယားနှစ်ယောက်ထဲရှိတာ မိုးလင်းမိုးချုပ် ရန်ဖြစ်နေလို့မဖြစ်။

ဒီတော့ အာကာမင်းမောင်ပဲ အလိုက်အထိုက် နေရတော့မှာပင်။ ထို့ကြောင့် ညိုချောနဲ့ မျက်နှာချင်းဆိုင်ဝင်ထိုင်ပြီး အသင့်နယ်ပေးထားသော ကြက်သားနှင့် ဘဲဥနိုင်းချင်းထည့်ထားသော နန်းကြီးသုတ်ကို အားရပါးရ စားလိုက်သည်။ ညိုချော ကော်ဖီထဖျော်၏။ သိပ်မကြာလိုက်၊ ညိုချောဖုန်းမှ မက်ဆေ့ချ်ဝင်လာသည်။

ညိုချော ကော်ဖီဖျော်လက်စ ဖြစ်နေတာကတစ်ကြောင်း၊ ဖုန်းက စားပွဲပေါ်မှာမို့ အာကာမင်းမောင် ကပျာကယာ ကောက်ကိုင်လိုက်သည်။ ညိုချော အနားသို့ လှစ်ခနဲရောက်လာပြီး လက်ထဲမှ ဖုန်းကို ဆတ်ခနဲ ဆွဲယူသွားသည်။

"ဟ. . ဖြည်းဖြည်းလုပ်ပါ၊ လက်သည်းနဲ့ ခြစ်မိသွားပြီ"

"ဆောရီးမောင်"

ဝတ္တရားအရပြောပြီး မယ်ညိုချော မက်ဆေ့ချ်ကို ဖွင့်ကြည့်လိုက်သည်။ မျက်နှာအနည်းငယ် ပြုံးယောင်သန်းသွားသည်။ သူ့ရိုယဆီက ဖြစ်သည်။

"ဘယ်သူလဲ"

"သူငယ်ချင်း တစ်ယောက်ဆီက. . ."

လွယ်လွယ်ပင် အဖြေပေးလိုက်ပြီး ကော်ဖီခွက်ကို အာကာမင်းမောင်ရှေ့ ချပေးသည်။

"ဘာမက်ဆေ့ချ်လဲ ညိုချော. . မောင့်ကို ပြစမ်း"

ညိုချော ကျွတ်ခနဲ စုတ်သတ်ပြီး အာကာမင်းမောင်ကို စပ်စု





ရန်ကောဟု ကြည့်ကာ. . .

"သိပ်စပ်စုတာပဲမောင်ရာ ဘော်ဒါပါဆို"

ပြောပုံကိုက ပေ့ါပေ့ါပျက်ပျက်၊ ဒါကြောင့် ရင်ထဲမှာ သံသယတွေ တိုးလာတာ။

"အေးလေ အဲဒီဘော်ဒါက ဘာတွေရေးပို့တာလဲ၊ မောင်က ညိုချောရဲ့ ကာမပိုင်လင်နော်၊ ခု မင်းလုပ်နေတာတွေက ဘောင်ကျော်နေလောက်လောက်ပြီလို့ မောင်ထင်တယ်"

"မောင်စကားပြောနေတာက ဘောင်ကျော်နေတာ. .၊ ညိုချောသိက္ခာကို သက်သက်မဲ့ ချနေတာ"

"ဒါဆို အခု ဘယ်သူစာပို့သလဲ ဘာအကြောင်းအရာကို ရွေးပြီး ပေးတာလဲ၊ မင်းရိုးသားရင် ငါ့ကို ပြရမှာပေါ့"

ညိုချော မက်ဆေ့ချ်ဘောက်စ်ကို ပြန်ဖွင့်ပြီး စောစောက ဝင်လာသော မက်ဆေ့ချ်ကို ပြသည်။

ဖုန်းဘေလ်တစ်သောင်းကျပ်ဝင်သည့် မက်ဆေ့ချ်ဖြစ်သည်။

"ဒါ တစ်ယောက်ယောက်က ဖုန်းဘေလ် လှမ်းထည့်ပေးတာ မဟုတ်လား"

"ဟုတ်တယ် ညိုချောသူငယ်ချင်းတစ်ယောက်က ဖုန်းငွေဖြည့်ကဒ်ရောင်းတယ်၊ ဒါကြောင့် ဘေလ်ကုန်တိုင်း သူက လှမ်းလှမ်းဖြည့်ပေးတာ၊ ဈေးထဲရောက်ရင် သူ့ကိုငွေပေးလိုက်ရုံပဲ"

မိန်းမတွေ အလှည့်အပတ် ကောင်းသူဖြစ်လျှင် ယောကျ်ားတွေက ယုံလွယ်သူတွေဖြစ်သည်။

အာကာမင်းမောင်၏ မျက်နှာပေါ်မှ သံသယစိတ်တို့ အရောင်ဖျော့သွားပြီး. . .

"ဟွန်း ဖုန်းဘေလ်ဖြည့်တာတောင် အကြွေးဖြည့်ရတယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ရှားတယ်"

အပြစ်တင်စကားကို ထိုမျှလောက်သာပြောပြီး အေးလက်စ ပြုနေသော နန်းကြီးသုတ်ကို ဆက်စားလိုက်သည်။

အာကာမင်းမောင် မမြင်အောင် ညိုချော ပုခုံးကိုဆတ်ခနဲ တွန့်ကာ ခပ်မဲ့မဲ့ ပြုံးလိုက်သည်။ ဘာတတ်နိုင်သေးလဲပေါ့။

❖ ❖ ❖

"ဘာကာ ငါ မင်းဆီလာတာကွ"

ကားတံခါးဖွင့်ပြီး ကားထဲဝင်ထိုင် စက်နှိုးမည်အလုပ် ရေကြီးသုတ်ပျာလျှောက်လာသော ကျော်ထူးကိုမြင်၍ ကားစက်ပြန်သတ်လိုက်သည်။

"အေး. . ပြော ငါလည်း ခုပဲ ဆိုင်ကိုသွားတော့မလို့"

"ငါ့ခယ်မလေ"

"အေး. . မင်းခယ်မ ဘာဖြစ်လို့လဲ၊ လင်နောက်ထပ်လိုက်သွားပြန်ပြီလား"

"ဟာ. . မလိုက်ပါဘူး၊ ခု အိမ်မှာလေ"





"အေးလေ. . ဟိုညက သူ့ကောင်လေး လာမခိုးလို့ အထုပ်တစ်ထုပ်နဲ့ တလည်လည်ဖြစ်နေလို့ ငါပဲ မင်းအိမ်လိုက်ပို့ခဲ့ရတာပဲ"

"အေးပါကွာ. . ပြီးပြီးသားကို အရေးထဲ စမြုံ့ပြန်ချင်သေးတယ်၊ ငါ့လာရင်းကိစ္စတောင် မေ့တော့မယ်"

"ပြော. ."

"အလုပ်တောင်းမလို့"

"ဘာ အလုပ်တောင်းမလို့ဟုတ်လား၊ ဘာအလုပ်လဲ ဘယ်သူ့အတွက်လဲ"

"ငါ့ ခယ်မလေးလေ၊ အိမ်ကိုလည်း မပြန်ချင်တော့ဘူးတဲ့၊ ငါနဲ့နေပြီး အလုပ်လေးတစ်ခုလောက် လုပ်ချင်လို့တဲ့ကွာ"

"ဟင် မင်းနဲ့နေမယ် ဟုတ်လား၊ ဒါဆို မနွဲ့ကို ဘယ်ချောင်သွားထိုးထားမလဲ"

"သူ့အမေ အိမ်ပြန်ပို့ပေါ့ကွာ၊ အဲ. . ဟာဟော့ကောင် ဘာတွေမေးနေတာလဲ၊ မင်းပေါက်ကရ မေးတာနဲ့တင် ငါလည်း ဘာတွေပြောမိမှန်း မသိတော့ဘူး၊ ချီးတဲ့မှပဲ"

အယောင်ယောင်အမှားမှားတွေ ပြောနေသော ကျော်ထူးတားကြောင့် အာကာမင်းမောင် တဟားဟားဖြင့် အော်ရယ်လိုက်သည်။

"အေးပါ. . မင်း ဘာပြောတာလဲဆိုတာ ငါသိတယ်၊ ဒါနဲ့နေပါဦး၊ မင်းညီမက ဘာတွေလုပ်တတ်သလဲ"

"အချက်အပြုတ် အကုန်ရတယ်၊ ကိတ်မုန့်လည်း ဖုတ်တတ်တယ်၊ အဲဒါကြောင့် မင်းတို့ရဲ့ နိုင်ငံတကာ အစားအသောက် အစုံရတဲ့ စားသောက်ဆိုင်ကြီးမှာ အလုပ်တောင်းပေးဖို့ ငါ့ကို တောင်းဆိုနေလို့"



www.burmeseclassic.com

www.burmeseclassic.com



"သဘောပေါက်ပြီဟော့ကောင်၊ ဒီလောက် အရှည်ကြီး ပြောဖို့မလိုဘူး၊ ငါ မိုးဟိန်းဆိုင်မှာ သွင်းပေးမယ်"

"မင်းက မိုးဟိန်းဆိုင်မှာလုပ်နေတာ မဟုတ်ဘူးလား"

"ဆိုင်ခွဲတစ်ခု ထပ်ဖွင့်လို့ အဲဒီဆိုင်ခွဲမှာ စားဖိုမှူးအသစ်မရမချင်း ငါဝင်နေရတယ်လေ၊ အေးပါ မင်းခယ်မအတွက် ဘာမှမပူနဲ့၊ ငါနဲ့တွေ့ရင် အားလုံး အိုခေပြီမှတ်"

"အေးပါကွာ . . ဒါဆို ငါ စိတ်ချမယ်နော်၊ အလုပ်ရရင် အကြောင်းပြန်ဦး"

" OK. . ငါ လစ်ပြီဟေ့"

ကျော်ထူးကို နှုတ်ဆက်ပြီး Magic 4 ဟူသော စားသောက်ဆိုင်သို့ ကားမောင်းထွက်ခဲ့လိုက်သည်။ ဆိုင်ရှင်သူဌေးလက်သစ်က အူကြောင်ကျားမို့ သူ့ထက်စောပြီး အရင်ရောက်မှဖြစ်မည်။

၄

"**ရှင်**ပြောတော့ ကျွန်မကိုချစ်တယ်ဆို၊ ကျွန်မကလွဲပြီး ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘူးဆိုပြီးတော့ ခုတော့. . "

ပြောလက်စ စကားကိုပင် ဆက်မပြောနိုင်ပဲ တအီးအီး ငိုချ





နေသော မိန်းကလေးတစ်ယောက်၏အသံကြောင့် စားဖိုဆောင်ဘက်သို့ သွားနေသော အာကာမင်းမောင်၏ ခြေလှမ်းတွေ အရှိန်လျှော့လိုက်ပြီး သီးသန့်ခန်းရှေ့မှာ ရပ်လိုက်သည်။

မနက်စောစောစီးစီး ဘယ်စုံတွဲကများ မကြေမလည် ပြဿနာ လာရှင်းနေကြသလဲ။

"မငိုပါနဲ့ မိုးစက်ရယ်၊ ကိုယ်ကရော ခု မင်းကို မချစ်တော့ဘူးလို့ ပြောနေလို့လား"

"ဟင်. . ဒါ ဟိုကောင် အူကြောင်ကျား၊ သူဌေးရွှေသွေးအသံပဲ၊ စောစောစီးစီးကွာ"

အာကာတစ်ယောက်ထဲ ခပ်တိုးတိုးပြောလိုက်သည်။

"မချစ်တော့ဘူးလို့ မပြောပေမယ့် မိုးစက်ကို ရှောင်နေတာတော့ အသိသာကြီးလေ၊ ခု ကိုတွဲနေတဲ့ ကောင်မလေးတွေထဲမှာ မိုးစက်က နံပါတ်ဘယ်ယောက်မြောက်ဖြစ်ပြီး အစွန့်ပစ်ခံစာရင်းထဲမှာ ပါနေပြီလဲဆိုတာ မိုးစက်သိချင်တာ"

"ဟာကွာ. . ကိုယ့်မှာ မိုးစက်တစ်ယောက်ထဲ ရှိတာပါဆိုမှ"

"ဒါဆို. . မနေ့ညနေက တည်းခိုခန်းထဲကနေ နှစ်ယောက်အတူတူထွက်လာတဲ့ မိန်းမကရော"

"အယ်. . အဲ. . အဲဒါကို မိုးစက် မြင်တယ်ဟုတ်လား"

"မိုးစက်ကို မျက်စိကန်းနေတယ်လို့ ထင်နေလားကိုရဲ့၊ မိုးစက်မှာတော့ ကိုယ့်ကိုတစ်ဘဝလုံးပုံအောပြီး ပေးခဲ့ရတယ်၊ တစ်နေ့နေ့တစ်ချိန်ချိန်မှာ လက်ထပ်ကြမှာပဲဆိုပြီးတော့ ရက်ရောခဲ့မိတယ်"

ပြောရင်း ကောင်မလေး ငိုပြန်သည်။

အပြင်မှ ချောင်းနားထောင်နေသော အာကာမင်းမောင် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ ဒီကောင်



www.burmeseclassic.com

www.burmeseclassic.com

ဗီလိန်တစ်ကောင်ပါလား၊ ဒါနဲ့တင် အားမရသေးပဲ ဖုန်းကင်မရာ တစ်လုံးနဲ့ အတွဲချောင်းတဲ့အကျင့်က ရှိသေးတယ်။

"ကိုယ် မင်းကို လက်ထပ်မှာပါ"

"ဒါဆို ဒီလထဲမှာ လက်ထပ်ပွဲလုပ်ပေး"

"အယ်. . ဒီလောက်တော့ မြန်လို့မဖြစ်သေးဘူးလေ၊ ကိုယ့်မှာက လုပ်ငန်းအသစ်တွေ ထပ်ပြီးတိုးချဲ့နေရလို့. . အချိန်တွေမလောက်မင ဖြစ်နေတာ"

"ဟွန်း. . ဘယ်အချိန် မလောက်တာလဲ၊ အား. . အားရှိ ဖုန်းတစ်လုံးနဲ့ အချိန်ကုန်နေပြီးတော့များ"

အာကာမင်းမောင် မဲ့လိုက်ပြီး စိတ်ထဲက ပြောလိုက်သည်။

"မင်္ဂလာ အကြီးအကျယ်ဆောင်ပေးဖို့ မလိုပါဘူး ကိုရယ်၊ တရားရုံးလေးမှာ အကျဉ်းချုံးပြီး လက်ထပ်လည်းရပါတယ်"

"ကျွတ်. . မိုးစက်၊ ကိုယ့်ကို အဲလောက်ထိ အကျပ်မကိုင်နဲ့ဦးလေကွာ၊ ကဲ. . . မိုးစက်ပြောသလို ကိုယ့်မှာ မင်းအပြင် တခြားမိန်းကလေးတွေနဲ့ ပတ်သက်ထားတာတွေ ရှိသေးတယ်၊ မင်းကမှ ဘာမှမဖြစ်သေးဘူး၊ ဟိုခမျာလေးတွေမှာ ကိုယ်ဝန်ရှိတဲ့သူကတောင် ရှိနေကြပြီ၊ ဒါကလည်း သူတို့က ကိုယ့်ကို သူဌေးဆိုပြီး အမိဖမ်းချင်ကြတော့ ဒီရုံမြင်လို့ ဒီခြုံထွင်ကြတာပေါ့ကွာ၊ ဒါကြောင့် မင်း စိတ်ရှည်ရှည်နဲ့ ကိုယ့်ကိုစောင့်ပေး၊ ဟုတ်ပြီလား. . ."

"ပြောင်း. ."

"အောင်မလေးဗျ. ."

လက်သံပြင်းသလား. . မပြင်းသလား အခန်းအပြင်မှာ ခိုးနားထောင်နေသော အာကာ့ပါးပင် ကျိန်းသွားသလို ခံစားရလိုက်ရသည်။





"ဟင်. . နင်. . နင် ဒါ ဘာလုပ်တာလဲ"

"ရှင့်ပါးကို စိတ်ရှိလက်ရှိ ရိုက်လိုက်တာလေ"

"ရိုက်စရာလားကွ၊ ငါ့အမေတောင် ငါ့ကို တစ်ခါမှ မရိုက်ဖူးဘူး"

"ရှင့်အမေက ရိုက်မယ်၊ ကျွန်မ ခံစားရသလို ရှင့်အမေက မှမခံစားရတာ၊ ဒီတော့ ရှင့်ပါးကို ဘယ်ရိုက်မလဲ"

"ဘာ. . ဘာကွ"

ရွှေသွေး ဆွေ့ဆွေ့ခုန်သွားသည်။

"ငါက ငါ့အမေကို ဘာလုပ်ရမှာလဲ၊ မင်းစကားက ဘောင်ကျော်သွားပြီ၊ တော်ပြီ. . မင်းနဲ့ငါနဲ့ ဒီနေ့အပြတ်ပဲ၊ မင်းကို ချစ်သူမတော်တော့ဘူး၊ သွား. . ငါ့ဆိုင်ထဲက ခုချက်ချင်းထွက်သွား"

"သွားမှာပါ သွားမှာပါ၊ ဒီမှာ ရှင်တစ်ယောက်ထဲ မိန်းမတွေကို လှည့်ဖြားအယုံသွင်းပြီး သူတို့ဘဝတွေကို ဖျက်ဆီးတတ်တာ မဟုတ်ဘူး၊ မိန်းမတွေကလည်း ရှင့်ဘဝကို ခြင်တစ်ကောင်လို လက်ဝါးထဲထည့်ပြီး ကျေမွသွားအောင် ပွတ်သပ်အစဖျောက်ပစ်လိုက်လို့ရတယ်. . ရှင်းလား"

"အဟုတ်. . အစွမ်းရှိရင် လုပ်လိုက်လေ၊ ဘယ်သူက ပိုပြီးနစ်နာမလဲလို့"

အခန်းထဲမှ တိုက်ပွဲအခြေအနေက ပြင်းထန်နေပြီ။ ဆက်နားထောင်ဖို့လည်း မလိုတော့တာမို့ စားဖိုဆောင်ဘက် လှည့်အထွက်မှာပဲ အထူးသီးသန့်ခန်းထဲမှ ထွက်လာသော မိုးစက်ကိုယ်နှင့် တိုက်မိသွားသည်။

"အို. . လူတစ်ယောက်လုံး ထွက်လာတာ မမြင်ဘူးလား"

ရှုံ့မဲ့မဲ့သော ဘောလုံးသမားတစ်ယောက်နှယ် အာကာမင်း



www.burmeseclassic.com

www.burmeseclassic.com



မောင့်ကို ရန်ထောင်တော့သည်။

"နောက်စေ့မှာ မျက်စေ့မပါဘူးလေ"

"ဟွန်း . . ရှင့်ပုံစံက ဒီကအလုပ်သမားထင်တယ်၊ ရှင်တို့ သူဌေးလိုပဲ အူကြောင်ကြောင်နဲ့ သောက်ရှူးတွေ"

"အယ် . ."

ဘလိုင်းကြီး ရန်ထောင်သွားသော မိုးစက်စကားကြောင့် အာကာမင်းမောင် ပါးစပ်အဟောင်းသားဖြစ်ပြီး ကျန်ခဲ့သည်။

ဒီကောင် ရွှေသွေးမကောင်းတာနဲ့ ငါက အဆစ်အပြောခံ သွားရတယ်လို့ . . .။










## အခန်း (၈)

"ထင် . . ညီချော၊ မင်း . . မင်းမျက်နှာကြီးက ဘယ်လိုဖြစ် သွားတာလဲ"

မျက်နှာပြင်တစ်ခုလုံး ဖူးယောင်ကာ မျက်လုံးတွေ မေးအစ် နေသော ညီချောပုံစံက ကျောက်ကပ်ရောဂါသည်လိုလို အထိုးအကြိတ်ခံထားရတဲ့သူလိုလို ဖောသွပ်ဖောင်းကားနေ၏။

"ဖေ့စ်ဘုတ်ထဲမှာ မျက်နှာကို ချောမွတ်ဖြူဝင်းစေတဲ့ ဆေး နည်းပါလို့ စမ်းသုံးကြည့်တာလေ၊ မျက်နှာကို ချောရုံတင် မဟုတ်ဘူး၊ ဖောတက်လာလို့ မောင်ရဲ့၊ ဒါကြောင့် ကျွန်မ အိမ်ထဲက အိမ်ပြင်မ



www.burmeseclassic.com

www.burmeseclassic.com



ထွက်ဘူး"

"ဟွန်း. . ကောင်းကွာ၊ မင်းဘဝကို အဲဒီဖေ့စ်ဘွတ်က တော်တော်လွှမ်းမိုးနိုင်ပါလားကွ၊ ဟမ်. . မင်းယောကျ်ားဖြစ်တဲ့ ငါတောင် အဲဒီ ဖေ့စ်ဘွတ်နဲ့ယှဉ်ရင် ဘာမှအသုံးမဝင်ဘူး၊ ဖေ့စ်ဘွတ်ထဲက ဟာမှန်သမျှ အကုန်လိုက်လုပ်၊ ခုတော့ ထိပြီ"

နဂိုကတည်းကမှ ပြောချင်ရက် လက်တို့မို့ ဂွင်ကြုံတုန်း ပြောလိုက်သည်။

"မောင် ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ့်မိန်းမမျက်နှာကြီး အဲလိုဖြစ်သွားလို့ စိတ်ပူမယ်မရှိဘူး၊ အပြစ်က အရင်ဆုံး ပြောနေတယ်"

"အပြစ်ပြောတာမဟုတ်ဘူး၊ မင်းမသိတာကို သိအောင် ပြောပြတာ. ."

"တော်ပါ မပြောပါနဲ့တော့"

"မပြောပါဘူး၊ ခု ဘာလုပ်မှာလဲ၊ ဆေးခန်းသွားမှာလား. . လာ လိုက်ပို့မယ်"

ဆေးခန်းပို့မည်ဆိုတော့ အထိတ်တလန့် ငြင်းဆန်သည်။

"မသွားပါဘူး၊ ဒီမျက်နှာကြီးနဲ့ အိမ်အပြင်ထွက်ရင် လူတွေက ဝိုင်းမေးကြမှာပေါ့လို့"

"မေးရင် ဖြေလိုက်ပေါ့၊ ကျွန်မယောကျ်ားဖေ့စ်ဘုတ်က ထိုးလိုက်တာလို့"

"မောင် ပေါက်ကရတွေ လျှောက်မပြောနဲ့"

"အေး. . ဆေးခန်းမသွားချင်ရင်လဲနေ၊ မောင် ထမင်းစားမယ် ဘာချက်ထားလဲ၊ ထမင်းပွဲပြင်တော့"

"အို. . ဘာချက်ထားရမှာလဲ၊ ဒီလောက် မျက်နှာကြီးက ဖောယောင်ကိုင်းတွနေတာ၊ ဘာမှချက်မထားနိုင်ဘူး"





"ဟမ်. . ဒါဆို ဘာနဲ့စားရမှာလဲ"

"အပြင်မှာ သွားစားလိုက်တော့ပေါ့၊ ရှင်းရှင်းလေးကို ရှုပ်နေတယ်"

"ကောင်းကွာ"

ဒီထက်ပိုပြီး ထပ်ပြောပြန်လျှင်လည်း ကိုယ်ပဲ လွန်ရာကျဦးမည်မို့ ဘာစကားမှ ထပ်ပြောမနေပဲ ကျော်ထူးတို့အိမ်ကိုသွားဖို့ ထွက်ခဲ့လိုက်သည်။

လမ်းတစ်လျှောက်လုံး စိတ်တိုလာသည်။ ကိုယ့်မိန်းမ လင်ငယ်နေသလို ခံစားမှုမျိုးကြီးဖြင့် ဝန်တိုစိတ်တွေ ပွားလာသည်။

ဒီဖေ့စ်ဘွတ် မသုံးနှင့်ဟု ပြောရအောင်လည်း ကိုယ့်ရှေ့တော့မသုံးပဲ ကွယ်ရာမှာ သုံးတော့ရော ဘာတတ်နိုင်မှာလဲ၊ ခုတော့ ဒီဖေ့စ်ဘွတ်ဟာ အာကာမင်းမောင်အတွက်တော့ မယားလုဘက် ဖြစ်မှန်းမသိ ဖြစ်နေရသည်။

ကိုယ့်အဖြစ် လူတကာရှေ့ချပြောလည်း ကိုယ်ကသဘောထားသေးတဲ့သူ ဖြစ်ဦးမည်။ ဒီဖေ့စ်လွတ် စသုံးကတည်းက ညီနှောင်၏ ဂရုတစိုက် ပြုစုယုယမှုတွေ မရတော့သော ကိုယ့်ခံစားမှုကိုတော့ ဘယ်သူကမှ ကိုယ်ချင်းစာနိုင်မည် မထင်။



www.burmeseclassic.com

www.burmeseclassic.com



**"ဟယ်**. . အစ်ကို၊ ခုပဲ မြတ်နိုးတို့ အစ်ကို့ရဲ့အကြောင်း ပြောနေတာ. . လာအစ်ကို အိမ်ပေါ်တက်"

"ဟမ်. . ဟုတ်လား၊ ဘာတွေ မကောင်းကြောင်း ပြောနေတာလဲ"

ကျော်ထူးတို့ အိမ်ပေါ်ကိုတက်တက်ချင်း မြတ်နိုးက တရင်းတနှီးကြိုဆိုနှုတ်ဆက်သည်။

"မကောင်းကြောင်းပြောတာ မဟုတ်ပါဘူးကွာ၊ ဒီနေ့ အလုပ်ရတဲ့အကြောင်း မင်းဖုန်းဆက်ကတည်းက ငါ့ခယ်မက မင်းကို ကျေးဇူးတွေတင်နေတာ၊ ထိုင်ရှိခိုးမတတ်ပဲ"

"ဟာ. . နေပါကွာ၊ ငါကူညီရမယ့်သူမို့ ကူညီတာပါ၊ နောက်ပြီး မိုးဟိန်းက မင်းခယ်မမို့လို့ အလုပ်တန်းခန့်လိုက်တာလဲ ပါပါတယ်၊ ဖြစ်နိုင်ရင် သူက မင်းကိုပါ သူ့ဆိုင်မှာ ဝင်လုပ်စေချင်တာ"

ကျော်ထူးဘေးတွင် ဝင်ထိုင်လိုက်သည်။ မြတ်နိုး အလိုက်တသိဖြင့် ရေနွေးကြမ်းငှဲ့ပြီး ကမ်းပေးသည်။

"ရော့. . ရေနွေးနဲ့ ငါးခြောက်ဖုတ်ဆီစိမ်လေး စားပါဦး အစ်ကို"





"ရေနွေးကြမ်း မသောက်ချင်ဘူး၊ ကျော်ထူး ငါ ထမင်းစားမယ်ကွာ၊ ထုံးစံအတိုင်း ငါ့မိန်းမ မရွှေချော ဖေ့စ်ဘွတ်မှိုင်းမိပြီး ဒီနေ့ အိုးမှောက်ထားတယ်"

"အိမ်မှာ ပဲကုလားဟင်းနဲ့ငပိထောင်းတော့ ကျန်သေးတယ်၊ စောစောစီးစီးလာရင်း ဟင်းအစုံ စားရဦးမယ် ကိုအာကာရယ်"

မန္တဲ့ အားတုံ့အားနာ ဆို၏။

"အေးဟာ စောစောကတည်းက သိရင်လည်း ငါ အလုပ်ထဲကနေ ဒီအိမ်ကို တန်းပြန်လာပါတယ်ကွာ"

"မြတ်နိုး ထမင်းပွဲ သွားပြင်လိုက်တော့မယ်နော် အစ်ကို"

"ရော့. . ရော့. . ၊ ဒီ ငါးရံ့ခြောက်ဖုတ်ကလေးပါ ယူသွားတော့"

မန္တဲ့ ထမင်းစားခန်းထဲဝင်တော့မည့် မြတ်နိုးကို ငါးခြောက်ဖုတ်ပန်းကန် လှမ်းပေးသည်။

ဟ္မာယာခတ်အောင် ဧည့်ဝတ်ကျေကြသော ကျော်ထူးတို့ မိသားစု၏ စေတနာနှင့် နွေးထွေးမှုကြောင့် ညိုချောကိုပဲ ဒေါသထွက်မိသည်။ အိမ်ရှင်မ မကောင်း၍ သူများအိမ်မှာ ထမင်းစားရသည့်အဖြစ် ဘယ်လောက်မျက်နှာငယ်ရသလဲ. .

တကယ်ဆို ကိုယ်ကလည်း ဇိဇာကြောင်သူပင်၊ မိဘလက်ထက်ကတည်းက ဆိုင်ထမင်းဆိုင်ဟင်းဆိုလျှင် ဘယ်လိုမှ စား၍မဝင်သော အကျင့်က ညိုချောနှင့် လက်ထပ်သည်အထိ ပါလာဆဲ။





www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၄)

Magic 3 မှာ အလုပ်စဝင်ရသည့်နေ့မို့ မြတ်နိုးစိတ်တွေ လှုပ်ရှားရှိနေသည်။ ချစ်သူ၏ စွန့်ပစ်ခြင်းခံလိုက်ရသော မိန်းကလေးတစ်ယောက်အဖြစ် စိတ်ဓါတ်ခွန်အားတွေ ကျဆင်းမနေပဲ မာနက ပြန်ထိန်းမတ်ထားသည်မို့ စိတ်တွေကို အလုပ်ထဲမှာ နစ်မြုပ်ထားဖို့ကိုသာ စိတ်အားထက်သန်ရှိနေသည်။

မိဘတွေကို ခိုးရာလိုက်သွားပါပြီဟု တောင်းပန်စာရေးခဲ့ပြီး ချစ်သူနှင့်ဘဝတစ်လျှောက် ရာသက်ပန် အတူနေတော့မည်ဟု အာခံခဲ့သော ကိုယ့်မိုက်ပစ်ကြောင့် မိဘအိမ်ကိုလည်း မပြန်ဝံ့တော့။





အထုပ်တစ်ထုပ်ပိုက်ပြီး ချစ်သူကိုမျှော်လင့်နေသော မိန်းမလေးတစ်ယောက်အဖို့ ဖုန်းဖြင့်ဆက်ပြီး လာမခိုးနိုင်တော့ပါဘူးဟု မ်းတောက်စွာ ရက်စက်ခဲ့သော ချစ်သူ၏စကားသံသည် ရင်ထဲမှာ အဆိပ်ခပ်ခံလိုက်ရသလို တမြေ့မြေ့ နာကျင်နေရပေမယ့် မြတ်နိုး ထိုမျှလောက် အသည်းမငယ်ပါ။

ဖြစ်လေရာဘဝတိုင်းမှာ ဒီလိုယုတ်မာသော ချစ်သူနှင့် ထပ်မံမဆုံတွေ့ရပါစေနှင့်ဟု ဆုတွေအကြိမ်ကြိမ်တောင်းပြီး အနာဂါတ်ကို ခပ်ရဲရဲလျှောက်ဖို့ အားမွေးရပေဦးမည်။

"တီ. . တီ. . တီ"

အနားကပ်ပြီးတီးလိုက်သော ကားဟွန်းသံကြောင့် အတွေးတို့ဖြင့် ရင်ထဲမှာနာကျင်ရသော ခံစားမှုတွေ လန့်ဖျန့်ကုန်သည်။

"ဟင်. . အစ်ကို. ."

"ဆိုင်သွားတော့ မလို့လား"

"ဟုတ်ကဲ့. . အစ်ကို"

ကျေးဇူးနှစ်ကြိမ်တင်ပြီးသားမို့ ရိုကျိုးစွာ နှုတ်ဆက်လိုက်သည်။

"လာ ကားပေါ်တက်"

"လမ်းကြုံလို့လားအစ်ကို"

"မကြုံလည်း တကူးတက လိုက်ပို့ရမှာပဲလေ၊ ဒီနေ့ အလုပ်ဝင်မယ့်နေ့ဆိုတော့ စားဖိုဆောင်က ကိုယ့်ဂျူနီယာတပည့်တွေနဲ့ သေချာမိတ်ဆက်ပေးပြီး ဘောစိဆီမှာလည်း အပ်ပေးခဲ့မယ်"

လုပ်ငန်းခွင်သစ်မို့ တစ်ယောက်ထဲကြောင်တက်တက် အလုပ်စဝင်ရမှာထက်စာလျှင် ကိုအာကာနှင့် အတူဝင်ရတာ ပိုပြီး အားရှိသလို ခံစားသွားရသည်။ ထို့ကြောင့် ကားထဲ ဝင်ထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲ ကိုအာကာရယ်၊ မြတ်နိုးကို ကူညီတာ တစ်ကြိမ် နှစ်ကြိမ် မကတော့ဘူး၊ ကိုအာကာ့ကို ဘယ်လိုကျေးဇူးဆပ်ရမှန်း တောင် မသိတော့ပါဘူး"

"မြတ်နိုးရယ်၊ ညည်း အစ်ကိုတွေ အစ်မတွေနဲ့ ကိုယ်က ငယ်သူငယ်ချင်းတွေပါ၊ ကူညီသင့် ကူညီထိုက်လို့ ကူညီခွင့်ရတာ ကျေးဇူးဆပ်ဖို့ မလိုပါဘူး၊ အဲ့လို ကျေးဇူးတင်ကြေးဆိုရင် ကိုယ်လည်း မိန်းမနဲ့ အဆင်မပြေတိုင်း ထမင်းလာလာစားနေတာလေ၊ ကိုယ်က တောင် ပြန်ပြီးကျေးဇူးတင်ရဦးမယ်"

"အို. . ဒါကမပြောပလောက်ပါဘူး"

အပြန်အလှန် ကျေးဇူးတင်နေ၍ ပြီးမည်မဟုတ်သော ကြောင့် ကားမောင်းနေရင်းမှ. . .

"ဒါနဲ့ မြတ်နိုးရော၊ ဖေ့စ်ဘုတ်သုံးလား"

ထိုမေးခွန်းသည် မြတ်နိုး၏ ရင်ထဲကအနာကို တံတောင်နှင့် လှမ်းတွတ်လိုက်သလို အောင့်မျက်နာကျင်သွားရသည်။

"အရင်ကတော့ သုံးခဲ့တယ်အစ်ကို သုံးတာမှ အချိန်ပြည့် အွန်လိုင်းပေါ်မှာပဲ"

မြတ်နိုးစကားကြောင့် အိမ်က မိန်းမညိုချောကို ပြေးမြင် လိုက်သည်။ ညိုချောလည်း ခုလောက်ဆို ဘာအလုပ်မှ မလုပ်ဘဲ ဖေ့စ်ဘုတ်ထိုင်သုံးနေလောက်ပြီ။

"ခုရော ဘာလို့မသုံးတော့တာလဲ"

"မြတ်နိုးဘဝကို ဖျက်ဆီးသွားလို့ပေါ့"

ထိုစကားသည် ထူးဆန်းနေသည်။ ကားမောင်းနေရင်းမှ မြတ်နိုးကို နားမလည်စွာ လှည့်ကြည့်လိုက်ပြီး. . .

"ဘယ်လိုမြတ်နိုးဘဝကို ဖျက်ဆီးလိုက်တယ် ဟုတ်လား"





"ဟုတ်တယ်အစ်ကို ဖြစ်နိုင်ရင် မြတ်နိုးဒီအကြောင်းတွေကို ပြန်မပြောချင်ပါဘူး၊ ဒါပေမယ့် ကျေးဇူးရှင်အစ်ကို့ကိုတော့ မြတ်နိုး သိစေချင်ပါတယ်"

"အကျိုးမရှိဘူးဆိုရင်တော့ ပြောမနေပါနဲ့တော့"

"ရပါတယ်အစ်ကို၊ ဒါမှ ကိုယ်ဇနီးကိုလည်း ပြောပြလို့ရမှာ ပေါ့"

ညိုချောနှင့် ဖေ့စ်ဘုတ် တစ်သားတည်းဖြစ်နေမှန်း ကျော် ထူးတို့ထံမှ မြတ်နိုးလည်း သိပြီးလောက်ရောပေါ့. .

"မြတ်နိုးတို့ မိန်းကလေးတွေက ခံစားချက်တွေ နုနယ်ကြသ လို ယုံလည်းယုံလွယ်ကြတယ်၊ အဲဒီထဲမှာ မြတ်နိုးလည်းပါတယ်"

"ဟင်. . ပြောစမ်းပါဦး၊ မြတ်နိုးက ဘယ်လို ယုံလွယ်ခဲ့လို့ လည်းကွ"

"မြတ်နိုးကို အစိမ်းဖြတ်ဖြတ်သွားတဲ့သူနဲ့ အွန်လိုင်းပေါ်မှာ တွေ့ပြီး ငြိသွားကြတာလေ၊ နောက်တော့ အပြင်မှာ တွေ့ဖြစ်ကြ တယ်၊ သူက သိပ် စကားပြောကောင်းတာ၊ မြတ်နိုးကို လက်ထပ်ဖို့ အမြဲပူဆာနေတတ်တဲ့သူမို့ မြတ်နိုးကလည်း သူ့အပေါ် အပြည့်အ ဝကို ယုံကြည်ခဲ့တယ်၊ ချစ်လည်းချစ်ခဲ့တယ်၊ မြတ်နိုးတို့ ချစ်သူသက် တမ်း ခြောက်လလောက်မှာပဲ မြတ်နိုးမိဘတွေက သူနဲ့ မြတ်နိုးကိစ္စ ကို သိသွားကြတယ်၊ သူတို့က သဘောမတူကြဘူး"

"ဟင် ဘာဖြစ်လို့လဲ"

"သူက ကောင်မလေးတွေနဲ့ ရှုပ်တယ်ဆိုတာကို မိဘတွေ စုံစမ်းလို့ သိသွားတယ်၊ ဒါကြောင့် ကန့်ကွက်တယ်"

"မြတ်နိုးကရော အဲဒီလူ မိန်းမတွေနဲ့ ရှုပ်တာကို သိသိကြီး နဲ့ ချစ်ခဲ့တာလား"



www.burmeseclassic.com

www.burmeseclassic.com



"အစကတော့ မသိဘူး အစ်ကို၊ မိဘတွေပြောမှ သိခဲ့တာ ဒါပေမယ့် မြတ်နိုးက ခေါင်းမာတယ် မယုံဘူး၊ ဒါကြောင့် သူနဲ့ ခိုးရာလိုက်ခဲ့တာပေါ့၊ အစ်ကိုနဲ့တွေ့တဲ့ညက သူ့နောက်ကိုလိုက်ဖို့ ချိန်းထားတဲ့နေရာကို သွားခဲ့တာလေ"

ပြောရင်း . . မြတ်နိုးအသံတို့ အနည်းငယ် တုန်အက်လာသည်။ မြတ်နိုး မျက်ရည်ဝဲနေလောက်ပြီဟု စိတ်က မှန်းကြည့်ပေမယ့် အားနာစိတ်ဖြင့် ငဲ့မကြည့်ခဲ့။

"ဒါပေမယ့် သူ မြတ်နိုးအပေါ် တကယ်မချစ်ခဲ့ဘူးဆိုတာ အဲဒီညမှာပဲ မြတ်နိုးသိခဲ့ရတာ၊ ဒါကြောင့် အဲဒီနေ့ကစပြီး မြတ်နိုး အွန်လိုင်းပေါ် လုံးဝမတက်တော့ပဲ သူ့ကို မေ့နိုင်အောင် ကြိုးစားနေ ဘယ်၊ ဒါပေမယ့် ရင်ထဲမှာတော့ မကျေနပ်ဘူးအစ်ကို၊ ခုနေ လမ်းမှာ တွေ့ခဲ့မယ်ဆိုရင် မြတ်နိုးလေ သူ့ကို တစ်ခုခုတော့ လုပ်ပစ်မိလိမ့် မယ်"

မြတ်နိုးအသံတို့သည် စောစောကလို ဝမ်းနည်းစိတ်ကြောင့် တိုးဖျော့မနေပဲ နာကျင်စိတ်ကြောင့် ပြန်လည်မာဆတ်၍လာသည်။

"ဒီလိုလူမျိုးကို ထပ်မတွေ့ချင်ပါနဲ့တော့ ညီမရယ်၊ ကိုယ့်အ တွက် ဒုက္ခရာတွေပဲ ပိုတိုးလာလိမ့်မယ်"

ညီမတစ်ယောက်လို စိတ်မှာနှစ်ပြီး ဖြေသိမ့်ပေးလိုက်သည်။

"ဘာပဲဖြစ်ဖြစ် မြတ်နိုး သူနဲ့လွဲသွားရတာ ကံကောင်းတယ် လို့ပဲ ပြောရမလားပဲ"

"ဒါပေါ့၊ ငါ့ညီမကို ကံတရားက ဒီလိုလူစားမျိုးနဲ့လွဲအောင် တမင်ဖယ်ခွာပေးလိုက်တာ၊ ဒါဟာ အရှုံးထဲက အမြတ်တစ်ခုပဲ"

"ဟုတ်တယ်နော်အစ်ကို၊ လက်ထပ်ပြီးမှသာ သူ့အကျင့်စ ရိုက်ကိုသိရင် မြတ်နိုးဘဝက သွားပြီပဲ"





အစ်ကိုတစ်ယောက်သဖွယ် ရင်ဖွင့်ပြရှာသော မြတ်နိုးလေး လိုအဖြစ်မျိုး မိန်းကလေးတွေ မကြုံကြပါစေနဲ့ဟုသာ ကားမောင်း နေရင်းမှ စိတ်မသက်သာစွာ ဆုတောင်းလိုက်မိသည်။

မယ်ညိုချောကရော မြတ်နိုးလို အွန်လိုင်းပေါ်က ကောင် တွေနှင့် ဇယားရှုပ်မိနေသလား။

ရင်မှာ ပြင်းပြစွာ ပူလောင်လာသည်။

"**မောင်**. . . ကျွန်မ လှရဲ့လား ကြည့်ပါဦး"

ကားပေါ်ကဆင်းဆင်းချင်း အိမ်ပေါက်ဝတွင်ရပ်၍ ပို့စ်အ မျိုးမျိုးနှင့် ရပ်ပြနေသော မယ်ညိုချောကိုကြည့်ပြီး အာကာမင်းမောင် နောက်လုံးပြုံးသွားသည်။

"ဒီအချိန်ကြီး ဘယ်ဒင်နာသွားမှာမို့ မိတ်ကပ်တွေပြင် အ ဝတ်အစားသစ်တွေနဲ့ စတိုင်လ်ထုတ်နေရတာလဲ"

"ဩော် . . မောင်ကလည်း ခုမှပြင်ထားတာ မဟုတ်ဘူး၊ ည နေကတည်းက ပြင်ထားတာ၊ ခုလို လှတပတပုံလေး ပြချင်လို့ မိတ်



www.burmeseclassic.com

www.burmeseclassic.com



ကပ်မဖျက်ပဲ ဒီအတိုင်းနေနေတာ"

"ဟာ. . မောင့်မိန်းမ ဘာတွေစတန့်ထွင်ပြန်ပြီလဲကွာ၊ ညို့ချောက မပြင်လည်း မောင့်မျက်စိထဲမှာ လှပြီးသားပါ"

အနီရောင်ရင့်ရင့်ဇာကို အောက်ခံအနက်ဖောက်ထားသော ပေါင်လည်ခန့်ရှိသည့် ဇာဂါဝန်လေးနှင့် ဝင်းဝါစိုပြေသော ညို့ချော အသားအရေနှင့် ဟတ်နေအောင် လှပါသည်။

သို့သော် အိမ်ထောင်သက်ကြာမှ ခုလို အပျိုဖြန်းလေးလို ပြင်ဆင်ခြယ်သထားသည်ကိုတော့ စိတ်ထဲမှာ နည်းနည်းထူးဆန်း၍ နေသည်။

"ဒါနဲ့နေပါဦး၊ ဘယ်သွားထားလို့လဲ"

"ဘယ်မှမသွားဘူး၊ ဒီနေ့ အွန်လိုင်းပေါ်က သူငယ်ချင်း သုံးလေးယောက်က အပြင်မှာ ရင်းရင်းနှီးနှီး ခင်ချင်တယ်ဆိုလို့ အိမ်လည်ခေါ်လိုက်တယ်လေ"

ညို့ချောစကားကြောင့် အာကာမင်းမောင် မျက်ခုံးနှစ်ဖက် ရှုံ့တွ၍သွားသည်။

"ဘယ်သူတွေလဲ ယောက်ျားလေးတွေလား မိန်းကလေးတွေလား"

သဝန်တိုစိတ်ဖြင့် မေးလိုက်မှန်း သဘောပေါက်ဟန်တူသည်။

"ယောက်ျားလေးတွေမဟုတ်ပါဘူး မောင်ရဲ့. . မိန်းကလေးတွေပါ။ သုံးယောက်စလုံးက ဘောစိတွေနော် ဝတ်တာစားတာကအစ လန်းသလားမမေးနဲ့၊ ဒီခေတ်မော်ဒယ်တွေ လှတာလောက်တော့ ညို့ချောရဲ့ ဖရန့်တွေက သနားတယ်"

အပြုံးအမှန်းတင်နေသော ညို့ချောကိုကြည့်ပြီး အာကာ





မင်းမောင် မဲ့လိုက်သည်။

"အဲဒါနဲ့ပဲမင်းကသူတို့တွေနဲ့ အပြိုင်လိုက်ပြီး လန်းတယ်ဆိုတဲ့သဘောပေါ့ ဟုတ်လား"

"ဒါပေါ့မောင်ရဲ့ သူတို့ကလေ ညို့ချောကို အိမ်ထောင်ရှိတယ်လို့ပြောတာကို မယုံကြဘူး၊ အိမ်ထောင်ရှိတယ်ဆိုရင် ဧည့်ခန်းထဲမှာ မင်္ဂလာဓာတ်ပုံတွေ ချိတ်ထားရမှာပေါ့တဲ့"

"ဟာ. . . ဘာလုပ်ဖို့လဲ တောဆန်ကဆန်နဲ့ . ."

"အင်းလေ. . . အဲ့ဒါကြောင့် ညို့ချောက ပြောလိုက်တယ် အစ်မအမျိုးသားက ဝါသနာမပါလို့ အိမ်ရှေ့ခန်းမှာမချိတ်တာလို့ ပြောပြီး ဓါတ်ပုံအယ်လ်ဘမ်တွေဘဲ ထုတ်ပြီးပြလိုက်တယ်"

"မင်းမျက်နှာကြီး ဖူးရောင်နေသေးတာ တော်ကြာမောင် ရိုက်တယ်ထင်နေဦးမယ်"

"အရောင်ကျသွားပါပြီ မောင်ရယ်၊ သူတို့လည်းညို့ ချောကို ဖေ့စ်ဘုတ်ပေါ်က ဆေးနည်းတွေကို လျှောက်မသုံးဖို့ ပြောနေတာ"

"လှချင့်ရင်တော့ ခံပေါ့"

"ကြည့်. . မောင်နော်၊ ကျွန်မကိုတွေ့ရင် အဲဒီလိုရိုဖို့ ပတ်ဖို့ပဲ"

ညို့ချော မျက်စောင်းထိုးကာ စကားနာ ထိုးလိုက်သည်။

"မရိုပါဘူး၊ အမြင်ကို အမြင်အတိုင်းပြောတာ၊ ကဲ. . ရော့ ဒီနေ့ ကိုယ်လစာထုတ်လာတယ်"

တစ်သိန်းတန်အုပ် ဆယ်အုပ်ကို ညို့ချောလက်ထဲ ထည့်ပေးလိုက်သည်။ ညို့ချောမယူပဲ. . .

"မောင်ပဲ တစ်လက်စထဲ အခန်းထဲဝင်ရင်း ဗီရိုထဲ ထည့်လိုက်တော့ ကျွန်မ မအားသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တွေကို လျှော်စက်ထဲထည့်ရန်ပြင်နေသော ညိုချော ကို ကမ်းပေးနေသောလက်ကို ပြန်ရုပ်လိုက်ပြီး. . .

"သော့ကရော. ."

"မှန်တင်ခုံ အံဆွဲထဲမှာလေ မောင်ရဲ့"

အာကာမင်းမောင် အိပ်ခန်းထဲသို့ ငွေသိမ်းရန် ဝင်ခဲ့လိုက် သည်။

"ဟင်. ."

အံဆွဲထဲက သော့ကိုထုတ်ကာ ဗီရိုကို ဖွင့်လိုက်သည်နှင့် ငွေသိမ်းနေသော အထပ်တွင် ဘာမှမရှိ ပြောင်သလင်း ခါနေသည်။ မနက်က ငွေတွေရော ရတနာဘူးတွေရော တွေ့ခဲ့သေးသည်။

ညိုချောများ နေရာပြောင်းသိမ်းလိုက်သလားဆိုပြီး အတွေး ရောက်ကာ အခန်းအပြင်သို့ ထွက်ခဲ့လိုက်သည်။

"ညိုချောရေ"

"ရှင်. ."

"ဗီရိုထဲကငွေတွေကို နေရာပြောင်းသိမ်းထားသလား"

ညိုချော အဝတ်လျှော်စက်ထဲ ဆပ်ပြာမှုန့်တွေ ဖြူးထည့်နေ ရင်းမှ

"ဟင့်အင်း. . ကျွန်မ မထည့်ပါဘူး မောင်ရဲ့"

အာကာမင်းမောင် ခေါင်းနပန်းကြီးသွားသည်။

"ဒါဆို ဘယ်ရောက်သွားလဲ"

အလန့်တကြားမေးလိုက်သည်မို့ ညိုချောပါ မျက်လုံးအ ဝိုင်းသား ဖြစ်သွားကာ. . .

"ဗီရိုထဲမှာပဲရှိမှာပေါ့ မောင်ရဲ့၊ ကျွန်မလည်း ဒီနေ့ ဖွင့်မှ မဖွင့်ဖြစ်တာ"





"မရှိဘူး. . လုံးဝမရှိဘူး"

အသံက အနည်းငယ် မာဆတ်သွားသည်။

"ဩော်. . မောင်ရယ် အထပ်မှားပြီး ကြည့်နေပြန်ပါပြီ၊ ဒီ နေ့ မောင့် သောက်များသောက်လာသလား"

သံသယအကြည့်နှင့် အမေးကို ပျားပျာသလဲ ငြင်းဆန် သည်။

"ဟာ. . မှားစရာမှ မရှိတာ၊ ဗီရိုရဲ့ အလယ်အံဆွဲလေ. . မောင်ကိုယ်တိုင် ထည့်ထားတာပဲ၊ လာ သေချာလာကြည့်"

ဇဝေဇဝါဖြစ်နေသော ညိုချောလက်ကို ဆွဲခေါ်ကာ အခန်း ထဲသို့ ဒရောသောပါး ခြေလှမ်းတွေဖြင့် ဝင်လာကြပြီး ဗီရိုတစ်ခုလုံး ကို မွှထနေအောင် သေချာရှာဖွေ လှန်လှောကြည့်သည်။

သေချာသည် လုံးဝကိုရှိမနေတော့။

"ဘုရားရေ ဒါဆို ဒီငွေတွေ ရတနာဘူးတွေက ဘယ်ကို ရောက်သွားတုန်း"

အိမ်မှာ အချိန်ပြည့်ရှိနေသည့် ညိုချောက ပြန်၍မေးနေ သဖြင့် အာကာမင်းမောင် ဒေါသဖြစ်သွားသည်။

"ဟ. . မောင်က အဲဒီမေးခွန်းကို ပြန်မေးရမှာလေ"

တစ်ကယ်တမ်းမှာ ညိုချော ဘယ်လိုမှပြန်၍ မတုန့်ပြန်နိုင် သူလည်း စဉ်းစား၍မရ။

"ညိုချော ဒီနေ့ မင်းဆီကိုလာတဲ့မိန်းမ သုံးယောက်များ လား"

"အို. ."

"မဟုတ်တာ မောင်ကလဲ"

"ဒါဆို. . မင်း မောင်မသိအောင် ဘာတွေလုပ်ပစ်လဲ"



www.burmeseclassic.com

www.burmeseclassic.com



မြားဦးက ညိုချောဘက် လှည့်လာပြီမို့ မျက်ကလူးဆန်ပြာ

"အို. . မောင်နော် ကျွန်မက ဘာလုပ်စရာရှိလို့လဲ၊ မေးတဲ့ပုံစံက ကျွန်မကို မယုံသလိုနဲ့"

"ဒါဆို သေချာပြီ၊ ဒီနေ့ လာတဲ့ မိန်းမတွေပဲ"

"ဖြစ်. . ဖြစ်နိုင်ပါ့မလား မောင်ရယ်"

ညိုချော တွေဝေသွားသည်။

ဒီနေ့ သူရိယဆီမှ ဖုန်းလာသည်။ လိုင်းမမိ၍ အိမ်အပြင်ကို ထွက်ပြောရသည်။ ညိုချော၏ fri သုံးယောက်က ဧည့်ခန်းထဲတွင် ညိုချောဧည့်ခံထားသော လက်ဖက်သုပ်စားနေကြသည်။

"ဟင်. . ဟုတ်. . ဟုတ်များဟုတ်မလားပဲ"

"မင်း. . မသင်္ကာစရာ ဘာတွေ့လိုက်လို့လဲ"

ညိုချော ဖုန်းပြောပြီးပြန်ဝင်လာတော့ နှစ်ယောက်က မရှိဘူး၊ နောက်ဖေးဝင်ပြီး သန့်စင်ခန်းသွားကြတယ်၊ ဟိုတစ်ယောက် လက်ဖက်စားပြီး ဗိုက်တွေရစ်နေပြီလေဟုပြောပြီး ကျန်တစ်ယောက်က ညိုချောနှင့် စကားတွေဖောင်ဖွဲ့အောင် ပြောသည်။

တော်တော်လေးကြာမှ သန့်စင်ခန်းဝင်ကြသောနှစ်ယောက် ပြန်ထွက်လာသည်။

သမရိုးကျဟု တွေးထားသော အဖြစ်အပျက်တွေကို မျက်လုံးထဲ ပြန်ပုံဖော်ကြည့်ရင်း ညိုချောရင်တွေ တထိတ်ထိတ်နှင့် အခုန်မြန်လာသည်။

သေချာသည်။ သူတို့ယူသွားတာ ဖြစ်နိုင်သည်။ သိပ်မကြာခင် သူတို့ပြန်သွားကြသည်။

မပြန်ခင်မှာ [illegible]ာစ်ယောက်က ခြံထဲမှ ပန်းပင်တွေ အရင်ကြည့်မယ်ဟုပြောပြီး ကြိုဆင်းသွားသည်။ အိမ်ဘေးရှိ ယုဇနပန်းခြံ





နားတွင်ရပ်ပြီး ပွင့်နေသော ယုဇနပန်းတွေကို ငုံ့မွှေးနေတာကို ညိုချော သေချာမြင်လိုက်ပါသေးသည်။

"ဟုတ်တယ် သေချာပြီ၊ လုံးဝကို သေချာပါပြီ၊ အမလေး သွားပါပြီ၊ ပါသွားပြီ"

ညိုချော ဆောက်တည်ရာမရတွေဖြစ်ပြီး အပြန်အလှန်ပေးကြသော ဖုန်းနံပါတ်ဖြင့် ဖုန်းခေါ်တော့သည်။ အာကာမင်းမောင် တက်တခေါက်ခေါက်ဖြင့် ညိုချောပျာယာခတ်နေပုံကို ကြည့်ပြီး စိတ်ထဲမှာ ခိုးသွားတဲ့သူတွေကို ဒေါသမဖြစ် ညိုချောကိုသာ ဒေါသဖြစ်မဆုံးတော့။

အွန်လိုင်းပေါ်က သူငယ်ချင်းတွေနဲ့ အပြင်မှာ ဆုံကြတာဟာ စကြာဝဠာတေးမင်း စည်းစိမ်ခံစားနေရသလို မိုးမမြင်လေမမြင်ဖြစ်နေတာ. . ခုတော့ ရှိစုမဲ့စုလေးတွေ ပါသွားပြီ။

ငွေတွေရော ရွှေတွေပါ အခိုးခံလိုက်ရသည့်ကိစ္စနှင့် ပတ်သက်ပြီး လင်မယားနှစ်ယောက် စကားများကြသည်။ ထို့အတွက်ကြောင့် ညိုချောစိတ်တွေရှုတ်ကာ အခန်းထဲမှမထွက်။



www.burmeseclassic.com

www.burmeseclassic.com



ထင်မှတ်မထားသော အဖြစ်အပျက်တစ်ခုနှင့် ရင်ဆိုင်လိုက်ရသဖြင့် ညိုချော စိတ်နှင့်လူနှင့် မကပ်ပေ။

မနက်ကတည်းက အွန်လိုင်းပေါ်တွင် အိမ်ပေါ်တက်ပြီး ခိုးသွားသော သူခိုးမသုံးယောက်၏ account ကိုရှာသည်။ ယခင်က ဆိုလျှင် အွန်လိုင်းပေါ်တွင် သူတို့ post တွေချည်းပင်။

ခုတော့ သူတို့အားလုံး ညိုချောကို block သွားသည်ထင်၏။ လုံးဝကို ရှာမတွေ့တော့။

"တောက် သေချာပါပြီ သူတို့အဖွဲ့တွေ ငါနဲ့ရင်းနှီးအောင်နေပြီး ငါ့ဆီကပိုင်ဆိုင်မှုတွေကို စကားနှိုက်ပြီး ခုလိုကြံသွားတာ"

ပြန်တွေးတိုင်း ရင်ထဲမှာ တနုံ့နုံ့နှင့် ဒေါသဖြစ်၍ မဆုံးတော့၊ ဒီမိန်းမသုံးယောက်သာ ယခု ညိုချောအနားမှာရှိနေလျှင် စိတ်ရှိလက်ရှိ တုန့်ပြန်မိမှာ။

ခုတော့ နဂိုကတည်းက အင်တာနက်သုံး၍ အပြစ်ရှာချင်နေသော မောင့်အတွက် ပြောကွက်ပိုတွေ့သွားတာပေါ့။

ဒီငွေတွေနှင့် ရွှေထည်ပစ္စည်းတွေကို ဖြစ်နိုင်လျှင် ပြန်ပြီး အစားထိုးပေးချင်သည်။ ဒါမှ မောင့်ပြောကွက်ကလွတ်မည်။

ထိုသို့မခံချင်ဖြစ်နေချိန်မှာ သူရိယဆီမှ မတ်ဆေ့ဝင်လာသည်။

"hi"

"အွန်လိုင်းပေါ် မတက်တာ ဘယ်နှစ်ရက်ရှိနေပြီလဲ ကိုယ် စာပို့တာလဲ မပြန်ဘူး"

တစ်ဖက်မှတက်လာသော စာကိုဖတ်ပြီး ညိုချောစိတ်မပါ့တပါဖြင့် စာပြန်ရိုက်လိုက်သည်။

"စိတ်အရမ်းညစ်နေလို့"





ညိုချော ပို့လိုက်သည့်စာရောက်သွားပြီး သူ့ဘက်မှ. . .

"ဘာတွေစိတ်ညစ်နေလဲ ကိုယ့်ကိုရင်ဖွင့်လေ ကိုယ်ကောင်းကောင်းဖြေသိမ့်ပေးမှာပေါ့"

ဟူသော စာပြန်တက်လာသည်။

"ရှင်လည်း မလုပ်ပေးနိုင်ပါဘူး"

"ညိုချောအတွက်ဆိုရင် ကိုယ် ဘာမဆိုဖြည့်စွမ်းပေးနိုင်တယ်. . ယုံ"

စာကိုဖတ်ပြီး ညိုချော မဲ့လိုက်သည်။

"ရှင်လည်း လူလိမ်ပဲ မဟုတ်လား"

ညစ်ညစ်နှင့် ရန်စသောစာကို ပြန်ရိုက်ပေးလိုက်သည်။

"ဟုတ်တယ် ကိုယ်က လူလိမ်လေ ညိုချောကို မချစ်သေးသလိုဟန်ဆောင်ထားရတဲ့ လူလိမ်လေးပေါ့"

ဇာတ်လမ်းစလာပြီမို့ ညိုချော စိတ်ရှုတ်စွာဖြင့် မဲ့လိုက်သည်။ ဒီအဖွဲ့ထဲမှာ သူရောကြံရာမပါဘူး ပြောနိုင်မလား။

"ရှင် ညိုချောကို ရည်းစားစကား ပြောနေတာလား၊ ညိုချော စိတ်မဝင်စားဘူး စိတ်တွေအရမ်းရှုတ်နေပါတယ်ဆို၊ နောက်ပြီး. . အဲ့ဒီဖုန်းကို လုံးဝမဆက်ပါနဲ့တော့"

"အင်းပါ ဘာလဲဆိုတာပြောပြလေ ကိုယ်နောက်ဆို မဆက်တော့ဘူး"

ရင်ထဲမှာ တင်းကျပ်နေအောင် ခံစားနေရလျှင် တစ်စုံတစ်ယောက်ကို ရင်ဖွင့်လိုက်ရမှ ရင်ထဲမှာပေါ့ပါးသွားမည်မို့ ရင်ဆိုင်နေရသော ပြဿနာကို စာရိုက်ပို့လိုက်သည်။

တစ်ဖက်မှ စိတ်မကောင်းဖြစ်ရကြောင်းနှင့် အွန်လိုင်းပေါ်မှ မိတ်ဆွေအားလုံးကို မဆိုလိုပေမယ့် လူလိမ်တွေအကြံသမားတွေ



www.burmeseclassic.com

www.burmeseclassic.com



ရောထွေးနေတတ်သည်မို့ အယုံမလွယ်ဖို့ သတိပေးသော စာတွေ ပြန်ပို့သည်။

"ညီးချောကို တကယ်ခင်ကြလို့ လာလည်ကြတယ်ထင်ပြီး စိတ်ရင်းနဲ့ဆက်ဆံလိုက်တာ"

"လူလိမ်တွေက ယုံအောင်ပြောတတ်တယ် ညီးချောရဲ့ ဒီတော့ ကိုယ် ညီးချောကို ကူညီခွင့်ရချင်တယ်"

"ရှင်က ဘာကူညီနိုင်မှာမို့လဲ"

"ခု ညီးချောမိဘတွေရဲ့ ငွေတွေရွှေတွေ ဘယ်လောက်ပါသွားလဲ "

ညီးချောမိဘတွေဟူသော စာကြောင်းက ဘာရယ်မဟုတ် လိမ်လည်ထားသော ညီးချော၏ မရိုးမသားစိတ်ကို လှောင်ပြောင်နေသလို ခံစားရသည်။

"ငွေသားက နည်းနည်းပါ၊ သိန်းငါးဆယ်လောက်နဲ့ ရွှေက ငါးကျပ်သားလောက်ပါပဲ"

"ဩော် ဒါဆိုရင် သိပ်အများကြီးပါသွားတာတော့ ဘယ်ဟုတ်မလဲ"

"ညီးချောတို့အတွက်တော့ များတာပေါ့"

"ကိုယ် ဝိုင်းရှာပေးမယ်လေ. . အဲဒီအမျိုးသမီးတွေရဲ့ account ကိုပြော"

"ညီးချော ရှာပြီးပြီ၊ သူတို့ အဲ့ဒီ account ကို လုံးဝသုံးတော့မယ် မထင်ဘူး၊ အဲဒီနေ့က ရှင်သာ ညီးချောဆီအကြောင်းမရှိ အကြောင်းရှာ ဖုန်းမဆက်ခဲ့ရင် ပါချင်မှတောင်ပါမှာ"

သံသယမကင်းသော စာကို ပြန်ရိုက်ပို့လိုက်သည်။ သူရိယထံမှ. . .





"စိတ်မကောင်းပါ အဲ့ဒီအတွက် ပြန်ပေးဆပ်ပါမယ်"

ဟူသော စာပြန်ပို့သည်။ ညီးချောစကားပြောချင်စိတ်မရှိတော့၍ နှုတ်ဆက်ပြီး line out လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၀)

**“နောက်**ထပ် အသစ်ထပ်တင်ဖို့ ပရောဂျက်ကိစ္စ ဘယ်လို လဲ၊ ခင်ဗျားတို့ အလုပ်တစ်ခုကို တော်တော်အချိန်ဆွဲကြတာပဲ”

စားဖိုဆောင်ထဲရောက်လာသော. . သားရွှေသွေးအသံကြောင့် အာကာမင်းမောင်မှလွဲ၍ ကျန်သောဝန်ထမ်းတွေအားလုံး လုပ်လက်စအလုပ်ကိုရပ်ပြီး တန်းစီရပ်နေကြသည်။

“စာဖိုမှူးကြီး တော်တော်အလုပ်ရှုပ်နေပါလား၊ သူဌေးလာတာတောင် လှည့်ကြည့်ဖော်မရဘူး၊ ဒါလည်း ဘဝင်တစ်မျိုးပဲ”

ခနဲ့သောစကားကိုပြောပြီး ထောင့်မကျိုးသော ခြေလှမ်း





တွေဖြင့် အာကာမင်းမောင်အနားသို့ လျှောက်လာသည်။

“ဒီစားဖိုဆောင်ထဲမှာ အားနေတဲ့ လူတစ်ယောက်မှမရှိဘူး၊ စားသောက်ခန်းမထဲမှာ သူတို့စားချင်တာကို စားဖို့မှာပြီး စောင့်နေကြတဲ့ ကာစတန်မာတွေ အချိန်မှီစားဖို့ စီစဉ်နေရတဲ့အတွက် သူဌေးကိုလည်း စကားလှည့်မပြောနိုင်ပါဘူး”

အူကြောင်ကြောင် သူဌေးကို ခုလို မရေကျော်ရေ ပြန်ပြောရဲသူမှာ အာကာမင်းမောင်မှလွဲ၍ တစ်ယောက်မှမရှိ။

“ခင်ဗျား ရင့်လှချည်လား ကျုပ်က ဒီဆိုင်ပိုင်ရှင် သူဌေးဆိုတာ မေ့နေပြီလား”

“မမေ့ပါဘူး ခင်ဗျားကိုက လုပ်ငန်းကိစ္စတိုးချဲ့ဖို့ကို ဒီလိုနေရာမှာ လာမပြောသင့်ဘူး၊ ဆိုင်ပိတ်ချိန်ညှိသည်မရှိတော့မှ အစည်းအဝေးခေါ်ပြီး ပြောသင့်တာ မဟုတ်လား”

“ဘာ”

ရင့်သီးသော စကားကြောင့် သားရွှေသွေး ရှက်သွားသည်။ လူပုံအလည်မှာ ခုလိုပြောရဲသော အာကာမင်းမောင်ကို ရန်လိုသော အကြည့်ဖြင့်ကြည့်ပြီး. . .

“ခင်ဗျား အလုပ်ပြုတ်ချင်ပြီ ထင်တယ်”

“ပြုတ်ချင်တာ မဟုတ်ဘူး လုပ်ကိုမလုပ်ချင်တာ၊ တစ်နေ့တစ်နေ့ လုပ်ငန်းအပေါ်မှာ ဖုန်းနဲ့အင်တာနက် သုံးသလောက်တောင် စိတ်ဝင်စားမှု မရှိပဲနဲ့ ခုလို အလုပ်တွေရှုတ်နေချိန်ကျမှ ပါ၀ါလာပြတဲ့ မင်းလိုအူကြောင်ကြောင်ကောင်ဆီမှာ လုပ်ကိုမလုပ်ချင်ဘူး”

အိမ်မှာကတည်းက မကြည်လင်လာသောစိတ်ကို ရွှေသွေးရှေ့ရောက်မှ ဒေါသအဖြစ်အသွင်ပြောင်းလိုက်ခြင်း ဖြစ်သည်။ စားဖို



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ထဲမှ ဝန်ထမ်းအားလုံး အလုပ်ရှင်သူဌေးနှင့် စားဖိုမှူးကြီး ပြဿနာအကြီးအကျယ်တက်ပြီဟု စိုးရိမ်နေကြသည်။

"ကျုပ်က သူဌေးပဲ၊ ကျုပ် ဘာလုပ်လုပ် ခင်ဗျားမှာ ပြောပိုင်ခွင့် မရှိဘူး"

"ကျုပ်ကလည်း မပြောပါဘူး၊ ခင်ဗျားဘာလုပ်လုပ် ကျုပ်စိတ်မဝင်စားဘူး၊ ဒါပေမဲ့ ငါသူဌေးပဲဆိုပြီး ဟောက်စားတော့ မလုပ်နဲ့၊ ကျုပ်မနက်က ခင်ဗျားအခန်းထဲလာတယ် ကျုပ်ရေးဆွဲထားတဲ့ Menu စာရင်းတွေလာတင်တယ် ခင်ဗျား ဖုန်းတစ်လုံးနဲ့ chat နေလို့ ဘာမှမပြောပဲ ဒီအတိုင်းတင်သွားတာ၊ အဟတ်. . ဒီကိုလာပြီး မြူးမြူလုပ်မယ့်အတူတူ ကိုယ့်အခန်းကိုယ်ပြန်ကြည့်"

"ဟမ်"

သားရွှေသွေး ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ဘာမှမပြောပဲ စားဖိုဆောင်ထဲမှ ခတ်ကုတ်ကုတ် ပြန်၍ထွက်သွားသည်။

"ငါတောင်းပန်ပါတယ် အာကာရာ၊ မင်း သူ့အကြောင်းလဲ သိသားနဲ့ကွာ"

"သိတယ်လေ၊ ဒီကောင်က မြောက်ကြွမြောက်ကြွနဲ့ ထောင့်





မကျိုးမှန်း၊ ဒါကြောင့် ငါအဲဒီမှာ မလုပ်နိုင်ဘူးလို့ မင်းကိုပြောတာ၊ သူကလည်း ငါ့ကိုအလုပ်ထုတ်မှာပဲ၊ ဒီတော့ သူအလုပ်မထုတ်ခင် ငါထွက်မယ် မင်းဆိုင်မှာလဲ မလုပ်ဘူးကွာ"

သားရွှေသွေးအပေါ် ကျရောက်သော ဒေါသက မိုးဟိန်းဆီကိုပါ ပျံ့နှံ့ကုန်သည်။

"ဟာ. . အဲလိုတော့မလုပ်နဲ့လေကွာ Magic မှာ မင်းလို စားဖိုမှူးကောင်းတစ်ယောက် မရှိလို့မဖြစ်ဘူးဆိုတာ မင်းလည်းသိသားနဲ့၊ သားရွှေသွေးကလည်း သူမှားကြောင်း ငါ့ကိုပြောပြီးပါပြီ၊ ငါလည်း သူ့ကိုကောင်းကောင်း ပြောလိုက်ပြီးပါပြီကွာ၊ သူကလည်း မင်းကို မထွက်စေချင်ပါဘူး"

"ဒါပေမဲ့. . ငါ ဒီကောင်နဲ့ အလုပ်အတူမလုပ်ချင်ဘူးကွာ၊ စိတ်ထဲမှာ ဒီကောင့်ကိုမြင်နေရရင် အလိုလိုကို ဒေါသထွက်လာတာကွ"

သူငယ်ချင်းမို့ ရင်ထဲက ခံစားချက်အမှန်အတိုင်း ရင်ဖွင့်ပြောပြလိုက်သည်။

"သူက ကောင်မလေးတွေနဲ့ရှုတ်တာ ဝါသနာထုံတာကလွဲပြီး ကျန်တာကောင်းပါတယ်ကွ"

"ဘာကောင်းတာလဲ နေပုံထိုင်ပုံပြောပုံဆိုပုံ တစ်စက်ကလေးမှကို ထောင့်မကျိုးအပိုးမကျိုးတဲ့ကောင်"

"အေးပါ. . မင်းပြောသလိုပါပဲကွာ၊ ဒါပေမဲ့ ငါ့မျက်နှာကိုထောက်ပြီး အဲ့ဒီမှာ သုံးလေးလလောက်တော့ လုပ်ပေးပါကွာ၊ ပြီးရင် ငါဘက်ကိုပြန်ကူးခဲ့တော့ ဟုတ်ပြီလား၊ သူလည်းမင်းအကြောင်းကို ကောင်းကောင်းသိပြီးသွားပါပြီ၊ ဒါကြောင့်လည်း သူမှားကြောင်း ငါနဲ့တဆင့်တောင်းပန်ခိုင်းလိုက်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဇက်ကျိုးမတက် တောင်းပန်နေသော မိုးဟိန်းကြောင့် မာန ကို တဆင့်လျှော့ကာ. . .

“ကောင်းပြီလေ ဒီတစ်ခါ မင်းမျက်နှာကြောင့် ငါသည်းခံ လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ ဆောရီးပဲဟေ့ကောင်”

မိုးဟိန်း ဝမ်းသာအားရဖြင့် တညိတ်ညိတ်လုပ်ကာ. . .

“အေး. . အေးပါကွာ၊ ငါ သူ့ကို သတိပေးထားပါမယ်”

**လင်**ဖြစ်သူ အလုပ်ကပြန်လာသည့်တိုင် တစ်စက်ကလေး မှ ထကြိုဖော်မရသော မယ်ညိုချောကိုကြည့်ပြီး အာကာမင်းမောင် သက်မတစ်ချက် ဟင်းခနဲချလိုက်သည်။

ကားသော့၊ ဖုန်းနှင့် ပိုက်ဆံအိတ်ကို စားပွဲပေါ် ပစ်တင်ပြီး ရေချိုးရန် ရေချိုးခန်းထဲသို့ ဝင်လိုက်သည်။

တကယ်ဆို သူက အမှားလုပ်ထားသည့်သူပဲ၊ ခုတော့ သူ





မတောင်းပန်သည့်အပြင် အထာကိုင်နေတာကတော့ တဆိဓာ်လွန် လွန်းနေသည်။

ဖေ့စ်ဘုတ်သုံးသည့်အကျိုးကြောင့် အလိမ်အညာ ခံရကာ အိမ်မှငွေတွေရွှေတွေပါပြီးသွားတာနဲ့တင် မမှတ်သေး၊ ယခုလည်း ဧည့်ခန်းထဲတွင် ဖုန်းတစ်လုံးဖြင့် အလုပ်ရှုပ်နေသည့် မြင်ကွင်းက ယောကျ်ားကို လုံးဝဂရုမစိုက်ဘူးဆိုသည့် သဘောပင်ဖြစ်သည်။

ဒီဖေ့စ်ဘုတ်ကို မသုံးရမနေနိုင်အောင် စွဲလန်းနေရသည့် အကြောင်းအရင်းက ဘာလဲဆိုတာ သိချင်လာသည်။ သိချင်၍ သူ့ ဖုန်းကိုဖွင့်ပြီး စစ်မည်ဆိုပြန်တော့လည်း အစစ်မခံ။ လော့စ်ချထား ၍ ဖုန်းဖွင့်ဖို့မလွယ်။

လင်နှင့်မယားဖြစ်ပြီး လျှို့ဝှက်ချက်တွေများနေတာကတော့ သိပ်ပြီးရိုးသားမှု မရှိလှတော့။ ထို့ကြောင့် ရေကိုခပ်မြန်မြန်ချိုးကာ အိမ်ရှေ့ခန်းသို့ ပြန်ထွက်လာလိုက်သည်။

ဘာမှမဖြစ်တော့သည့်ပုံစံဖြင့်. . .

“မယ်ညိုချောရေ မောင်လည်း ခင်ဗျားလို ဖေ့စ်ဘုတ်လေး ဘာလေး သုံးရင်ကောင်းမလားလို့”

“သုံးပေါ့”

သံပြတ်ဖြင့်ပြောပြီး အာကာမင်းမောင်ကို ငဲ့ကြည့်သည်။

“မောင် ဘာစိတ်ကူးနဲ့ ဖေ့စ်ဘုတ်သုံးမှာလဲ၊ ဘာလဲ ကောင် မလေးတွေနဲ့ ကြောင်ဖို့အတွက် ချက်တင်ထိုင်ချင်လို့မို့လား”

“ဟာ. . ဘယ်ကလာကွာ၊ မောင်က ကောင်မလေးတွေနဲ့ ကြောင်ပြီး ချက်တင်ထိုင်စရာလား ထိုင်ချင်းထိုင် မောင့်မိန်းမနဲ့ ချက် တင်ထိုင်မှာပေါ့ဗျ”

မနက်ကပုံစံနှင့် ယခုပုံစံ လုံးဝကွာခြားသွားသဖြင့် အထူး



www.burmeseclassic.com

www.burmeseclassic.com



အဆုံး ဖြစ်နေတာတော့ အမှန်။

"ကဲ. . မောင်နဲ့နှစ်ယောက်တွဲပြီး ရိုက်တဲ့ပုံ ဖေ့စ်ဘုတ်ပေါ် တင်လိုက်ပါဦး၊ ကျွန်မ ချစ်သောမောင်ဆိုပြီးတော့လေ"

ညိုချော လက်ထဲမှဖုန်းကို ဖျတ်ခနဲလှမ်းယူပြီး ကင်မရာကို ဖွင့်လိုက်သည်။ ရိုက်မယ်ဟု ဟန်ပြင်နေတုန်း မယ်ညိုချောထိုင်ရာမှ ထရပ်လိုက်ပြီး. . .

"ကျွန်မ ဓါတ်ပုံမရိုက်ချင်ဘူး"

"မောင်နဲ့ အတူတွဲမရိုက်ချင်တာမို့လား လိုင်းပေါ်မှ မယ်ညိုချောဟာ အပျိုဆိုပြီး ကြွားထားလို့များလား"

ထိုသို့ခနဲ့သော စကားပြောသောကြောင့် ညိုချော တင်းမာသောအကြည့်ဖြင့်ကြည့်ပြီး. . .

"ကျွန်မလို အိမ်ရှင်မကောင်းမဟုတ်တဲ့ မိန်းမတစ်ယောက်ကို ဘာလို့အရေးလာလုပ်နေတာလဲ"

မနက်က ပြောခဲ့သည့်အကြောင်းကို ပြန်၍စကားနာထိုးတော့သည်။

"ညိုချော မောင် ပြဿနာထပ်မဖြစ်ချင်ဘူးကွာ"

ညိုချောကိုပြောရင်း မက်ဆေ့ဘောက်ပွင့်နေတာကို သတိထားကြည့်မိသွားပြီး. . .

"ဩော်. . မောင်က တော်တော်အလိုက်ကန်းဆိုးမသိတာပဲကွ မောင့်မိန်းမ ချက်တင်ထိုင်နေတာပဲ"

ပေါ်နေသော အကောင့်ပိုင်ရှင်ကို စိတ်ထဲမှတေးမှတ်လိုက်ပြီး ညိုချောကို ဖုန်းပြန်ပေးလိုက်သည်။

"ရော့. . မောင့်မိန်းမ၊ အနှောက်အယှက် ပေးမိသွားတာပဲ ဆောရီးကွာ"





ညိုချောနားမှ ထထွက်လာလိုက်သည်။ သူရိယဆိုတာ ဘယ်သူလဲ profile picture မှာတင်ထားတဲ့ပုံက အသည်းပုံမှာ မြားစိုက်နေသောပုံမို့ ဘယ်သူဘယ်ဝါဆိုတာ မသိရ။

သူရိယဆိုသောကောင်နှင့် ညိုချောကြားမှပတ်သက်မှုသည် သာမန်ပတ်သက်မှုလား မရိုးမသားပတ်သက်မှုလားဆိုတာကို ကာယကံရှင်တွေပဲ ပိုသိနိုင်လိမ့်မည်။

ဒီတော့ ဟက်ကာတစ်ယောက်နှင့်တွေ့ပြီး ညိုချော၏ အကောင့်နှင့် သူရိယဆိုသည့်လူ၏ အကောင့်ထဲသို့ခိုးဝင်ပြီး သူတို့နှစ်ဦး၏ ဆက်ဆံရေးကို တိတ်တဆိတ်စောင့်ကြည့်ရတော့မည်။

ထိုသို့တိတ်တဆိတ်တွေးကာ အကြံထုတ်နေစဉ်မှာပင် အိမ်ရှေ့မှခြံတံခါးဘဲလ်သံကို ကြားလိုက်ရသည်။ ပြတင်းလိုက်ကာကို အသာလှပ်ကြည့်လိုက်သည်။

ခြံဝတွင် ညိုချောရောက်နေပြီး ခြံအပြင်တွင် စက်ဘီးနှင့် ကောင်မလေးတစ်ယောက် လက်ထဲမှပန်းစည်းကို ညိုချောအားလှမ်းပေးနေသည်။

အဖြူရောင်သစ်ခွပွင့်တွေကို လှတပတ ထုပ်ပိုးထားသော ပန်းစည်းကို ညိုချော နှစ်လိုဖွယ် ငုံ့နမ်းပြီး ကျေးဇူးတင်စကား ပြောလိုက်ဟန်တူသည်။ ကောင်မလေး စက်ဘီးနင်းကာ ပြန်လှည့်ထွက်သွားသည်။

သစ်ခွပန်းစည်းပိုက်ပြီး အိမ်ဘက်ပြန်လှည့်လာသော ညိုချောမြင်မည်ဆိုး၍ လိုက်ကာစကို ဖျတ်ခနဲပြန်ပိတ်လိုက်သည်။

စိတ်ထဲမှာ ဒွိဟဖြစ်လွန်း၍ သက်ပြင်းမောတစ်ချက်ကို ဟူးခနဲ မှုတ်ထုတ်လိုက်သည်။ စိတ်ထဲမှာ ညိုချောနှင့် အနည်းငယ်ဝေးသလို ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညီချော ခုတစ်လော စိမ်းနေတာကိုလည်း စိတ်ကသိနေသည်။ လက်ထပ်စတုန်းကလို အလေးအနက်ထား ဂရုစိုက်မှုတွေ မရှိတော့။ ညီချော၏ အတွင်းစိတ်ကို ဝင်ကြည့်၍ရလျှင် ဝင်ကြည့်လိုက်ချင်သည်။

ညီချော အိမ်ထဲဝင်လာသည်။ မလုံမလဲအကြည့်တစ်ချက်ဖြင့် လှမ်းကြည့်သည်။

"ဘယ်သူ လာပို့တာလဲ ညီချော"

"fri တစ်ယောက်ပါ မောင်ရဲ့"

ပန်းစည်းရ၍ စိတ်လှုပ်ရှားနေဟန်ဖြစ်သော ညီချောတို့ မမှတ်သေးဘူးလားဟူသော အကြည့်ဖြင့်ကြည့်လိုက်ပြီး။

"မယ်ညီချော"

လေသံခပ်တင်းတင်း ခေါ်လိုက်သည်။ ညီချောလှည့်ကြည့်ပြီး. . .

"ဘာလဲမောင်"

"မင်း အဲ့ဒီအွန်လိုင်းပေါ်ကဟာတွေနဲ့ အဆက်မဖြတ်သေးဘူးလား။ တစ်ခါပါဖူးပြီးသွားပြီနော် နောက်တစ်ခါဆိုရင် မင်းပါဖို့ပဲ ရှိတော့တယ်ကွ"

"မောင် ကျွန်မကို အဲ့ဒီအပြစ်ပဲ ပြောနေတော့မှာလား ဟမ် စိတ်ချပါ ကျွန်မကြောင့် ဆုံးရှုံးသွားတဲ့ ရှင့်ပစ္စည်းတွေကို ကျွန်မ အစားပြန်ပေးမယ်"

နားလည်မှုလွဲကာ စကားနာထိုးပြီးထွက်သွားသော ညီချောကိုကြည့်ပြီး ဘာပြန်ပြောရမှန်းမသိ။

ညီချော ဘယ်သူ့အားကိုးနှင့် ခုလိုပြောနိုင်ရတာလဲ. . .

သေချာပါပြီ ညီချောမှာ အားကိုးရှိနေပြီဆိုတာ။





ဆယ်ကျော်သက်လည်း မဟုတ်ပါပဲနှင့် ရင်ခုန်တတ်စအရွယ်လို ဘာကြောင့် ဖျတ်ဖျတ်လူးနေရတာလဲ မယ်ညီချောရယ်။

မောင် ရင်မောလိုက်တာ။





www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၁၁)

"ဟဲ . . ဒေါ်မြတ်နိုး ကားပေါ်ကိုတက်ပါ၊ ဒီနေ့လည်း ကျွန်တော်နဲ့ပဲ ကားကြုံလိုက်ခဲ့ပါတော့"

ကားမှတ်တိုင်တွင် ကားရပ်စောင့်နေသော မြတ်နိုးကိုတွေ့သဖြင့် စက်မသပ်ဘဲ မှေးရပ်ကာ လှမ်းခေါ်လိုက်သည်။ မြတ်နိုးဝမ်းသာအားရဖြင့် ကားမှတ်တိုင်ထိုင်ခုံမှ ထရပ်လိုက်သည်။

ထိုခဏအတွင်းမှပဲ မိုက်ခနဲ ပြန်ယိုင်သွားသည်။

"ဟာ . . မြတ်နိုး ဘာဖြစ်တာလဲ"

အာကာမင်းမောင် ကားထဲမှ ကမန်းကတန်းထွက်ကာ ထိုင်





ခုံပေါ် ပြန်ထိုင်ကျသွားသော မြတ်နိုးဆီသို့ ခြေလှမ်းကျဲဖြင့် လျှောက်သွားလိုက်သည်။

"အား . . မူး . . မူးလိုက်တာ"

ချွေးစေးတို့ထွက်ကာ ခြေဖျားလက်ဖျားတို့ ချက်ချင်းအေးစက်သွားသော မြတ်နိုး၏မျက်နှာမှာ သွေးမရှိသလိုဖြူဖတ်ဖြူလျော်ဖြစ်သွားသည်။

"မြတ်နိုး ဆေးခန်းကို အရင်ဝင်မှဖြစ်မယ်ထင်တယ်"

"မြတ်နိုးရင်ထဲ ဘယ်လိုကြီးဖြစ်နေလဲ မသိဘူး"

ရင်ဘတ်ကို အသာဖိပြီး အားကိုးတကြီးပြောနေသော မြတ်နိုးကိုကြည့်ပြီး အာကာမင်းမောင် စိတ်မကောင်း. . .။

"ဒါဆို အခုဆေးခန်းအရင်သွားမယ်၊ လာ . . ကိုယ်တွဲမယ်"

မြတ်နိုးကိုတွဲပြီး ကားထဲမှာ ဝင်ထိုင်ခိုင်းလိုက်သည်။ ထိုမြင်ကွင်းကို ရုတ်တရက်မြင်သွားသော ညိုချောမှာ လက်ထဲမှ ဈေးဆွဲခြင်းကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ပြီး အာကာမင်းမောင်နားရောက်လာသည်။

"ဟင် . . ညိုချော"

"ရှင် ဒါဘာအချိုးချိုးတာလဲ မောင်၊ ကျွန်မကိုတော့ ဘာမဟုတ်တဲ့ ကိစ္စလေးတွေကို ရိုးမယ်ဖွဲ့အပြစ်တွေတင်ပြီး ရှင်ကတော့ ကွယ်ရာမှာ ဖောက်ပြန်နေပြီပေါ့ ဟုတ်လား"

ထင်ရာတွေ ဖွတ်ပြောနေသော ညိုချောစကားကြောင့် အာကာမင်းမောင် မြတ်နိုးကို အားနာစွာလှည့်ကြည့်ပြီး ညိုချောကို အသံခပ်အုပ်အုပ်ဖြင့်. . .

"ညိုချော မင်း ဘာတွေလျှောက်ပြောနေတာလဲ၊ ဟာကွာ သူများကို အားနာစရာကြီး၊ အဲဒါ ကျော်ထူးညီမကွ နေမကောင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျော်ထူးညီမနဲ့ ရှင်နဲ့ဘယ်တုန်းက ရင်းနှီးသွားတာလဲ၊ မြန်လှချည်လားရှင့်. . ဟိုမှာလည်းကြည့်ဦး မျက်နှာကဖြူဖွေးနေပြီ တော်တော်မူးနေတဲ့ပုံပဲ ဆေးခန်းသွားပြီး အိုဂျီလေးဘာလေး စစ်ကြည့်ဦး"

ညိုချော ထိုသို့ပြောပြီး ချာကနဲ လှည့်ထွက်သွားသည်။

အာကာမင်းမောင် ရှင်းပြချိန်ပင်မရတော့။

"ဟာကွာ ဒီမိန်းမ ဘာစကားတွေပြောသွားတာလဲ"

"ရပါတယ် အစ်ကို မြတ်နိုး စိတ်မဆိုးပါဘူး၊ ဒီမြင်ကွင်းက မိန်းမတိုင်းအထင်လွဲသင့်တဲ့ မြင်ကွင်းမျိုးပဲ၊ နောက်မှ မမကို မြတ်နိုး သွားတောင်းပန်လိုက်ပါ့မယ်"

အာကာမင်းမောင် အားနာရုံမှအပ ဘာမှမတတ်နိုင်ပါ။

❧ ❧ ❧

"**သ**မီးမှာ ကိုယ်ဝန်ရှိနေပြီ "

အခန်းဝတွင် အဖော်အဖြစ်ရပ်ပေးနေသော အာကာမင်းမောင်ကိုကြည့်ပြီး ပြောလိုက်သော ဆရာဝန်၏စကားကြောင့် မြတ်နိုး အိပ်နေရာမှ ငေါက်ခနဲ ထထိုင်လိုက်သည်။





"ရှင် သေချာလို့လား ဆရာရယ်"

"သေချာပါတယ် ကလေးမရဲ့၊ ကဲ ခင်ဗျားလည်း ဝမ်းသာပေတော့ သားဦးဆိုရင်တော့ လိုတာထက်ပိုပြီး ဂရုစိုက်ရမှာ သဘာဝပဲဗျ"

"ဗျာ"

အာကာမင်းမောင် အူကြောင်ကြောင်ဖြင့် ဗျာလိုက်သည်။ မြတ်နိုးများရူက်သွားမလားဟု အားနာစိတ်ဖြင့်တွေးပြီး လှည့်ထွက်မည်ကြံကာရှိသေး သူ့ကို ကိုယ်ဝန်ပိုင်ရှင်များ ထင်နေသလားမသိ။

တကယ်ဆို မြတ်နိုးလို ညိုချောလည်း ကိုယ်ဝန်ရှိလျှင် ဘယ်လောက်ကောင်းလိမ့်မလဲ။

"ဩော် သားဦးဆိုရင် အဖေတွေ ရူးမတတ်ချစ်ကြတယ်လေ၊ ဒါကြောင့် ကိုယ်ဝန်ကို သေချာဂရုစိုက်လို့ပြောတာ "

ကျွန်တော့် ကိုယ်ဝန်မဟုတ်ပါဘူးဟု ငြင်းလိုက်ပြန်လျှင်လည်း မြတ်နိုး ဂုဏ်သိက္ခာကျဦးမည်။ ဒီတော့ နောက်လည်း ထပ်တွေ့စရာမလိုတော့၍ ချောလဲရောထိုင်ကာ. . .

"ဟုတ်. . ဟုတ်ကဲ့ပါ ခင်ဗျာ"

ဆရာဝန် ခေါင်းတညိတ်ညိတ်လုပ်ပြီး မြတ်နိုးဘက်ကို ပြန်လှည့်ကာ ညွှန်ကြားစရာရှိတာကိုဆက်၍ ညွှန်ကြားသည်။

အာကာမင်းမောင် မျက်နှာပူ၍ အခန်းဝမှာ ပြူတစ်ပြူတစ်လုပ်မနေတော့ပဲ ကားရှိရာသို့ ထွက်လာခဲ့လိုက်သည်။ ကားထဲဝင်ထိုင်ကာ လက်မှနာရီကိုကြည့်လိုက်သည်။

ဆိုင်ကိုအလုပ်ဝင်ဖို့ နောက်ကျနေပြီ။ သို့သော် လူမှုရေးကိစ္စက လတ်တလော အရေးကြီးနေသည်မို့ ဖုန်းပဲ ကြိုဆက်လိုက်တော့မည်ဟု စိတ်ကူးပြီး သားရွှေသွေးဆီဖုန်းခေါ်ဖို့ ဖုန်းအထုတ် ကားရှေ့



www.burmeseclassic.com

www.burmeseclassic.com



တွင် လာရပ်သော ရွှေသွေး၏ကားကို ပြန်းခနဲတွေ့လိုက်ရသဖြင့် ထိုတိုက်ဆိုင်မှုကို ထိုင်၍အံ့ဩလိုက်သည်။

ထိုအံ့ဩမှုသည် ဘာမျှမဟုတ်သေး။ ဒီထက်အံ့ဩရသည်မှာ ကားထဲမှထွက်လာသော သားရွှေသွေးနှင့်ဆေးခန်းထဲမှ ထွက်လာသော မြတ်နိုးတို့ ထိပ်တိုက်တွေ့ပြီး စကားတွေအချေအတင်ပြောနေကြပုံကို ကားထဲမှအတိုင်းသား လှမ်းမြင်လိုက်ရသည့် မြင်ကွင်းဖြစ်သည်။

"ဟင်. . မြတ်နိုးနဲ့ ဒီရွှေးကောင်က သိနေကြတာလား"

အာကာမင်းမောင် သားရွှေသွေးနှင့် မျက်နှာချင်းဆိုင်မဆုံချင်၍ ကားမှန်ကိုတင်လိုက်သည်။

ကားထဲမှအခြေအနေကို လှမ်း၍ အကဲခတ်ရုံပင်။ ထိုသို့ အကဲခတ်နေစဉ်မှာပင် မထင်မှတ်ထားသော တုန့်ပြန်မှုတစ်ခုကြောင့် ကားထဲမှာ ထိုင်စောင့်နေသည့် အာကာမင်းမောင်ပင် ဆတ်ခနဲ တုန်သွားအောင် အံ့ဩသွားရသည်။

"ဟာ မြတ်နိုးက ရွှေသွေးကို ပါးရိုက်လိုက်တာပဲ"

အံ့ဩလွန်း၍ တစ်ယောက်ထဲရေရွတ်မိသည့်အဖြစ်၊ မြတ်နိုး၏ အားဖြင့်လွှဲရိုက်လိုက်သော အရှိန်ကြောင့် သားရွှေသွေးတော့ ဘယ်လိုနေမည်မသိ သူကတော့ ကိုယ့်ပါးကိုယ်ယောင်ပြီး စမ်းမိသွားသည့်အဖြစ်။ လူကသေးသေးကွေးကွေးလေး. . လက်သံကတော့ ပြောင်မယ့်ပုံပင်။ အံ့ဩခြင်းတွေ အဆုံးမသတ်ခင်မှာပင် မြတ်နိုး ကားရှိရာသို့ အပြေးတစ်ပိုင်း လျှောက်လာသည်။

"အစ်ကို ရပြီ မောင်းပါတော့"

ကားစက်အဆင်သင့်နှိုးပြီးသားမို့ ဆေးခန်းကား စတန်းထဲမှ မောင်းထွက်ခဲ့လိုက်သည်။ မြတ်နိုး တသိမ့်သိမ့် ရှိုက်ငိုသည်။





"စောစောကလူကို ဘာလို့ ပါးရိုက်လိုက်တာလဲ မြတ်နိုး ဘယ်လိုပတ်သက်နေလဲဆိုတာ အစ်ကို သိခွင့်ရှိမလား"

အစ်ကိုတစ်ယောက်၏ စိတ်ခံစားမှုဖြင့် ဂရုဏာသက်၍ မေးမိခြင်းဖြစ်သည်။

"စောစောက မြတ်နိုးမှာ ကိုယ်ဝန်ရှိနေတယ်လို့ ဆရာဝန်ကြီးပြောတာကို အစ်ကိုကြားတယ်နော်"

"အင်း. . ကြားပါတယ်၊ ကိုယ် ဆက်ရှိမနေသင့်လို့ ကားထဲလာစောင့်နေတာ စိတ်မကောင်းပါဘူး၊ ဒါနဲ့ အဲဒီလူနဲ့က"

"အဲဒီလူက ဒီဗိုက်ထဲက ကလေးရဲ့အဖေပေါ့"

ကားမောင်းနေရင်းမှ ဘရိတ်ကို ဖိနင်းမိမတတ် အံ့ဩသွားရသည်။

"ဒါဆို မြတ်နိုးကို လာမခိုးပဲ ရှောင်လိုက်တဲ့ကောင်က ဒီကောင်ပေါ့ ဟုတ်လား"

မြတ်နိုး မျက်ရည်စတို့ကို တစ်ရှူးထုတ်ကာ သုတ်ရင်းခပ်လေးလေး ခေါင်းညိတ်ပြသည်။

"ဟာ ဒီကောင် တော်တော် ဖယားရှုတ်တဲ့ကောင်ပါလား"

"အစ်ကို သိလို့လား "

"သိတာပေါ့ ခု အစ်ကိုလုပ်နေတဲ့ Magic 4 ရဲ့ ဆိုင်ရှင်က သူလေ"

"ရှင်"

အံ့ဩမှုကြောင့် မျက်ဝန်းလေး ဝိုင်းစက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၁၂)

"**ဘယ်**လိုလဲ ဟင်နရီ ငါအကူအညီတောင်းထားတဲ့ ac-count နှစ်ခုထဲ ဝင်လို့ရပြီလား "

"ကျွန်တော်ဟက်ကာပါ ကိုအာကာရာ၊ အဲဒီ account ထဲ အချိန်မရွေး ဝင်လို့ရအောင် ကျွန်တော်အားလုံးလုပ်ပေးပြီးသွားပြီ လိုသလိုသာ အသုံးချပေတော့"

ဟက်ကာဟင်နရီကို ကျေးဇူးတင်လိုက်သည့်အဖြစ်၊ ဒီနေ့ ကစပြီး ညီချောနှင့် သူရိယဆိုသောကောင်ကို စောင့်ကြည့်ရမည်။





"ကျေးဇူးပဲ ငါ့ညီရာ၊ ဒီတော့ ဒီည ငါ့ညီကို ကောင်းကောင်း မြူစုမယ် ဘယ်ဆိုင်ကိုကြိုက်လဲ ကိုယ့်ကိုပြော"

"ဟာ ကြိုက်သွားပြီ အစ်ကိုအာကာ၊ ကျွန်တော်က ဒီဂွင်ကို စောင့်နေတာဗျ"

နှစ်ယောက်သား လက်ဝါးချင်းရိုက်လိုက်ကြပြီးနောက် တဟားဟား ရယ်လိုက်ကြသည်။ ဘာပဲဖြစ်ဖြစ် ကိုယ့်မိန်းမ၏ ခြေလှမ်းတွေကို စောင့်ကြည့်ခွင့်ရတော့မည်မို့ စိတ်ထဲမှာ ကြုံလာသမျှ အရာတွေကို ခံနိုင်ရည်ရှိဖို့၊ ပြောင်းနိုင်ဖို့ သည်းခံခွင့်လွှတ်နိုင်ဖို့ အားတင်းထားရမည်။

**သူ**ရိယ၏ account ထဲဝင်ကာ သူ့ time line ထဲဝင်ကြည့်လိုက်သည်။

ဓါတ်ပုံတွေတင်မထားပဲ တခြားသတင်းတွေ လောက်သာရှိသည်။ ဘာမှထူးထူးခြားခြားမတွေ့ရ။ ထူးခြားတာဆို၍ ကိုယ့်မိန်းမ မယ်ညီချော၏ တင်သမျှပုံတိုင်းကို share ထားသည့်ပုံတွေနှင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နေသည်။

Massage box ကို ဖွင့်ကြည့်လိုက်သည်။ ညိုချောနှင့် အပြန်အလှန် စာပို့ထားသည်။

ကိုယ့်မိန်းမကို ကြောင်တောင်နိုက်ချင်သောကောင်နှင့် စာပြန်ရေးပို့ထားသော အကြောင်းအရာတွေကို သေချာဖတ်ကြည့်လိုက်သည်။

အပြတ်ကြွေပြနေသော သူရိယဆိုသည့်ကောင်၏ စာတွေကိုဖတ်ပြီး ဒေါသထွက်ရသလို ပြန်လည်၍ ကြွေချင်ချင်ဖြစ်နေသော ညိုချော၏ တုန့်ပြန်မှု စာသားတွေကြောင့် ရင်ထဲမှာ တဆစ်ဆစ်နှင့် နာကျင်ရသည်။

"ညိုချောရယ် မင်းဟာဘယ်လိုမိန်းမစားမျိုးလဲကွာ သုံးနှစ်သုံးမိုးချစ်သူတွေဖြစ် ဖြတ်သန်းပြီးမှ အကြင်လင်မယားဘဝကို ရောက်ခဲ့ကြတဲ့ အိမ်ထောင်ရေးပါ. . ငါ မင်းကို ဘာများစိတ်ပျက်အောင် လုပ်ခဲ့သလဲ၊ ငါမင်းကို သိပ်ချစ်ခဲ့သလောက် မင်း ငါ့အပေါ် ဘာကြောင့် မချစ်နိုင်ရတာလဲ"

အရှုံးတစ်ယောက်နှယ် စကားတွေပြောဆိုနေသော အာကာမင်းမောင်၏ ပါးပေါ်မှာ မျက်ရည်စတစ်ချို့. . .

သူရိယဆိုသည့်ကောင် ဘယ်လိုလူစားမျိုးလဲ၊ သူ့ထက်သာနေလို့ ညိုချော စိတ်ယိုင်သွားတာလားဆိုတာကို သိချင်စိတ်တွေ တရေးရေး ပေါ်လာ၏။

တွေ့နိုင်ဖို့အတွက် နည်းလမ်းရှာလိုက်သည်။










## အခန်း (၁၃)

"**ဟာ**. . မင်းဟာက ဟုတ်ပါ့မလားကွာ၊ မင်း ဖာသာတစ်ဖက်သတ် သံသယဖြစ်နေတာများလားကွာ၊ မယ်ညိုချောက အဲလိုမိန်းကလေးမျိုးမှ မဟုတ်တာ"

နားရှိလို့သာကြားရသည် အာကာမင်းမောင်၏ ရင်ဖွင့်စကားတွေကို မယုံချင်သူက ကျော်ထူးဖြစ်သည်။

"မင်းကလည်းကွာ၊ ငါက ငါ့မိန်းမကို အကြောင်းမဲ့သက်သက် အပုတ်ချတတ်တဲ့ လူစားမျိုးလားကွ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ မယ်ညိုချောကရော အဲလိုမိန်းကလေးမျိုးမှ ဖ ဟုတ်တာ ကိုအာကာရယ်၊ ကျွန်မ အံ့ဩလွန်းလို့ပါ၊ ဟို. . အထင်လွဲ တာရော"

မန္တကပါ စိတ်မကောင်းဖြစ်ပြီး ဖြေသိမ့်ပေးသည်။

"အထင်လည်း မလွဲပါဘူး မန္တရာ၊ ပြောရတာကိုယ့်ပေါ် ကိုယ်လှန်ထောင်းပါ၊ ကျွန်တော် ခုလို ဘာကြောင့်အတတ်ပြောနိုင် သလဲဆိုရင် သူတို့နှစ်ယောက် အွန်လိုင်းပေါ်မှာ အချိတ်အဆက်လု နေတဲ့ မက်ဆေ့တွေကို ဝင်ဖတ်ကြည့်ထားလို့ပဲ"

မြတ်နိုးလက်ဖက်သုပ်နှင့် ရေနွေးကြမ်းပန်းယူလာကာ အာ ကာမင်းမောင်ရှေ့ ချပေးသည်။

"စားလိုက်ပါဦး အစ်ကို၊ မြတ်နိုး ရှယ်သုတ်ထားတာ"

မနက်က ဆေးခန်းအကြောင်းကို မြတ်နိုး ကျော်ထူးနှင့်မျှ ကို အသိပေးထားပုံမပေါ် မြတ်နိုး မျက်နှာအမူအရာက တမင်တ ဟန်ဆောင်နေမှန်း သိသာနေ၏။

"စားချင်စိတ် မရှိပါဘူး မြတ်နိုးရာ၊ ကိုယ့်မိန်းမနောက်ဖယ ခင်းနေတာကို သိတဲ့ယောကျ်ားတစ်ယောက်က ခုလို လက်ဖက်သု နဲ့ ရေနွေးကြမ်းကို အေးအေးဆေးဆေး ထိုင်စားနေနိုင်ပါ့မလာ"

ဘဝတူချင်းတွေမို့ မြတ်နိုးထံမှ သက်မခပ်ငွေ့ငွေ့ ချလိုက် တာကို သတိထားမိလိုက်သည်။

ကျော်ထူးရေနွေးကြမ်းကို ပန်းကန်လုံးထဲ ငှဲ့ထည့်ပြီး အာ ကာမင်းမောင်ကို လှမ်းပေးသည်။

ရယ်ကျဲကျဲဖြင့်. . .

"ရော့ ရင်ထဲကအပူကို အနွေးဓါတ်ပြန်ပေးလိုက်ဦး၊ ဒါ အေးချင်အေးသွားလိမ့်မယ်"





"ဟာ. . လာနောက်နေသေးတယ် ငါတကယ် ခံစားနေရ တာကွ"

"ဒါဆိုရင်. . မင်း အဲဒီသူရိယဆိုတဲ့ကောင်ကို သွားတွေ့ပြီး အပြတ်ရှင်းပေါ့ကွ"

"ဟင်. . ဘယ်လို၊ သူရိယဟုတ်လား အစ်ကိုကျော်ထူး"

တစ်ချိန်လုံးငြိမ်နေသော မြတ်နိုး၏ မျက်လုံးလေးဝိုင်းစက် သွားကာ အလျင်စလိုထမေး၏။ အာကာမင်းမောင် ဆက်ခနဲခေါင်း ညိတ်၏။

"အင်း"

"သူ. . သူ. . profile ကို ဘာပုံနဲ့တင်ထားလဲ"

မြတ်နိုးအသံတို့ တုန်အက်နေ၏။

"အသည်းပုံ မြားစိုက်နေတဲ့ပုံနဲ့၊ လူပုံတော့ မတင်ဘူး မြတ် နိုးသိလို့လား"

"သိတာပေါ့ အစ်ကိုရယ်၊ သိရုံတင်ဘယ်ဟုတ်မလဲ မြတ်နိုး ဘဝကို ဖျက်ဆီးခဲ့တဲ့လူပေါ့"

"ဟင်. . ဒါဆို သူရိယဆိုတာ မြတ်နိုးပါးရိုက်လိုက်တဲ့ကောင် ပေါ့၊ သူ account ရော မြတ်နိုးဆီမှာရှိသေးလား"

"ဟိုတုန်းကတော့ ရှိတယ်၊ ခုတော့ မြတ်နိုးလည်းစိတ်နာပြီး ဖျက်ပစ်လိုက်ပြီလေ အစ်ကို့မှာရှိရင် မြတ်နိုးကိုပြကြည့် အဲ့ကောင် ဟုတ်မဟုတ် ကြည့်မယ်"

"သူက ဓါတ်ပုံတွေမှ မတင်တာ"

"မတင်ပေမယ့် ညီမ သိတယ်"

"အိုခေ"

အာကာမင်းမောင် ဖုန်းထုတ်ကာ အင်တာနက်ဖွင့်ပြီး သူရိ



www.burmeseclassic.com

www.burmeseclassic.com



ယ account ကိုဖွင့်လိုက်သည်။ တိုက်ဆိုင်လိုက်တာ သူရိယနဲ့ ရွှေသွေး တစ်ယောက်ထဲပဲဆိုတာ။

မြတ်နိုး ယူကြည့်ပြီး အံ့ဩသွားဟန်ဖြင့်. . .

"ဘုရား. . ဘုရား ဟုတ်တယ်၊ ဒီကောင်. . ဗီလိန်ရဲ့ account ပဲ၊ ဒုက္ခပါပဲ အစ်ကိုမိန်းမကို သူ မဟုတ်မဟတ်လုပ်တော့မယ်၊ ဒီကောင် အွန်လိုင်းပေါ်က ကောင်မလေးတွေကို လိုက်ဖျက်ဆီးနေတဲ့ကောင်"

ထင်မှတ်မထားသော တိုက်ဆိုင်မှုက စိတ်တွေကိုလွတ်လပ်စွာ ပေါက်ကွဲပစ်ချင်သည်။

"မယ်ညိုချောရယ် မင်းကွာ ဒီလိုကောင်မျိုးနဲ့မှ ပတ်သက်ရတယ်လို့"

လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မချိတင်ကဲ အပြစ်တင်လိုက်သည်။

"နဂိုကတည်းကမှ ကြည့်မရခဲ့သည့်ကောင်က ခုတစ်ဖန် ကိုယ့်မိန်းမနဲ့ လာပတ်သက်နေပြန်ပြီတဲ့လား"

"မင်း ဘယ်လိုလုပ်မလဲ အာကာ"

"ငါ အဲဒီကောင်နဲ့ စာရင်းရှင်းမယ်"

"လွယ်ပါ့မလား မင်းရဲ့အလုပ်ရှင်နော်၊ ငါကတော့ လောလောလတ်လတ် မဖြေရှင်းပဲ သူတို့နှစ်ယောက်ကို မှတ်လောက်အောင် ပညာပေးစေချင်တယ်"

"ဟုတ်တယ် ကိုကျော်ထူးပြောသလိုလုပ်ရင် ပိုကောင်းမယ်၊ ဒါမှ အစ်ကို့ မိန်းမလည်း အဲဒီလူယုတ်မာရဲ့ အကျင့်တွေကို ကောင်းကောင်း သိသွားမှာ"

ကျော်ထူးနှင့်မြတ်နိုးအကြံကို အာကာမင်းမောင် လက်ခံလိုက်သည်။

ဘယ်လိုပညာပေးရင် ကောင်းမလဲပေါ့. . .

❦ ❦ ❦

"ဒါက ဘာလုပ်တာလဲ ညိုချော"

စောင်တွေ ခေါင်းအုံးတွေကို အိမ်ရှေ့ဧည့်ခန်းထဲတွင် ထုတ်ထားသဖြင့် စိတ်ထဲမှာ ဒေါသတို့ဖြစ်မိသွားသည်။

"ရှင် အပြင်မှာအိပ်"

"ဘာဖြစ်လို့လဲ မောင့်ကိုအပြင်မှာသိပ်ပြီး မင်းက facebook ထဲက အကောင်တွေကို ခေါ်သိပ်မလို့လား"

ရင့်သီးသော စကားကို စိတ်ရှိတိုင်းပြောလိုက်မိ၍ မယ်ညိုချော ဆွေ့ဆွေ့ခုန်မတတ် ဒေါသဖြစ်သွားသည်။

"ရှင် ဘာစကားပြောတာလဲ"

"ငါ့စကားကို မင်းနားမရှင်းဘူးလား၊ ဘာလဲ မက်ဆေ့ ရိုက်ပြီး စကားပြောမှ နားရှင်းမှာလား"







www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ ယောကျ်ားကြီးတန်မဲ့နဲ့ စကားကို ရိုပတ်ပြီးမပြောနဲ့ အေးပေါ့လေ အိမ်ကမိန်းမကိုကျတော့ ငှက်ဆိုးထိုးသံကြီးနဲ့ ဆက်ဆံ၊ အပြင်က မိန်းမကိုကျတော့ တယုတယဖေးမပြီး ကြင်နာလိုက်တာ နှာခေါင်းပေါက်က မီးတောင်ပေါက်ကွဲနေသလား မှတ်တယ်"

"ဟော့ . . ဒီမှာ မင်းထင်ရာစွတ်မပြောနဲ့ အဲ့ဒါ ကျော်ထူးခယ်မလေး၊ လမ်းမပေါ်မှာ မူးနေလို့ ငါကူညီပေးနေတာ"

အကြောင်းပြချက်သတ်သတ်ဟု ယူဆပြီး မျက်နှာကို မဲ့ပစ်လိုက်သည်။ မယ်ညိုချော့ကိုကြည့်ပြီး ဒေါသထွက်မိသည်။

"ဖောက်ပြန်တယ်ဆိုတာ ရင်ဘတ်မှာ စာကပ်ထားတာမှ မဟုတ်တာ ရှင်ပြောသလောက် ယုံရမှာပေါ့၊ ဒါပေမဲ့ ကျွန်မကတော့ ဒီည ရှင်နဲ့အိပ်ဖို့ အစီအစဉ်မရှိဘူး၊ ခုချိန်မှာ ရှင့်မျက်နှာကို မြင်ဖို့မပြောနဲ့ ရှင့်အသက်ရှူသံကိုတောင် မကြားချင်ဘူး"

သူ့အပြစ်ကို ကိုယ့်အပြစ်လုပ်နေသူ မယ်ညိုချော့ကိုကြည့်ပြီး နောက်ထပ် စကားနိုင်လုဖို့ စိတ်ကူးမရှိတော့. . .

"အေး. . ကောင်းပြီလေ၊ မင်းတောင် ဒီလိုမီးစိမ်းပြမှတော့ ငါ့ဘက်ကလည်း ကာလာစုံအောင် မီးတောက်ရုံပေါ့"

ဒီညအဖို့ မင်းတို့နှစ်ယောက် အွန်လိုင်းပေါ်မှာ ဘယ်လိုလှုပ်ရှားကြမလဲဆိုတာကို ငါစောင့်ကြည့်နေဦးမှာပါ။

"ဟွန်း မလွမ်းလောက်ပါဘူး"

မယ်ညိုချော့ကလည်း မခံချိမခံသာဖြစ်အောင်ပြောပြီး အနားမှထွက်သွား၏။








## အခန်း (၁၄)

"Hi ညိုချော့လေးရေ လိုင်းပေါ်ရောက်ပြီလား"

"ရောက်ပြီ သူရိယ၊ ဒီနေ့ ရှင် ကျွန်မကို ကူညီလိုက်တဲ့အတွက် ကျေးဇူးပါ၊ အဲဒီငွေတွေပြန်ဆပ်နိုင်အောင် ကျွန်မကြိုးစားပါ့မယ်"

"မလိုပါဘူး ပြန်မပေးပါနဲ့ ညိုချော့ရဲ့ အခက်အခဲပြေလည်သွားမယ်ဆိုရင် ကိုယ်ကျေနပ်ပါတယ်"

ငွေပေးငွေယူအဆင့်ထိတောင် ရောက်နေပါလားဆိုပြီး ရင်



www.burmeseclassic.com

www.burmeseclassic.com



မှာပူသွားသည့် သောကထုထည်က လှိုင်းလုံးကြီးတွေ ပြေးဆောင့်သည့်နှယ် ။

"ကိုယ်တို့ မနက်ဖြန် တွေ့ကြရအောင်"

"တွေ့မယ်လေ ကျေးဇူးတင်စကားကို လူချင်းတွေ့မှ လေးလေးနက်နက် ပြောချင်တယ်"

"ဒါဆိုရင် ညိုချောကို ကိုယ်လာခေါ်မယ်လေ ဘယ်မှာစောင့်နေမလဲ"

"ဒဂုံစင်တာကို လာခဲ့လေ ကျွန်မ အဲဒီမှာစောင့်နေမယ်"

"အိုခေပါ"

"ဒါပေမဲ့ ရှင့်ကို ကျွန်မ မမြင်ဖူးဘူးလေ"

"ညိုချောကို ကိုယ့်ရင်ထဲမှာပါ စွဲနေအောင် သိထားပြီးသားပဲ ကိုယ် ညိုချောရှေ့ အရောက်လာမယ် တွေ့ရင်သာ ရုပ်ဆိုးလို့ဆိုပြီး စိတ်မပျက်သွားနဲ့"

အပြန်အလှန် ရေးပို့နေကြသော စာတွေကိုဖတ်ပြီး အံတကျိကျိ ကြိတ်လိုက်ပြီး ခုချက်ချင်းပင် ညိုချောကို စိတ်ရှိလက်ရှိ ပြေးရိုက်ချင်စိတ်ပေါက်သွားသည်။

ဒီညတော့ မနက်ဖြန် လူချင်းတွေ့ကြမည်မို့ အားမွေးရမည် ထင်သည်။ အွန်လိုင်းပေါ်မှာ အချိန်အကြာကြီး မတွေ့ကြပဲ ကိုယ်စီလိုင်းအောက်သွားကြသည်။

ထိုညတစ်ညကိုတော့ အာကာမင်းမောင် အိပ်ပစ်လိုက်ဖို့ မဖြစ်နိုင်။ ဟိုတွေးဒီတွေးနှင့် လူက ဆောက်တည်ရာမရ ဖြစ်နေသည်။ အလိုလိုနေရင်း အထီးကျန်နေသလို ခံစားလာရသည်။ ထို့ကြောင့် ထိုင်ရာမှ ဆတ်ခနဲထကာ ရှိုကေ့စ်ဗီရိုပေါ်မှ ဓါတ်ပုံ အယ်လ်ဘမ်တွေကိုထုတ်ပြီး တစ်ခုချင်းလှန်ကြည့်ကာ မင်္ဂလာဆောင် ဓါတ်





ပုံတွေတွေ့တော့ စိတ်ကူးတစ်မျိုး ရသွားသည်။

"အဟား. . ဟုတ်ပြီကွ မင်္ဂလာပွဲတုန်းက ဓါတ်ပုံကိုရိုက်ပြီး တင်လိုက်မယ်၊ ဒါဆို ဒီမိန်းမ အလိမ်ပေါ်သွားမည်"

လတ်ဆတ်သောအတွေးကို အချိန်ဆွဲမနေတော့ဘဲနှင့် အယ်လ်ဘမ်ထဲမှ ဓါတ်ပုံကို ဖုန်းကင်မရာဖြင့်ရိုက်လိုက်သည်။ တစ်ယောက်ကိုတစ်ယောက် အနမ်းခြွေနေသည့်ပုံကို ကျွန်မသိပ်ချစ်ရပါသော မောင်ဟု status ရေးပြီး တင်လိုက်သည်။

ယောကျ်ားနှင့်အတူ တွဲရိုက်ပြီး လိုင်းပေါ်တင်လေ့မရှိသော မိန်းမ ဒီတစ်ခါဘာတတ်နိုင်သေးလဲ။ အာကာမင်းမောင်တစ်ယောက် ရန်သူကို အနိုင်တိုက်သော စစ်သူကြီးတစ်ယောက်လို သဘောတွေကျနေသည်။

ဒီပုံလိုင်းပေါ်တင်လိုက်တာနှင့် မင်းဟာ လိုင်းပေါ်မှာအဖို့လုပ်နေတာတွေကို လူတွေသိကုန်လိမ့်မယ်။

ကိုယ့်အတွေးနှင့်ကိုယ် ကျေနပ်လွန်း၍ အားရပါးရ အော်ရယ်ပစ်လိုက်ချင်သည်။

"မင်း အဖို့မဟုတ်တာ ဘူးပေါ်သလို ပေါ်ပြီကွ၊ ဟိုကောင်ရဲ့ သရုပ်မှန်ကိုလည်း မင်း မနက်ဖြန်တွေ့ရမယ် ညိုချောရေ"

တစ်ယောက်ထဲ ထပ်ပြီးကျိန်းဝါးလိုက်သည်။ ထို့နောက် . . လိုင်းပေါ်ရောက်သွားပြီးသည်နှင့် သူရိယဆီကိုလည်း tag ထားပြီးသည်မို့ မယ်ညိုချော မသိအောင်မြန်၍ delet လုပ်လိုက်သည်။

သို့ဆိုလျှင် ထိုပုံတင်လိုက်တာ ညိုချောမသိလိုက်ပေမယ့် လိုင်းပေါ်ရောက်သွားပြီးပြီမို့ သူရိယဆိုတဲ့ကောင် ညိုချောလို အိမ်ထောင်သည် တစ်ယောက်ကို ဆက်ပြီးကြူနိုင်ပါဦးမလား။

မယ်ညိုချော နမ်းနေသော သူ့မျက်နှာမှာ ကွယ်နေသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



သူရိယ(ခေါ်)သားရွှေသွေး ဆိုတဲ့ကောင်ဟာ မယ်ညိုချော ယောကျ်ားဖြစ်သူမှာ အာကာမင်းမောင်ဆိုတာကိုတော့ သေချာသိနိုင်ဦးမည် မဟုတ်။

"ဖြစ်. . ဖြစ်ပ့ါမလား အစ်ကိုမိန်းမက မြတ်နိုးကိုသိနေတော့ သားရွှေသွေးနဲ့ သူပတ်သက်နေတာကိုလည်း အစ်ကိုသိသွားလိမ့်မယ်လို့ တွေးမိမှာပဲ"

"ရတယ် တွေးမိပါစေ၊ အဓိကက သူတို့စိတ်အနှောင့်အယှက် ဖြစ်သွားပြီး ရှေ့ဆက်မတိုးကြဖို့ပဲ"

ခပ်လှမ်းလှမ်း တစ်နေရာမှာရပ်ပြီး ဖုန်းပြောနေသော မယ်ညိုချောသည် အပျိုရှုံးအောင်ကိုလှနေသည်မို့ အာကာမင်းမောင်ရင်ထဲမှာ သဝန်တိုစိတ်တွေ မီးဟုန်းဟုန်းတောက်နေသည်။ ဒီလိုကိစ္စမျိုးဟာ ကြမ်း၍မရလို့သာ ခုလို ချောင်ကောင်းကောင်းက စောင့်





ကြည့်နေခြင်း ဖြစ်သည်။

မြတ်နိုးစိတ်ထဲမှာလည်း ဒီလောက်ယောကျ်ားပီသပြီး ခန့်ညားသော အာကာမင်းမောင်လို ယောကျ်ားအပေါ် သစ္စာဖောက်ဖျက်ရက်သော မယ်ညိုချော၏ စိတ်ကိုနားမလည်နိုင်၊ လောကကြီးက ရတာမလို လိုတာမရ ဆိုတဲ့စကားဟာ သိပ်ကိုမှန်သည်။

"သားရွှေသွေးက ရှေ့ဆက်တိုးမှာပဲ အစ်ကို၊ ဒီကောင်ကမိန်းမဆို အပျိုအအို မရှောင်ဘူး၊ ဒီလောက်လှတဲ့ မမမယ်ညိုချောမှာ ယောကျ်ားရှိနေတာသိလည်း သူ့ဘက်က ရှေ့ဆက်တိုးမှာပဲ"

"အင်းလေး အဲ့ဒါကြောင့် သားရွှေသွေး ဘယ်လိုကောင်မျိုးလည်း သိရအောင် မြတ်နိုးကို အကူအညီတောင်းတာပေါ့၊ ဒါမှ မယ်ညိုချော ရှေ့ဆက်မတိုးတော့မှာလေ"

"ဒီမှာ. . ခင်ဗျားတို့ ဒီမှာ ဘာလာချောင်းနေတာလဲဗျ"

အသံကျယ်ကျယ်ဖြင့်မေးလာသော ဆိုင်လုံခြုံရေးဝန်ထမ်းစကားကြောင့် ကော်ဖီဆိုင်ထဲတွင် ထိုင်နေသော မယ်ညိုချော မထင်မှတ်ပဲ လှည့်ကြည့်လိုက်သည်။

အာကာမင်းမောင်နှင့် မြတ်နိုးအား မသင်္ကာသော အမူအရာနှင့် ဟောက်စားလုပ်နေသော လုံခြုံရေးဝန်ထမ်းကို အသံခပ်အုပ်အုပ်ဖြင့်. . .

"ခင်ဗျား ဘာလို့ လာစွတ်အော်နေရတာလဲ"

"ဆိုင်ရှေ့မှာ လာပြီး ရစ်သီရစ်သီလုပ်နေတာကိုး၊ ဟိုနေ့ကလည်း အဲဒီအတွဲတစ်တွဲ ရစ်သီရစ်သီလုပ်ပြီး ဆိုင်ထဲဝင်လိမ်သွားတာလေ"

"ဟာဗျာ ခင်ဗျား လွန်လာပြီနော်၊ ကျုပ်တို့က လူလိမ်ရုပ်ပေါက်နေလို့လားဗျ၊ ဒီလောက်ခန့်ညားတဲ့ ရုပ်တွေကိုများ လူလိမ်လို့



www.burmeseclassic.com

www.burmeseclassic.com



စွပ်စွဲချင်ရင် ခင်ဗျားရုပ်ကို မှန်ရှေ့မှာ ရပ်ပြီးစွပ်စွဲ”

“ဘာဗျ. . သွား. . သွားကြ ဒီမှာလာပြီး ရစ်သီရစ်သီလုပ်မနေနဲ့”

“သွားမှာပါ. . ရှင်တို့ဆိုင်ရှေ့ လာရပ်ချင်လို့ ရပ်နေတာမဟုတ်ဘူး အကြောင်းရှိလို့ ရှင်းလား. . ဟွန်း၊ လာအစ်ကို သွားမယ်”

“မြတ်နိုး အာကာမင်းမောင်လက်ကို ဖျတ်ခနဲဆွဲပြီး ရတနာဆိုင်ရှေ့က ထွက်ခဲ့လိုက်သည်။ အာကာမင်းမောင် မြတ်နိုး ခေါ်သွားရာသို့ပါသွားရင်း မယ်ညိုချောရှိရာသို့ ကြည့်လိုက်သည်။

မယ်ညိုချော နေရာမှာရှိမနေတော့. . .

“ဟာ. . မြတ်နိုး ခဏနေဦး ညိုချော မရှိတော့ဘူး၊ တောက်ဟာကွာ ဒီလူတော်တော်မွှေတဲ့လူပဲ”

မျက်ခြေပျက်သွားသော မယ်ညိုချောကို ဘယ်လိုက်ရှာရမှန်းမသိတော့ စိတ်ထဲမှာ လုံခြုံရေးဝန်ထမ်းကိုသာ ပစ်ပစ်နှစ်နှစ်ကျိန်ဆဲလိုက်သည်။

ဒီတစ်ခေါက်လည်း လွဲရပြန်ပြီပေါ့. . .





“ညိုချော”

ကော်ဖီဆိုင်၏ သန့်စင်ခန်းထဲကထွက်လာပြီး ဘယ်လောက်မှ မကြာလိုက် သူရိယရောက်လာသည်။ ရုပ်ရည်အားဖြင့် အချောစားကြီးထဲက မဟုတ်ပေမယ့် မွန်ရည်သန့်ပြန်သော ရုပ်ရည်ရူပကာရှိသည့် သူရိယကို အပြုံးချိုချိုဖြင့် ကြိုဆိုလိုက်သည်။

“ရှင်. . သူရိယနော်”

“ဟုတ်ပါသတဲ့ဗျာ မယ်ညိုချောက ကြိုရောက်ပေးနေလို့ အားနာလိုက်တာ”

“ရပါတယ် ကျွန်မ တမင်စောစောထွက်လာတာပါ”

“အပြင်မှာ အရမ်းလှတယ်ကွာ”

အကြည့်ရဲလွန်းသော သူရိယကို မယ်ညိုချောကလည်း ရဲတင်းစွာ ပြန်ကြည့်လိုက်ပြီး. . .

“ရှင်ကတော့ ကျွန်မထင်ထားတဲ့ ရုပ်ရည်လောက် အရမ်းမသားနားပေမယ့် ကြည့်ပျော်ရှုပျော်တော့ ရှိပါတယ်”

“အဟတ် ခုလိုချီးမွမ်းပေးတဲ့အတွက် ကျေးဇူးပါဗျာ ဒီနေ့



www.burmeseclassic.com

www.burmeseclassic.com



မယ် ဘာစားမလဲ၊ ဘာလုပ်မလဲ၊ ဘယ်သွားချင်လည်း ကိုယ်အားလုံး ဖြည့်ဆည်းလိုက်လျှော့ပေးမယ်”

အခေါ်အဝေါ်ပါ ထူးခြားစွာ ပြောင်းလဲသွားသည်မို့ မယ်ညို ချော ပြုံးလိုက်သည်။

“ဟင့်အင်း ဒီနေ့က ရှင့်ကို ကျေးဇူးအရမ်းတင်ကြောင်း လေးလေးနက်နက် ပြောချင်ရုံသက်သက်ပဲ”

“ကိုယ်ကတော့ ချစ်စရာကောင်းတဲ့ မယ်ရဲ့မျက်နှာလေးကို အပြင်မှာတဝကြီး ကြည့်ချင်ရုံသက်သက်”

“သူရိယက ကျွန်မအကြောင်း ဘယ်လောက်သိထားလို့ ဒီ စကားမျိုးပြောရတာလဲ”

“သိပ်သိတာပေါ့ မယ့်မှာ မယ်သိပ်ချစ်ရတဲ့ ခင်ပွန်းရှိနေ တယ်ဆိုတာလေ”

သူရိယစကားကြောင့် မယ်ညိုချော ဆတ်ခနဲတွန့်သွား သည်။ သူဘယ်လိုလုပ် သိသွားတာလဲ၊ စိတ်ထဲမှာ မလုံမလဲဖြစ်သွား မိသည်။ သူ့မှာအိမ်ထောင်ရှိမှန်း သိသိကြီးနှင့် ငွေသိန်းတစ်ရာ ကူညီ တာ အံ့သြစရာကောင်းသည်။

ခုအခြေအနေမှာ မရိုးသားသူက ကိုယ်ကိုယ်တိုင်ဖြစ်နေပြီ လား၊ စောစောက မောင်နှင့်သူ့ကောင်မလေးကို တွေ့လိုက်ရ၍ ရှုတ်ထွေးစပြုနေသော စိတ်တွေက ခုမှပင် ပို၍လုံးထွေးရှုတ်ပွ သွား တော့သည်။

ဒီထက် အံ့သြစရာကောင်းတာက ယောကျ်ားရှိပါတယ်ဟု ကိုယ်ကိုယ်တိုင် မကြွေးကြော်ထားပဲနှင့် သူရိယက ဘယ်လိုသိသွား ရတာလဲ မေးလို့မကောင်း၍ မမေးချင်ပေမယ့် ကိုယ့်စိတ်ထဲမှာတော့ မလုံမလဲဖြစ်မိသည်။





“ဟော့. . မယ် ဘာတွေတွေးနေတာလဲ အိမ်ကဘဲဘဲကြီး အကြောင်းလား”

“အို. . နေစမ်းပါ မဟုတ်ပါဘူး”

သူရိယ သဘောတကျ ရယ်လိုက်ပြီး. . .

“ဒါဆိုရင် သေချာပြီ ကိုယ့်အကြောင်းတွေးတာပဲ ဖြစ်ရမယ်”

မဟုတ်ပါဘူးဟူသော အငြင်းစကား မယ်ညိုချောထံမှ ထွက်မလာ။ သူရိယ ပြုံးလိုက်သည်။ ညက စုံတွဲပုံကို မယ်ညိုချော ဘာကြောင့် တင်လိုက်သလဲဆိုတာ သူရိယ သိတာပေါ့၊ ဒီနေ့တွေ့ဖြစ် ကြလျှင် သူရိယဘက်က မယ်ညိုချော အိမ်ထောင်ရှိပါလားဆိုသည့် အသိကြောင့် မိတ်ဆွေသူငယ်ချင်းထက် မပိုစေလိုသောကြောင့် ဖြစ် သည်။ မျက်နှာကွယ်နေ၍သာ မယ်ညိုချောယောကျ်ား ချောမချော မသိရတာ။

“ဟင့်အင်း ရှင့်အကြောင်းလဲ မတွေးဘူး သူ့အကြောင်းလဲ မတွေးဘူး”

“ဒါဆို ဘယ်သူ့အကြောင်းတွေးနေတာလဲ”

“ကိုယ့်အကြောင်း”

“ဟင် ထူးဆန်းပါလား”

“ဟုတ်တယ် ခုတစ်လော မယ်ဘာတွေဖြစ်နေသလဲ ဘာ တွေလုပ်နေသလဲဆိုတာကို ပြန်တွေးနေတာ၊ ခုလို ရှင်နဲ့လာတွေ့တာ ကို. . ရှင် မယ့်ကို အထင်သေးသွားမလားပေါ့”

“ကိုယ့်စိတ်ထဲမှာ မယ့်ကို အထင်သေးဖို့ဆိုတာ နောင်ဆယ် ဘဝထိတိုင်အောင်တောင် အဲဒီစိတ်က ဝင်လာမှာမဟုတ်ဘူး၊ ကိုယ် တို့ ခုလို မကြာမကြာတွေ့ကြရအောင်နော်”

မယ့်လက်ကလေးကို ခပ်ဖွဖွဆုပ်ကိုင်ပြီး တောင်းဆိုလာ



www.burmeseclassic.com

www.burmeseclassic.com



သော သူရိယ၏ဆန္ဒတွေကို မယ် ဘာကြောင့် မငြင်းမိတာလဲဆိုတာ မယ့်ကိုယ်မယ် ပြန်မတွေးချင်လောက်အောင် ခံစားမှုတွေသည် အူကြောင်ကြောင်နိုင်နေသည်။

လုပ်ရပ်တွေမှားနေသည်ဆိုတာ သိပေမယ့် သာယာမှုနှင့်အပြိုင် မောင့်ရဲ့ဖောက်ပြန်မှုကြောင့် ဖြစ်ပေါ်နေသော မခံချင်စိတ်တွေက ရှေ့ဆက်တိုးဖို့ တိုက်တွန်းနေကြသည်။ ဒ့ါအပြင် ကူညီထားသော ငွေသိန်းတစ်ရာ၏ ကျေးဇူးတရားကလည်း သူရိယ၏ ဆန္ဒတွေကို ဆန့်ကျင်ဖြစ်ဖို့ မဖြစ်နိုင်။

"ဟေး. . မယ် ကိုယ်ပြောတာ ကြားလား"

"အင်း ကြားပါတယ်"

"ဒါဆို. . အိုခေ"

"အင်းပါ"

ကဲ. . မယ်ညို့ချော ခေါင်းညိတ်လိုက်မိပါပြီ မောင်ရေ၊ ရှင်တောင် ဖောက်ပြန်နေသေးတာပဲ။










## အခန်း (၁၅)

"ရော့. . ဒီငွေတွေဟာ ကျွန်မကြောင့် ဆုံးရှုံးသွားတဲ့ ရှင့်ငွေတွေအတွက် ပြန်လျော်ပေးတာ"

သူရိယ အကူအညီပေးထားသော သိန်းတစ်ရာအထုပ်ကို အာကာမင်းမောင်ရှေ့သို့ ဘုတ်ခနဲ ချပေးလိုက်သည်။

"အဟတ်. . မင်းတော်တော်လေးကို ပြောင်းလဲသွားပါလား ညို့ချော"

"အချိန်တွေတောင် ပြောင်းလဲနေသေးတာပဲ လူ့စိတ်တွေ ပြောင်းလဲတာ ဘာဆန်းလဲ၊ ရှင်ပြောင်းလဲတတ်ရင် ကျွန်မကလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှင့်နားမှာ ပက်ကျိတစ်ကောင်လို တွယ်ကပ်နေစရာမှမလိုတာ၊ ရှင်နဲ့ပတ်သက်တဲ့ ခံစားမှုတွေလည်း ပြောင်းပစ်လိုက်ရမှာပေ့ါ"

အားကိုးရှိနေပြီမို့ ဒီလောက်တင်းမာခက်ထန်နေတာပဲဟု အာကာမင်းမောင် စိတ်ပျက်စွာတွေးလိုက်ပြီး ငွေထုပ်ကိုယူကာ ခတ်မှဲ့မှဲ့ ကြည့်လိုက်သည်။

"ဒါ ဘယ်သူ့စပွန်ဆာလဲကွ"

ထိုအမေးကြောင့် မယ်ညိုချော မျက်နှာပျက်သွားပြီး။

"ဘာရှင့်"

"ဘယ်သူ့ စပွန်ဆာလဲလို့"

"အဲမှာ လဲသေလိုက်ပါလား၊ ကျွန်မမိဘဆီက လှမ်းတောင်းထားတာပေ့ါ"

လိမ်သင့်သည့်ကိစ္စမို့ လိမ်လိုက်သည်။

"သြော်. . . မင်း မိဘတွေတောင် စီးပွားရေး တော်တော်ခိုင်မာလာပြီပဲ"

မယ်ညိုချော ဘာမှမပြောပဲ လှည့်ထွက်မည်အလုပ်. . .

"မင်း မောင့်ကို ဘာမှပြောစရာ မရှိတော့ဘူးလား ညိုချော"

"ရှင်နဲ့ကျွန်မကြားမှာ ဘာများပြောစရာ ကျန်တော့လို့လဲ၊ ကျန်တာဆိုလို့ ကွာရှင်းစာချုပ်မှာ လက်မှတ်ထိုးရုံပဲလေ၊ ရှင့် ဘက်က ကွာရှင်းဖို့တောင်းဆိုလာတာနဲ့ ကျွန်မဘက်ကလည်း အဆင်သင့်ပဲ"

"မင်း မစွပ်စွဲနဲ့"

"စွပ်စွဲတာ မဟုတ်ဘူး ကျွန်မမျက်စိနဲ့ကို မြင်တာ"

"ဘာကိုမြင်တာလဲ အဲဒီစကားကို ငါက ပြောရမှာကွ"

"အဟတ်. . ရှင်တော်တော်ကြောင်တဲ့လူပဲ၊ မနေ့က ကျွန်မ ဒဂုံစင်တာမှာ ဈေးဝယ်ထွက်ပြီး ကော်ဖီဝင်သောက်တော့ ရှင်နဲ့ရှင့်





ကောင်မကို ကလေကချေတွေလို လှမ်းတွေ့လိုက်တာလေ"

"မင်းကရော ကော်ဖီဆိုင်မှာ ဘာလုပ်နေတာလဲ ဘယ်သူနဲ့လဲ"

"ကော်ဖီဆိုင်မှာ ဘာသွားလုပ်ရမှာလဲ ကော်ဖီဝင်သောက်တာပေ့ါ"

"ဘယ်သူနဲ့လဲ"

ပြောင်လိမ်ရမည့် အခြေအနေမို့ ပြောင်ပင်. . .

"ဘယ်သူနဲ့ရမှာလည်း တစ်ယောက်ထဲလေ ကျွန်မလင်က ကျွန်မနားမှာရှိလို့လား၊ တခြားတစ်ယောက်နဲ့ ဖောက်ပြန်နေတာလေ၊ ဒီတော့ ကော်ဖီဆိုင်ထိုင်လည်း တစ်ယောက်ထဲပေ့ါ"

ကိုယ့်အပြစ်ကိုယ် ဝန်မခံသူများအပြစ်ကိုသာ လက်ညှိုးငေါက်ငေါက်ထိုးပြောနေသော ညိုချော့ကိုကြည့်ပြီး အာကာမင်းမောင် စိတ်ပျက်မိသည်။

မြတ်နိုးနှင့်ရိုးသားတာ ကိုယ်သာအသိဆုံး။ သို့သော် မဟုတ်ပါဘူးဟုလည်း မငြင်းဆန်ချင်တော့သလို ဝန်မခံချင်သူကိုလည်း အတင်းဇွတ် ဝန်မခံခိုင်းချင်တော့။

အမှန်တရားဆိုတာ တစ်ချိန်ချိန်မှာတော့ ပေါ်လာစမြဲပဲ။

"တစ်အချိန်ကျမှ ကိုယ့်အမှားကိုယ် ဝန်ချတောင်းပန်ဖို့အတွက် ငါ့နှင့်လွှတ်နိုင်မယ့် စကားလုံးတွေကို ကြိုရွေးထားလိုက် ညိုချော"

ထိုစကားသည် ညိုချောအတွက် ရယ်စရာပြက်လုံးဖြစ်သွားသလား မပြောတတ် ခွက်ထိုးခွက်လန် အော်ရယ်သည်။

"ဘယ်လို. . ကျွန်မက ရှင့်ကို တောင်းပန်ဖို့ စကားလုံးရွေးထားရမယ် ဟုတ်လား၊ ရှင် ရူးသွားပြီ အဲ့ဒီအတွက် ကျွန်မကိုယ်



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ့ပဲ သနားလိုက်တော့မယ် အရူးကို လင်လုပ်မိလို့လေ"

"အယ်"

စကားကို အနိုင်ပိုင်းပြီးပြောကာ ချာခနဲလှည့်ထွက်သွားသော ညီချောကို ပြန်ချေပဖို့ စကားလုံးရှာမရတော့သူက ကိုယ့်ကိုယ်တိုင်ပင်. . .

ကိုယ်က အရူးတဲ့။ ဟုတ်တယ် ညီချော၊ မင်းရဲ့ဖောက်ပြန်ခြင်းတွေကို ချောင်းမြောင်းပြီး အမှန်တရားကို ရှာဖွေနေတဲ့ အရူးပါ။

ငါ မင်းဝန်မခံမချင်း မင်းကိုထပ်ပြီး မစွပ်စွဲတော့ဘူး၊ အဲဒါ ဘာဖြစ်လို့လဲဆိုတော့. . . အမှန်တရားက ငါ့ဘက်မှာရှိနေလို့ပဲ။

"**အ**ကာ ငါ့ခယ်မမှာ ကိုယ်ဝန်ရှိနေပြီကွ"

အိမ်ပေါ်တောင် မတက်ရသေး ဝမ်းသာအားရလှမ်းပြောနေသော ကျော်ထူးကိုကြည့်ကာ မအံ့သြပဲ မနေနိုင်။

ခယ်မ လင်ကောင်မပေါ်ပဲ ကိုယ်ဝန်ရှိတာကို ခဲအိုက ပျော်နေသတဲ့လား။ သိပြီးသား ကိစ္စဖြစ်ပေမဲ့ မသိချင်ဟန်ဆောင်ကာ။





"ဟော့ကောင် မင်းကွာ တိုးတိုးသက်သာ လုပ်စမ်းပါ။ ခယ်မ ကိုယ်ဝန်ရှိတာ မင်းမယားမနဲ့ ကိုယ်ဝန်ရှိတာလားကွ"

"ဟာ. . ငါ့မယားက မစွံပါဘူးကွာ အဟားဟား၊ ငါလည်း အဲလိုမှန်းသိရင် ငါ့မယားကို facebook နဲ့ ဖောက်ပြန်ခိုင်းပါတယ်ကွာ"

ထူးဆန်းသော ကျော်ထူးစကားက အပြစ်တစ်ခုရယ်လို့ မညွှန်းဆိုနေ။

"မင်းကွာ facebook နဲ့ ဖောက်ပြန်ခိုင်းရအောင် facebook က သက်ရှိမို့လို့လား၊ ဘာတွေပြောနေမှန်းကို မသိဘူး"

"မင်း တော်တော်ဝေးသေးတာပဲကွ၊ ခု ငါ့ခယ်မက facebook ပေါ်တက်ပြီး အချစ်ရှာလို့ ခုလို ကိုယ်ဝန်ရတာလေကွာ၊ ငါ့မိန်းမလည်း အဲလိုကိုယ်ဝန်ရရင် ငါအမြုံဆိုတာ လူမသိတော့ဘူးပေါ့ကွာ"

ကျော်ထူး ထောင်တန်တဲ့ စကားရယ်ပေါ့အောင် လုပ်နေသည်။

"မင်းက သူများယောကျ်ားနဲ့ ကိုယ့်မိန်းမဖောက်ပြန်ပြီး ရလာတဲ့ကလေးကို လှည်းကြိုးထမ်းမလို့လား"

ထိုအမေးကိုမဖြေပဲ ကျော်ထူး ပါးစပ်အဟောင်းသားဖြင့် ကြည့်ပြီး. . .

"အဲ. . အဲလိုတော့ ဘယ်ဟုတ်မလဲ၊ ဒါပေမဲ့. . ငါတို့အိမ်ထောင်ရေးက ဆယ်နှစ်ကျော်ပြီ ငါ့မိန်းမက ခုထိ ကိုယ်ဝန်မှမရသေးတာ အဲ့ဒါ ငါ့အားနည်းချက်ကြောင့်ပဲ၊ ကလေးလိုချင်နေတာက ငါ့မိန်းမ၊ တကယ်ကလေးရသွားတာက ငါ့ခယ်မ၊ တကယ်တော့ အဲ့ဒီအွန်လိုင်းပေါ်ကို မိန်းကလေးတွေ မကျက်စားသင့်ဘူးကွာ၊ တ


www.burmeseclassic.com

www.burmeseclassic.com



ကယ့်ကို အဆိပ်အတောက်တွေ ပြည့်နှက်နေတယ်၊ မာယာတွေအ ရောင်စုံနေတယ်၊ မိန်းကလေး ဘယ်နှစ်ယောက်ရဲ့ အသွေးအသား တွေ ပေးဆပ်ခဲ့ရပြီးပြီလဲဆိုတာ ငါတို့ မသိနိုင်ပေမယ့် ငါ့ခယ်မလို မိန်းကလေးတွေ အများကြီးရှိမှာပါကွာ၊ တချို့ဆိုရင် မိန်းကလေး တွေရဲ့ဓါတ်ပုံကို ညစ်ညမ်းပုံတွေအဖြစ် ပြင်ဆင်ပြီး ပြန်အသုံးချကြ တာ ဘယ်လောက် ယုတ်မာလိုက်ကြသလဲ"

ကျော်ထူးစကားက ပေါ့ပေါ့တန်တန်ဟု ယူဆထားရာမှ တဖြည်းဖြည်း လေးနက်လာသည်။

"မိန်းမတွေ တော်တော် အံ့ဩစရာကောင်းတယ်ကွာ၊ ဝါ သနာမတူ စရိုက်မတူကြပေမယ့် ယုံလွယ်ကြတာကတော့ တူတယ် ကွ၊ ငါ့ခယ်မက facebook သုံးပြီး အဲ့လူယုတ်မာကြောင့် ကိုယ်ဝန်ရ တယ်၊ ငါ့မိန်းမက facebook သုံးပြီး ကိုယ်ဝန်တော့မရဘူးပေါ့ကွာ"

ကျော်ထူးမျက်နှာမှာ စောစောကလောက် မကြည်လင် တော့. . .

"မင်းရော ဘာတွေခံစားနေရပြန်ပြီလဲ ကျော်ထူး"

"မင်း မသိပါဘူးကွာ"

"အေးလေ ငါမသိလို့ မင်းကို မေးနေတာပေါ့ကွ၊ သိရင် လေကုန်ခံပြီး မေးမလား၊ ငါက မင်းမိန်းမက ရိုးရိုးအေးအေးကြီး facebook မသုံးလောက်ဘူးလို့ ထင်ထားတာ"

မန္တဲ့ ရိုးတာအတာ ခုမှမဟုတ် ဟိုးတုန်းကတည်းက၊ ခုအ တွေ ဆန်းပြားနေလို့ ကျော်ထူးမျက်နှာကြီး ချက်ချင်းညိုမှောင်သွား ရသလဲ။

"အရင်တုန်းကတော့ မသုံးပါဘူး၊ ခုတော့ သူများတွေသုံး သလို သူမှ facebook မသုံးရင် ခေတ်မမီဘူးဆိုပြီး သူလည်း အ





count ဖွင့်ပြီး သုံးတယ်ကွာ၊ ဒါပေမဲ့ ငါ့မိန်းမက သူညီမလို အကောင် တွေနဲ့ကြုံပြီး ကိုယ်ဝန်မရှိပဲနဲ့ ငါ့အိမ်မှာရှိစုမဲ့စု စည်းစိမ်လေးတွေ မြုတ်အောင် ဖြုန်းပေးတော့တာပါပဲ၊ ငါမပြောဘူးလို့ ရင်ထဲမှာ အောင်းထားတာပါ ဒါပေမဲ့ ငါမအောင်းနိုင်တော့ဘူး"

"မအောင်းထားနဲ့ သူငယ်ချင်း၊ မဟုတ်မှလွဲရော မင်းမိန်းမ လည်း ငါ့မိန်းမလို အွန်လိုင်းပေါ်က လူလိမ်တွေနဲ့တွေ့ပြီး အလိမ်ခံ လိုက်ရပြန်ပြီလား"

မတွေးနိုင်မအန်နိုင် ဖြစ်နေသော ကျော်ထူးကို ကြံဖန်အား ပေးရတော့မည်။ ဒုက္ခသည်ချင်း အတူတူမဟုတ်လား။

"အဲလိုပဲ ပြောရမလား ဟိုလိုပဲပြောရမလားတောင် မသိ တော့ပါဘူးကွာ"

ကြက်ကြီးလည်လိမ်သလိုကြီးဖြစ်နေသော ကျော်ထူးကို အားမလိုအားမရဖြစ်ကာ. . .

"ရှင်းအောင်ပြောစမ်းပါ ကျော်ထူးရာ မင်း မိန်းမကရော ဘာတွေဖြစ်ပြန်ပြီလဲ ငါ ဘာကူညီရမလဲ"

ဘဝတူတွေမို့ အချင်းချင်း ရင်ဖွင့်ကြရုံပင်။

"ဒီလိုကွ ငါ့မိန်းမကတော့ မင်းမိန်းမလို အွန်လိုင်းပေါ်မှာ အချစ်မရှာပါဘူး၊ အိမ်ရဲ့စီးပွားရေး အထောက်အကူဖြစ်အောင်ဆိုပြီး ငွေရှာချင်တဲ့ သူပေါ့ကွာ၊ အဲဒီမှာတင် အွန်လိုင်းပေါ်မှာ 2D 3D ဆိုတဲ့ ချဲသမားတွေနဲ့ fri ဖြစ်ပြီး ပေါက်ကဏန်းနောက် လိုက်ရင်း လိုက်ရင်းနဲ့ ခုတော့ နှစ်လုံးသုံးလုံး ကြွေးတွေတင်ပြီး ငါ့ရဲ့ အိမ်ဂရန် တို့ ခိုးပေါင်ထားတယ်တဲ့ကွာ"

"ဟင်"

မန္တဲ့ရောဂါကတစ်မျိုး ညိုချောရောဂါကတစ်မျိုးမို့ ကျော်ထူး



www.burmeseclassic.com

www.burmeseclassic.com

နှင့်သူ ခံစားရသော ဝေဒနာကလည်း ကွဲပြားသည်။ ထို့ကြောင့် သက်ပြင်းမောကို ခပ်ရှည်ရှည်ဆွဲဆန့် မှုတ်ထုတ်လိုက်ပြီး. . .

"ခက်တယ်ကွာ ဒီကိစ္စက ဘယ်သူမပြု မိမိမှုလို့ပဲ ပြောရမလိုဖြစ်နေပါပြီ၊ ခေတ်နဲ့အညီ တိုးတက်ပြောင်းလဲလာတဲ့ ဒီနေ့လိုခေတ်ကြီးမျိုးမှာ အွန်လိုင်းသတင်းဆိုတာ လူတွေကို အကျိုးပြုပေမယ့် တစ်ချို့အကြောင်းအရာတွေကတော့ လူတွေကို ဘေးဖြစ်စေတာတော့ အမှန်ပဲကွာ"

"ဒါပဲလေ ခုတော့ ငါ့မှာ ခယ်မရဲ့မွေးလာတဲ့သားကို အဖေအမည်ခံပေးရဦးမယ်၊ ငါ သိပ်လိုချင်နေတဲ့ကလေးကို ငါ့မိန်းမက မွေးမပေးနိုင်လို့ ငါ့ခယ်မက မွေးပေးသလိုဖြစ်နေပြီ"

"အဲ့ဒါကို မင်းက ဝမ်းသာနေတာလား"

"အဆိုးထဲက အကောင်းပေါ့ကွာ၊ ဒါပေမဲ့ အခု ငါ့မှာ ဒီအိမ်ဂရန်ကို ဘယ်လိုပြန်ရွေးရမှန်း မသိတော့ပါဘူးကွာ၊ ဒုက္ခက ဝင်လာတော့လည်း ဆုံပြီးဝင်လာတာကွ"

"အခု မန္တလေးနဲ့မြတ်နိုးရော"

"လူမသိသူမသိ ဗိုက်သွားအပ်တယ်"

ကျော်ထူးမျက်နှာမှာ ငိုမလိုရယ်မလိုနှင့် 2 in 1 မျက်နှာဖြစ်နေသည်။ ကိုယ်ကရော ဘာထူးလို့လဲ၊ အွန်လိုင်းအဆိပ်က ကာယကံရှင်တွေတင်မဟုတ် သူတို့နှင့်ဆက်နွယ်သူတွေထံကိုပါ ဗိုင်းရပ်စ်ပိုးတစ်ခုလို ပျံ့နှံ့နေပြီ။

"မင်း ခယ်မအတွက် မင်း ဘာမှမလုပ်ပေးတော့ဘူးလား"

"ဟင် ဘာလုပ်ပေးရမှာလဲ"

"သူ ဘယ်ကောင်နဲ့ငြိခဲ့သလဲဆိုတာ 'မင်းလည်းသိနေမှာပဲ' ဘာအကြံပေးချင်တာလဲဆိုတာ ကျော်ထူး ရိပ်မိဟန်ဖြင့်





"အင်း ငါလည်း အဲလိုစဉ်းစားမိတယ်၊ ဒါပေမဲ့ တော်တော်ဖိုက်ရမယ့်ကိစ္စ၊ ပြောရရင် ဒီကိစ္စကို ငါ့ယောက်ဖသုံးကောင်သာသိသွားရင် အဲ့ကောင် ပွဲချင်းပြီးပဲ၊ ဟိုကောင်တွေက လူမိုက်တွေကွ"

"ဥပဒေကို ဘာလုပ်ဖို့ထားမှာလဲကွ ဒီအတိုင်း ဆွေးနွေးပြီးမှ တာဝန်မယူပါဘူးဆိုတဲ့ အဖြေထွက်လာရင် ဥပဒေနဲ့ဖြေရှင်းပေါ့"

"ဟ ဒီခေတ်ရဲ့ဥပဒေကလည်း တစ်ခါတစ်ရံဆိုရင် ငွေကိုသူကပြန်ပြီး ဦးခိုက်နေရတာလေ မင်းလည်းသိရဲ့သားနဲ့"

"ဒါဆိုရင် မြတ်နိုးကို လင်ကောင်မပေါ်ပဲ မွေးခိုင်းတော့မလို့လား၊ ဒီကိစ္စက ဖုံးထားလို့ရတာ မဟုတ်ဘူးနော် မင်းရဲ့ယောက္ခတွေ ယောက်ဖတွေကရော တစ်ချိန်မှာ မသိပဲနေမလား"

ဒီတစ်ခါသက်ပြင်းရှည်ရှည်ဆွဲသူက ကျော်ထူးဖြစ်၏။

"အေးကွာ ဖြည်းဖြည်းချင်း ပြောယူရမှာပဲ"

"လောကမှာ ဒီလိုကောင်မျိုးတွေရှိလို့ အင်တာနက်ဆိုးကျိုးတွေဖြစ်နေတာ၊ အဲကောင်တွေက အင်တာနက်ဗိုင်းရပ်စ်တွေကွ၊ အဲဒီ ဗိုင်းရပ်စ်ပိုးကို မနူးမနပ်မိန်းမတွေရော ငါ့မိန်းမလို နူးပြီးနပ်ပြီးမိန်းမတွေပါ အကူးစက်ခံနေကြတာ၊ အဟုတ် အွန်လိုင်းမင်းသမီးဖြစ်ချင်ကြတာကိုး"

ပြောရင်းဖြင့် နာနာကျင်ကျင် ရယ်လိုက်သည်။ ကျော်ထူးကတော့ လိုက်မရယ်နိုင်ပါ သိန်းနှစ်ဆယ်နှင့်ပေါင်ထားသည့် အိမ်ဂရန်ကို ဘယ်လိုပြန်ရွေးရမလဲဆိုသည့် သောကအပူသည် သူ့တစ်ကိုယ်လုံးကို မီးနှင့်ကင်နေသလိုပါပဲ။




www.burmeseclassic.com

www.burmeseclassic.com






# အခန်း (၁၆)

"စာဖိုမှူးကြီး သူဌေးက သူ့ရုံးခန်းကို ခဏလာခဲ့ပါတဲ့"

စားပွဲတွေ၏ အရသာကို မြည်းနေသော အာကာမင်းမောင် လက်ထဲမှ ကြွေဇွန်းကို ပန်းကန်လုံးထဲ ခပ်ဆောင့်ဆောင့်ချလိုက်ပြီး

"ဒီကောင် အားနေရင် ငါ့ကိုပဲ ရစ်စရာရှိတယ်ထင်တယ်"

စိတ်ထဲက မကျေနပ်တာတွေကို မျိုသိပ်ထားတာကြာပြီ ဘယ်နေ့ ပြဿနာအကြီးအကျယ် ဖန်တီးမိမလဲဟု ကျိန်းဝါးပြီး စားဖိုခန်းထဲမှ ထွက်ခဲ့လိုက်သည်။





ရုံးခန်းထဲအရောက် လည်သာထိုင်ခုံပေါ် ခပ်လျှောလျှော ထိုင်ကာ ခြေနှစ်ချောင်းကို ကွန်ပျူတာ စားပွဲပေါ် ဆန့်တင်ထားသော ပုံစံက အလုပ်ရှင်နှင့်မတူ။ လမ်းဘေးက တေလေဂျပိုးလိုလို သူ့သရုပ်မှန် ဗီလိန်ပါဆိုတာ ဖော်ပြနေသလိုလိုနှင့်၊ စိတ်ထဲရှိသည့်အတိုင်းသာဆိုလျှင် သူ့ရှေ့စားပွဲပေါ်မှာ တင်ထားသည့် ဖန်ဘောလုံးနှင့် မျက်နှာကို စိစိညက်ညက်ကြေအောင် ထုရိုက်ပစ်ချင်သည်။

"ဘာကိစ္စလဲ"

လေသံမာမာဖြင့်ပင် မေးလိုက်သည်။ ကိုယ့်မယားကို ကြာခိုနေသည့်ကောင်ကို ဒီထက်ပင် ရင့်သီးသင့်သေးသည်။

"ခင်ဗျား ခုတစ်လော အလုပ်တွေ အရမ်းပျက်နေတယ်ဗျာ ဒီမှာရှိနေတဲ့ စာဖိုမှူးပေါက်စနတွေက ခင်ဗျားလောက် လက်ရာမကောင်းလို့ လူတွေက သိပ်မကြိုက်ကြဘူး၊ ဒါကြောင့် အလုပ်ကိုမှန်မှန်ဆင်းပေးပါလို့ ပြောချင်တယ်"

"အလုပ်မှန်မှန်ဆင်းရင် ငါ့မိန်းမနဲ့တခြားတစ်ကောင်ဖောက်ပြန်နေတာကို ငါဘယ်လို လိုက်ချောင်းမလဲ"

ထိုစကားကို တမင်ပြောလိုက်ခြင်း ဖြစ်သည်။ သူရိယခေါ် သားရွှေသွေးမှာ ထင်မှတ်မထားသောစကားကြောင့် ကိုယ်ကို မတ်တန်ဆောင်ကာ. . .

"ဘယ်. . ဘယ်လို ခင်ဗျားမိန်းမ လင်ငယ်နေနေတာကို ပြောတာလား"

"ဟုတ်တယ် ငါ့မိန်းမကို ဗီလိန်တစ်ကောင်လိုက်ကပ်ပြီး မက်လုံးတွေပေးနေတယ်၊ ငါ့မှာအဲဒီကိစ္စနဲ့ အလုပ်တွေပျက်နေရတာ"

သားရွှေသွေး ကြိတ်ဝမ်းသာနေသော မျက်နှာပေးဖြင့်. . .

"ခင်ဗျားထက် ဟိုဗီလိန်က သာရင်တော့ ခင်ဗျား ကျုံ့ရစ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေမှာပေါ့၊ ကိုယ့်မိန်းမကတောင် တခြားယောကျ်ားတစ်ယောက် အပေါ်မှာ စိတ်ယိုင်သွားတယ်ဆိုတော့ ခင်ဗျား တော်တော်ဆိုးလို့ပဲ ဖြစ်ရမယ်”

“ငါဆိုးတာထက် အဲဒီ လူယုတ်မာ ဗီလိန်ကောင်က မိန်းမ တွေကို လိုက်ဖျက်ဆီးနေတာ၊ ဒါကိုငါသိပေမယ့် ငါ့မိန်းမက မသိ ဘူးလေ၊ ဒါကြောင့် ငါ့မိန်းမကို ငါလိုက်ပြီး ကာကွယ်နေတာ”

သားရွှေသွေး ဒူးတန့်နှံ့ဖြင့်. . .

“ဒါပေါ့ လိုက်စောင့်ရှောက်ရမှာပေါ့ ခင်ဗျားမိန်းမရော အဲ ဒီကောင်ရော တားမရဆီးမရဘူးဆိုရင် ခင်ဗျား သတ်ပစ်သင့်ရင် တောင် သတ်ပစ်ရမှာ”

ဒီကောင် သူကိုပြော၍ ပြောမှန်းမသိပဲ ငါ့ကိုလာပြီး ချောက် တွန်းနေသေးတယ်ဟု စိတ်ထဲက အငြိုးတကြီးတွေးကာ ပစ်ပစ်နှစ် နှစ် ဆဲရေးတိုင်းထွာလိုက်သည်။

“ဒါပေါ့ ငါက ငါ့မိန်းမကို ကြာခိုချင်တဲ့ လူယုတ်မာကောင် ကိုရော ငါ့မိန်းမကိုပါ သတ်ပစ်မှာ၊ ဒါကြောင့် သူတို့သွားလေရာကို လိုက်ချောင်းနေတာလေ၊ နှစ်ယောက်သား ပူးကပ်ပြီးတွေ့လို့ကတော့ သူတို့နှစ်ယောက်ကို အဆိပ်ကျွေးသတ်ပြီး သူတို့နှစ်ယောက်ရဲ့အ လောင်းကို အသားကြိတ်စက်နဲ့ ထည့်ကြိတ်ပြီး ခွေးစာကျွေးပစ်မှာ”

“ဟာ. . ကောင်းလိုက်တဲ့ လက်စားချေနည်းဗျာ၊ သိပ်ကို နားထောင်လို့ ကောင်းတယ်၊ အရမ်းကိုဂန္ထဝင်မြောက်တဲ့လက်စား ချေနည်း၊ အဲ. . ဒါနဲ့နေပါဦး ခင်ဗျားက သူတို့နှစ်ယောက်ကို အဲ့သ လို လက်စားချေပြီးရင် ယောကျ်ားတန်မဲ့ အဖမ်းမခံပဲထွက်ပြေးမယ် မဟုတ်လား၊ အဲလိုလုပ်ရင်တော့ ခင်ဗျားတစ်သက်လုံး လူဖြစ်ရှုံးမှာ၊ ဒီတော့ ထွက်မပြေးပဲ အဖမ်းသာခံလိုက်. . မသကာအပြစ်ကျတော့





လည်း တစ်သက်တစ်ကျွန်းပေါ့ဗျာ၊ ဟုတ်ဘူးလား ယောကျ်ားဆိုတာ လုပ်ရဲရင် ခံရဲရတယ်ဗျ”

“ဒါပေါ့ ငါက အဲဒီကောင်ကို အဆိပ်ကျွေးပြီး အဲဒီအကောင် မျက်လုံးပြူး မျက်ဆံပြူးနဲ့ ပါးစပ်က အမြှုပ်တစီစီထွက်ပြီး ဆန့်ငင် ဆန့်ငင် ဖြစ်နေချိန်မှာလေ သူများလယ်မြေယာမြေကို ကျူးကျော်ချင် တဲ့ အဲဒီကောင်ရဲ့ငယ်ပါကို စဥ့်နှီတုံးပေါ်မှာ နုတ်နုတ်စင်းပစ်ပြီး facebook ပေါ်တင်ပစ်ဦးမှာ၊ ဗီလိန်တစ်ကောင်ရဲ့ ဇာတ်သိမ်းခန်း ဆိုတဲ့ status ရေးပြီးတော့လေ”

သူ့ကိုရည်ညွှန်းပြီး ပြောနေသည်ဆိုတာကို နည်းနည်းမှ မရိပ်မိသော သားရွှေသွေးမှာ အာကာမင်းမောင်၏ ဂလဲ့စားချေခန်း ကို အားရပါးရ နားထောင်ပြီး. . .

“ဟား. . ကောင်းလိုက်တဲ့ လက်စားချေနည်းပဲဗျာ၊ ခင်ဗျား ဘဝအတွက် မှတ်တမ်းတောင် တင်သင့်ပါသေးတယ်၊ ဒီတော့. . ခင်ဗျားရဲ့ရန်ကြွေးကို ကြေအောင်သာဆပ်၊ ခင်ဗျားထောင်ကျသွား ရင် ထောင်ထဲမှာ မပူမပင်နဲ့ သေတဲ့အထိ နေသွားဖို့ ကျုပ်ကတာဝန် ယူတယ်ဗျာ”

စိတ်ထဲမှာတော့ ခင်ဗျားလို လူ့ဂွစာကို တစ်သက်တစ်ကျွန်း မဟုတ်ဘူး ဆယ်သက်ဆယ်ကျွန်း ချပစ်လိုက်ရမှာဟု ပြောလိုက် သည်။ လောကမှာ ကျုပ်သောက်မြင်အကပ်ဆုံးလူက ခင်ဗျားပဲဗျ အာကာမင်းမောင်ဆိုတဲ့ စာဖိုမှူးစုတ်ရဲ့. . .။

“မင်း ငါ့အပေါ် အဲလောက်ကောင်းလိမ့်မယ်လို့ ငါထင် တောင်မထားဘူး၊ စိတ်ချပါ မင်းရဲ့အလျှုဒါနမြောက်အောင် ငါ့မိန်းမ ကို ကြာကူလီရိုက်တဲ့ ဗီလိန်ကောင်ကို ပိုးစိုးပက်စက်သေရအောင် ကို အကြိမ်ကြိမ်သတ်ပစ်မယ်”



www.burmeseclassic.com

www.burmeseclassic.com



အာကာမင်းမောင်စိတ်ထဲတွင် ငါသတ်မယ့်ကောင်က မင်းပဲဟု ကျိန်းဝါးနေသည်ကိုသာ သားရွှေသွေး ကြားခဲ့မည်ဆိုလျှင် မည်သို့နေမည်မသိ။

"ပြီးရင် ထောင်ထဲမှာ မင်းထောက်ပံ့ပေးတာနဲ့ ငြိမ့်မယ်၊ အဲဒီအချိန်ကျရင်သာ မင်းစကားနဲ့ မင်းတည်ပါစေ"

"ကျုပ်ယောက်ျားပါဗျ၊ ခင်ဗျားသာ ဂလဲ့စားချေဖြစ်အောင်ကြိုးစား"

"အေးပါ မင်းလည်း ဒီဆိုင်ရဲ့သူဌေးအသစ်ကို ထပ်ရှာထား"

"ဘာ. . ကျုပ်က ဘာကြောင့် သူဌေးအသစ်ရှာရမှာတုန်း ကျုပ် သေမှာမို့လား"

သူ့အလှည့်ကျတော့ စကားပင်အများမခံ. . .။

"ဟာ. . ဆောရီး၊ ငါပြောချင်တာ စာဖိုမှူးအသစ်ရှာထားလို့ ပြောတာ၊ ငါထောင်ထဲရောက်ရင် ငါ့နေရာမှာ အစားထိုးဖို့ပေါ့"

"ဒါတော့ မပူနဲ့၊ ဒီနေ့ပဲ သတင်းစာမှာ ကြော်ငြာထည့်လိုက်မယ် မနက်ဖြန်ဆို ဆိုင်ရှေ့မှာ အလုပ်လာလျှောက်တဲ့ လူတွေပြည့်နေစေရမယ်"

လူနှင့်လေလုံးနှင့်မလိုက်အောင် စကားထွားနေသော သူရိယဆိုတဲ့ကောင် သူ့သေတွင်းဝမှာ သူရပ်နေပါလားဆိုတာ နည်းနည်းကလေးမှ သိပုံမပေါ်၊ သူများထောင်ကျဖို့အရေး အူမြူးနေလိုက်ပုံများ ရာဇဝင်ပင်တွင်လောက်သည်။

"ဒုန်း. . ဒုန်း. ."

"ဟေ့. . အခန်းတံခါးကို ဘယ်သူထုနေတာလဲ မင်းပထွေး တံခါးက ဖွင့်ထားတယ်၊ ဝင်လာစရာရှိတာဝင်လာ"

တစ်ခါမှ လေပေးမဖြောင့်ဖူးသော စားဖိုမှူးနှင့်စကား





ကောင်းနေကာမှ ဘယ်ကောင်က တံခါးလာထုနေမှန်း မသိ၍ ဟောက်စားလုပ်လိုက်သည်။ ကိုယ်က ဒီဆိုင်ရဲ့အုပ်ချုပ်သူပဲ အာဏာကို အပြည့်သုံးခွင့်ရှိသည်။

"ဝုန်း"

အခန်းတံခါး ဝုန်းခနဲပွင့်လာသည်။ သားရွှေသွေးနှင့် အာကာမင်းမောင် တံခါးဆီသို့ ပြိုင်တူလှမ်းကြည့်လိုက်ကြသည်။ လုံးဝမမြင်ဖူးသော လူစိမ်းသုံးယောက် မာဖီးယားဂိုဏ်းသားတွေလို မျက်နှာပေးဖြင့် ဝင်လာ၏။

"ဟေ့. . ခင်ဗျားတို့ ဘယ်သူတွေလဲ စာဖိုမှူးကြီးနေဦးဗျ"

ထိုလူတွေကို အထက်စီးနင်းလေသံဖြင့် လှမ်းမေးပြီး ဧည့်သည်တွေမို့ ပြန်လှည့်ဖို့ခြေလှမ်းပြင်နေသော အာကာမင်းမောင်ကို လက်လှမ်းဆွဲပြီး တားသည်။

"ဘာလဲ. . ဧည့်သည် လာနေတယ်လေ၊ ငါမင်းနဲ့ပြောစရာစကားမရှိတော့ဘူး"

"ကျုပ် မသိတဲ့ဧည့်သည်တွေဗျ ခင်ဗျား အဖော်နေပေး"

သားရွှေသွေး သတ္တိက ရဲရဲတောက်မှန်း ခုမှပင်သိတော့၏။

"မင်းလား သူရိယဆိုတာ"

ထိုလူသုံးယောက်ထဲမှတစ်ယောက်က လူမိုက်လေသံဖြင့် မေးသည်။ သားရွှေသွေး နည်းနည်းတော့ သွေးပျက်နေသည် သူရိယဆိုတဲ့နာမည်က ကောင်မလေးတွေနှင့် သုံးသည့်နာမည် ဖြစ်သည်မို့ ထိုလူတွေလာတာ လာခြင်းကောင်းသောလာခြင်း မဟုတ်နိုင်တော့

"ကျုပ်နာမည် သားရွှေသွေးပါ"

"မင်းဟာမင်း သားရွှေသွေးမကလို့ သမီးရွှေသွေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့စိတ်မဝင်စားဘူး၊ ငါတို့သိတာ မင်းဟာ သူရိယ၊ ပြီးတော့ ငါတို့က မြတ်နိုးရဲ့အစ်ကိုသုံးယောက်"

အာကာမင်းမောင် မျက်ခုံးနှစ်ဖက် မသိမသာ မြင့်တက်သွားကာ ထိုလူသုံးယောက်ကို ကြည့်လိုက်သည်။ ထိုလူသုံးယောက်မှာ အာကာမင်းမောင်ကို ရှိသည်ဟုပင် မထင်ပုံဖြင့် သားရွှေသွေးကိုသာ ကျားကုတ်ကျားခဲ ခဲဖို့ ဝိုင်းအုံနေကြ၏။

"ဗျာ. . မြတ်. . မြတ်နိုး ဟုတ်လား၊ ဘယ်. . ဘယ်က မြတ်နိုးလဲ မသိဘူးဗျ"

"ဟော့ကောင် လူယုတ်မာ၊ မင်းအဲလိုငြင်းမယ်ဆိုတာသိလို့ ငါတို့ကလည်း ဓါတ်ပုံယူလာတာ"

အလယ်မှာရပ်နေသောတစ်ယောက်က သူ့အိတ်ကပ်ထဲမှ ဓါတ်ပုံကို ထုတ်ပြသည်။ စုံတွဲရိုက်ထားသည့်ပုံမို့ သားရွှေသွေးတစ်ယောက် ဘယ်လိုမှငြင်း၍မရ။

"သြော်. . မြတ်နိုးရဲ့အစ်ကိုတွေပဲ၊ အဟဲ. . တွေ့ရတာဝမ်းသာပါတယ်"

မျက်နှာချိုသွေးကာ လက်ဆွဲနှုတ်ဆက်သည်။ မြတ်နိုးအစ်ကို သုံးယောက်ကလည်း သွားဖြီးလေးတွေဖြင့် လက်ဆွဲနှုတ်ဆက်သည်။

"မြတ်နိုး အစ်ကိုတွေသာဆိုတယ် အစ်ကိုတို့ကျတော့ အသားမည်းတယ်နော်"

"အေး ဟုတ်တယ်ကွ ငါတို့က ငါ့အမေရဲ့ ပထမယောကျ်ားနဲ့မွေးလို့. .၊ အဲ. . ဘာ. . ဘာကွ"

ယောင်တတ်သော အစ်ကိုကြီးကို အစ်ကိုလတ်က ခါးတို့ပြီး သတိပေးမှ အယောင်ကိုရပ်ကာ မျက်နှာပြန်၍တည်သွားကာ. . .





"သြော် အစ်ကိုတို့က အသားမည်းပေမယ့် မည်းချောလေးတွေနော်"

"ကဲပါ ခုလာရင်းကိစ္စကို ပြောမယ်"

"ဟုတ်ကဲ့ ပြောပါ၊ မြတ်နိုး မင်္ဂလာဆောင်သွားလို့လား"

သူနှင့်ဘာမှမပတ်သက်သလိုမျိုး မေးလာသည်မို့ စူထွက်နေသော ဒေါသတို့ ပိုထွက်ကုန်ကြကာ. . .

"ငါ့ညီမက ဘယ်သူနဲ့ မင်္ဂလာဆောင်ရမှာလဲကွ၊ ခု မင်းနဲ့ရတဲ့ ကိုယ်ဝန်ကို လွယ်ထားရတယ်"

"ဗျာ. . မ. . မဖြစ်နိုင်တာပဲ အစ်ကိုတို့ရာ"

"ဒုန်း"

"အောင်မလေးဗျ ဖြည်းဖြည်းလုပ်ပါ ဒါရုံးခန်းပါဗျ"

ဖန်လုံးဖြင့် စားပွဲကို ဒုန်းခနဲထုလိုက်သံကြောင့် သားရွှေသွေး ဆတ်ခနဲ တုန်တက်သွားသည်။

"မင်းရုံးခန်းကို ဘာဂရုစိုက်ရမှာလဲ မင်းက ငါ့ညီမကို ခြေတော်တင်ပြီးမှ မင်းနဲ့မဆိုင်သလို စကားပြောရလား ဟမ်၊ မင်းတော့ ငယ်ငယ်ရွယ်ရွယ်နဲ့ လူ့လောကထဲကနေ ခေါင်းတစ်ပိုင်းကိုယ်တစ်ပိုင်းနဲ့ မီးသဂြိုလ်ခံချင်နေပြီထင်တယ် ဟုတ်လား"

သားရွှေသွေးအကျီကော်လံစကို ဆောင့်ဆွဲပြီး ကျိန်းဝါးလိုက်သော စကားကြောင့် သားရွှေသွေး လန့်သွားသည်။ အာကာမင်းမောင် စိတ်ထဲမှကြိတ်ပြီး လက်ခုပ်ဩဘာတီးလိုက်သည်။ ကိုယ်လက်သံမပြောင်ခင်မှာ ကိုယ့်ထက်အရင် လက်သံပြောင်မယ့်သူတွေ ပေါ်လာပါလား ဇာတ်ရှိန်ကမြင့်လာပြီ။

"ဒီ. . ဒီမှာ အစ်ကိုတို့၊ ကျွန်တော်ပြောတာကို သေချာနားထောင်ပါဦးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် မင်း စကားကိုနားထောင်ဖို့ ငါတို့လာတာ မဟုတ်ဘူး၊ မင်းကိုလာခေါ်တာ"

"ဗျာ"

သားရွှေသွေး မျက်စိသူငယ်နားသူငယ်နှင့် ဘယ်လိုက်လို့ လိုက်ရမှန်းမသိ။ လူသန်ကြီးတွေက တကယ်ဆော်မည့်ပုံစံတွေ ကိုယ့်ဘက်က တစ်ချက်မှားတာနဲ့ ကိုယ့်ခန္ဓာကိုယ်သေးသေးလေး အစတောင် ရှာရတော့မည်မဟုတ်။ မြတ်နိုးတစ်ခါ ပြောဖူးသည် သူ့အစ်ကိုတွေက ထောင်ထွက်တွေတဲ့၊ ဒီတော့ ကိုယ့်ဘက်က သိပ်တင်း၍မဖြစ်။

"မင်း ခုချက်ချင်း ငါတို့နဲ့လိုက်ခဲ့ရမယ်. . ထ"

"မ. . မနက်ဖြန်မှ လိုက်လို့မဖြစ်ဘူးလား၊ ဒီ. . ဒီနေ့ ကျွန်တော်ချိန်းထားတာလေးရှိလို့"

"မရဘူး"

ဒုက္ခပါပဲ ဒီနေ့ မယ်ညိုချောနှင့်ချိန်းထားသည်ဆိုကာမှ ဗြုလ်သုံးကောင်က လာမွှေနေသည်။

"ရလိုက်ပါ အစ်ကိုတို့ရယ်၊ ကျွန်တော် အရမ်းအရေးကြီးတဲ့ ကိစ္စလေးရှိလို့ပါ၊ မနက်ဖြန် ကျိန်းသေလိုက်ပါ့မယ်"

"မရဘူးကွ ငါတို့က လိုက်ဆိုလိုက်၊ ဆက်ပြီး ပေကပ်နေရင်တော့. . ဟော့ကောင် လှန်ပြလိုက်စမ်း"

"မ. . မကြည့်ပါရစေနဲ့ အချင်းချင်းကိုဗျာ"

"ဟာ. . အလတ်ကောင် ငါက ဘာလှန်ပြရမှာလဲကွ မင်းဟာက အရင်းမရှိအဖျားမရှိ"

"ဟာ. . ငါလခွီးမှပဲ ငါပြောတာ မင်းခါးကြားမှာ ထိုးထားတဲ့ ဓါးကိုလှန်ပြလို့ပြောတာ"





"ဟင်. . ဘုရား. . ဘုရား"

သားရွှေသွေး ချောင်ပိတ်မိနေသည်။ အာကာမင်းမောင်ကို အားကိုးတကြီးကြည့်ပြီး အသံတိတ် အကူအညီတောင်းသည်။

အာကာမင်းမောင် ပခုံးကိုဆတ်ခနဲတွန့်ပြကာ သူလည်း ဘာမှ မတတ်နိုင်ကြောင်း အသံတိတ်အကြည့်ဖြင့် ပြောလိုက်သည်။ အားကိုးရာမဲ့ကာ ငိုမဲ့မဲ့ဖြစ်သွားသော သားရွှေသွေး မျက်နှာသည် စက္ကူစုတ်တစ်ရွက်လို ကြေမွနေ၏။ အာကာမင်းမောင် ကိုယ်လုပ်ချင်သော တုန့်ပြန်မှုတွေကို မြင်တွေ့နေရ၍ ကြည့်ရတာ အရသာ ရှိလှပေစွ။

"ကျွန်. . ကျွန်တော် စခန်းကို ဖုန်းဆက်လိုက်မှာနော်"

"ဆက်လေ ရဲတွေရောက်မလာခင် မင်းဗိုက်ထဲက ပုတ်ပွန်ဟောင်နေတဲ့အူတွေ အခွေလိုက် ထွက်သွားမှာပေါ့၊ ငါ ဘာအမှုနဲ့ ထောင်ကျသလဲ မင်းသိလား၊ လူသတ်မှုကွ. . လူသတ်မှု. ."

သားရွှေသွေး၏ အင်္ကျီရင်ဘတ်စကို ဆောင့်ဆွဲကာ မေးစေ့ကို ဓါးဖြင့်ထောက်ပြီး ကျိန်းဝါးနေပုံက တကယ်လုပ်မည့်ပုံ. . .

"အ. . နာ. . နာတယ်ဗျ၊ ဓါးက ရှယ်မယ်ဆိုလည်း ခတ်ခွာခွာလေးရွယ်ပါ နာတယ်ဗျ"

"အေး. . အသားအနာမခံချင်ရင် မင်း ခုချက်ချင်းလိုက်ခဲ့၊ ဟော့ကောင်နှစ်ကောင် သူ့ကို ဒရွတ်ဆွဲခေါ်ခဲ့"

"ဟုတ်ကဲ့ အစ်ကိုကြီး"

လူသန်ကြီးနှစ်ယောက် သားရွှေသွေးကို ဂျိုင်းမှ ဆတ်ခနဲမလိုက်သည်။သားရွှေသွေး ဆွေ့ခနဲပါသွားသည်။

"ဟေ့. . အဲလို မဆွဲပါနဲ့ဗျ ပြန်ချပေး၊ ကျွန်တော် ဖာသာလမ်းလျှောက်လိုက်မယ်၊ လွှတ်. . ခုလွှတ်ပါ"



www.burmeseclassic.com

www.burmeseclassic.com

ယက်ကန်ယက်ကန်ဖြစ်နေသော သားရွှေသွေး သွေးရှူး သွေးတန်းဖြင့် အော်လိုက်သည်မို့ ပြိုင်တူလွှတ်လိုက်ကြသည်။

ထို့နောက်မှာတော့ စားသောက်ဆိုင်ခန်းမထဲမှ ဟန်မပျက် လိုက်သွားရတော့သည်။

"ဟာ. . ဟော့ကောင် ပြေးပြီ ပြေးပြီ "

သားရွှေသွေးတို့ ရသည့်အခွင့်အရေးကို လက်လွှတ်မခံ လူစည်ကားသော show လုပ်နေသည့် ခန်းမရှေ့အရောက်တွင် ကားခဏမှေးရပ်လိုက်သည်နှင့် ကားပေါ်မှ ဒရောသောပါးပြေးဆင်း တော့သည်။

"မင်းတို့ ငတုံးကောင်တွေ၊ စခေါ်လာကတည်းက ဒီကောင် ကို အလယ်မှာ ထားပြီးခေါ်ခဲ့ရမှာ"

"သူက အစွန်မှာ ထိုင်ပါရစေဆိုပြီး ခွင့်တောင်းတာကို"

"သူ ခွင့်တောင်းတိုင်းပေးထိုင်စရာလား"

တစ်ယောက်ကိုတစ်ယောက် အပြစ်တင်နေသံတို့နှင့် ဇေး ရာကို လွတ်အောင်ရုန်းထွက်ခဲ့သည်။ မြတ်နိုး၏ အစ်ကိုသုံးယောက်





ကလည်း နောက်ကနေ အလွတ်မပေး. . .

"အောင်မလေး ဗုဒ္ဓေါ နောကြီးသုံးကောင် လိုက်လာသေး တယ်ဟ"

လူကပြေးရလွန်း၍ မောဟိုက်နေပြီ၊ ဒီကောင်ကြီးတွေ လက်ထဲ ပြန်ရောက်သွားလျှင် ဘဝကမတွေးရဲစရာ။ ဒီတော့ စတိတ် စင်၏ အနောက်ဘက် အဝတ်လဲခန်းတွေဘက်သို့ ပြေးမိပြေးရာ စွတ်ပြေးလာခဲ့လိုက်တော့၏။ နောက်မှပြေးလိုက်လာသော ခြေသံ တွေကလည်း တဖြေးသရဲတွေ ညာသံပေးပြီး လိုက်လာသလားပင် ထင်ရ၏။ အခန်းတစ်ခုထဲကို စွပ်ခနဲ ဝင်ပုန်းလိုက်ရသည်။

"အမလေး"

"ဟာ"

ကိုရီးယားဝတ်စုံနှင့်မိန်းကလေးမှာ သွေးရှူးသွေးတန်း ပြေး ဝင်လာသော သားရွှေသွေးကိုမြင်ပြီး လန့်သွားသည်။

"ကျွန်တော် လူကောင်းပါဗျာ ကျွန်တော့်နောက်ကို လူဆိုး သုံးယောက်လိုက်လာလို့ ဝင်ပုန်းမိပုန်းရာ ဝင်ပုန်းရတာပါ၊ ကျွန်. . ကျွန်တော့်ကို ပုန်းခွင့်ပေးပါ"

"အို ဒီအခန်းကျဉ်းကျဉ်းလေးထဲ ရှင် ဘယ်မှာပုန်းမလဲ"

"ဒါ. . ဒါကလွယ်ပါတယ်ဗျာ ကျွန်တော် လုံးဝမျက်လုံးမှိတ် ထားပါ့မယ် ဘုရားပေးပေး ကျမ်းပေးပေးပါ၊ ဘယ်ကိုမှ မကြည့်ပါ ဘူး၊ ကျွန်တော့်ကိုသာ ခင်ဗျားဝတ်စုံကားကားကြီး အောက်ထဲခဏ ဝင်ပုန်းခွင့်ပြုပါ၊ ကျေးဇူးဆပ်ပါ့မယ်"

"တကယ်လား"

"တကယ်ပါဗျာ. . လုပ်. . လုပ်ပါ၊ အောင်မလေး. . ခြေသံ တွေ နီးလာပြီဗျ ဒီကောင်တွေလက်ထဲရောက်ရင် မသာဖြစ်ပြီ"



www.burmeseclassic.com

www.burmeseclassic.com

သားရွှေသွေး အသားတွေတဆတ်ဆတ်တုန်အောင်. . ကြောက်နေ၍ မိန်းကလေးမှာ လုံးဝမတတ်သာသည့်အဆုံး ကျေးဇူးကို ဘယ်နည်းနဲ့ဆပ်ဆပ် ဆပ်ပါမည်ဟု ပြောလာမှတော့ ကူညီလိုက်ရုံပင် ဒါမျိုးဂွင်ဆိုတာ ကြုံခဲလေခြင်း။

"ရှင် တကယ်ကျေးဇူးဆပ်မှာနော်"

"တကယ်ပါဗျာ. . . ခင်ဗျား ဘာခိုင်းခိုင်းလုပ်ပေးပါမယ်၊ အောင်မလေး လာနေပြီဗျ၊ လုပ်. . လုပ်ပါ ဝင်ခွင့်ပြုပါဗျာ ပုန်းစရာမရှိတော့လို့ပါ"

"ကဲ. . ဝင်. . ဝင် ဘယ်မှလျှောက်မကြည့်နဲ့နော်"

"ကြည့်လဲ မှောင်နေတာဗျာ ဘာမြင်ရမှာလဲ"

ထိုသို့ပြောပြီး ကိုရီးယားရိုးရာဝတ်စုံဝတ်ထားသော ဂါဝန်ကားကားကြီး အောက်ထဲသို့ ဆွဲခနဲလှန်ဝင်လိုက်သည်။ မှောင်မည်းနေသော အမြင်အာရုံနှင့်အတူ အောက်သိုးသိုးချဉ်စုတ်စုတ်အနံ့ကြီးကြောင့် နှာခေါင်းကိုပိတ်ကာ မနည်း အသက်အောင့်ထားရသော သားရွှေသွေးအဖြစ်က အော်ဂလီဆန်စရာ. .

"ဟွန်း. . မိန်းကလေးတဲ့၊ မျက်နှာကတော့ လိမ်းထားလိုက်တာမှုန်လို့ အတွင်းကတော့ ရေမချိုးတဲ့အတိုင်း နံဟောင်နေတာပဲ"

ခဏလည်း ဝင်ပုန်းသေးသည်။ စိတ်ထဲကလည်း ပစ်ပစ်နှစ်နှစ်ဝေဖန်လိုက်သေးသည်။ မိန်းကလေးမှာ မျက်လုံးလေးမှေးစင်းကာ ပြုံးလိုက်သည်။

"ဒီ အခန်းလေးထဲ ဝင်သွားတာလားမသိဘူး"

"နေအေး. . ဟုတ်တယ် ဒီနားတင် ပျောက်သွားတာကွ"

မြတ်နိုး အစ်ကိုသုံးယောက် ယောင်ပေပေဖြင့် ဟိုရှာဒီရှာလုပ်နေတုန်း ကိုရီးယားဝတ်စုံဝတ်ထားသည့် မိန်းကလေးမှာ လိုက်





ကာစလေးကို အသာလှပ်လိုက်သည်။

"အစ်ကိုတို့ ဘာရှာနေတာလဲ"

"ဩော်. . ညီမရေ ဒီနားကို စုတ်ချွန်းချွန်း ဖြူစုပ်စုပ် အကောင်တစ်ကောင် ဖြတ်သွားတာမြင်မိလား"

"ဩော် ဟို ဆံပင်ထောင်ထောင်နဲ့ ခပ်ပိန်ပိန်လူလား"

"အေး. . ဟုတ်တယ်"

"ဟောဟို အနောက်ပေါက်ကနေ ထွက်ပြေးသွားပြီရှင့်"

"ဟင်. . ဟုတ်လား"

"လာ. . လာ. . မြန်မြန်လိုက်၊ ဒီကောင်ကွာ ယောက်ဖမတော်ခင် တစ်ခါထဲ ဦးကျိုးအောင် ချိုးထားဦးမှ"

"ငါတို့လက်က မလွတ်ပါဘူးကွာ"

ပြောပြောဆိုဆို ကျိန်းရင်းဝါးရင်းနှင့် အနောက်ပေါက်ရှိရာသို့ ဝရုန်းသုန်းကား ပြေးလိုက်သွားကြသည်။ သားရွှေသွေး နှာခေါင်းကို လက်ဖြင့်ပိတ်ထားရင်းမှ ဝမ်းသာသွားကာ ဂါဝန်အောက်ထဲမှ ခပ်မြန်မြန်ထွက်လိုက်သည်။ အပြင်ရောက်မှ အသက်ကို ခပ်ပြင်းပြင်း မှုတ်ထုတ်ကာ. .

"သွားကြပြီမဟုတ်လား၊ ကျေး. . ကျေးဇူးတင်ပါတယ် ညီမရယ်"

"သွားကြပြီ တမင်လမ်းလွဲလိုက်တယ် ခုလောက်ဆို သူတို့လမ်းမပေါ် ရောက်သွားကြပြီ"

"ကျေးဇူးပါပဲ ညီမရယ်၊ အစ်ကို သွားတော့မယ်နော်"

"အို. . အဲလိုသွားလို့ရမလား"

သားရွှေသွေး လက်ကို အတင်းဆွဲထားသည်။

"ဟမ်. . ဘာ. . ဘာလုပ်မလို့လဲ"


www.burmeseclassic.com

www.burmeseclassic.com

"ရှင်ပြောတော့ ကျေးဇူးဆပ်မယ်ဆို"

"ဩော်. . အင်း. . ကြုံ. . ကြုံရင် ဆပ်မယ်လေ"

"အို. . မရဘူး ခုဆပ်"

ဇွတ်အတင်း ဆပ်ခိုင်းနေသည်မို့ သားရွှေသွေး စိတ်လေသွားကာ. . .

"ကဲ. . ပြော ဘယ်လိုဆပ်ရမလဲ ငွေဘယ်လောက်ပေးရမလဲ"

"ကျွန်မကို လက်ထပ်ရင်ဖြစ်တယ် ငွေမလိုဘူး"

"ဟမ်"

စောစောက အောက်သိုးသိုးချဉ်စုတ်စုတ် အနံ့ကြီး နှာခေါင်းထဲတိုးဝင်လာပြီး အယောင်ယောင်အမှားမှားဖြင့်. . .

"ဟာဗျာ နံကနံနဲ့"

"ဘာဗျ. . အဲ ဘာရှင့်"

"ဟင်"

လိုတာထက်ပို၍ နွဲ့နေသော မိန်းကလေးကို သူ၏ စကားလုံးအမှားကြောင့် ခုမှသေချာကြည့်လိုက်မိသည်။

"ဟင်. . အ. . အခြောက်ကြီးဟ"

"အို. . ရှင်နော် ဘာအခြောက်လဲ လူကိုစော်ရကားမော်ရကားပြီး အတ္တာထဲဝင်ပြီးမှ စားပြီးနားမလည်မလုပ်နဲ့ ဒီအခန်းထဲမှာ spy camera တပ်ထားတာ ရှင်သိသင့်တယ် "

"ဟမ်. . ဗုဒ္ဓေါ"

သားရွှေသွေး မြွေခြောက်ကိုက်ခံရသူနှယ်. . . စိတ်တွေဝယောက်ဂယက် ပြန်ဖြစ်လာ၏။ ဒါကြောင့် စောစောက မွှေးမနေဝံ့ နံဟောင်ပုတ်စပ်နေတာကိုးဟုလည်း ပြန်တွေးလိုက်မိသေးသည်။





မျက်နှာမှာမိတ်ကပ်တွေ ပြင်ဆင်ခြယ်သထားတော့ ရုတ်တရက် မိန်းကလေးဟုပဲထင်မိကာ အခြောက်မဟု ခပ်ရေးရေးလေးတောင် မတွေးမိ။

"ကဲ. . ဘယ်လိုလဲ သူများကို လက်ထပ်မယ်မဟုတ်လား"

"အဲ. . အဟင်း ယောကျ်ားလေး အချင်းချင်းပဲ ရပါတယ် ကိစ္စမရှိပါဘူး"

ထွက်ပေါက်ရဖို့ ဒီတစ်နည်းပဲ ရှိတော့သည်။

"တကယ်နော်"

"တ. . တကယ်ပါ၊ ခင်ဗျားလေးက ကျုပ်ကျေးဇူးရှင်ပဲ"

"အမလေး. . ဒီကိုရီးယား ဝတ်စုံလေးက လပ်ကီးကောင်းလိုက်တာ တစ်ခါထဲကို လင်တန်းရတော့တာပဲ"

"ဇူဇန်ရေ ဝတ်ကြည့်ပြီးရင်လည်း မြန်မြန်ပြန်ချွတ်တော့ဟာ၊ ဟိုမှာ နင့်မမလေးက သူ့ဝတ်စုံနင်ခိုးဝတ်တာကိုမြင်ရင် ဒေါသူပုန်ထနေလိမ့်မယ်"

"အေး. . အေးပါဟဲ့၊ ငါ ခုပဲ ပြန်ချွတ်မှာပါ"

ပြောပြောဆိုဆို လိုက်ကာစကို ဗြိခနဲဆွဲပိတ်ပြီး ဇူဇန်ဆိုသော အခြောက်မမှာ သူ့ကိုယ်ပေါ်က ကိုရီးယားဝတ်စုံကြီးကို ချွတ်ချပစ်လိုက်တော့သည်။ သားရွှေသွေး ရင်တုန်ပန်းတုန်ဖြစ်ပြီး အခန်းထဲမှ လှစ်ခနဲ ပြေးထွက်ခဲ့လိုက်တော့သည်။ ဒီအခြောက်မ ဒီပုံစံနဲ့တော့ နောက်ကပြေးလိုက်လိမ့်မည် မဟုတ်။

"ဟော့. . မပြေးနဲ့ ပြန်လာခဲ့. . ပြန်လာခဲ့ပါဆိုမှ"





www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၇)

"တင်. . သူရိယ ဒါက ဘယ်လိုဖြစ်လာတာလဲ"

ချွေးတရွှဲရွှဲဖြင့် ကော်ဖီဆိုင်ထဲဝင်လာသော သူရိယကိုကြည့်ပြီး မယ်ညိုချော တအံ့တဩ မေးလိုက်သည်။

"ဟာကွာ မပြောချင်ပါဘူး"

အမော်ဆို့သံကြီးဖြင့်ပြောကာ မယ်ညိုချောနှင့်မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ဝင်ထိုင်လိုက်သည်။

"မပြောချင်ရင်လည်း မပြောနဲ့ပေါ့"





လူက ဒေါသဖြစ်လာရသည့်အထဲ သူရိယက ပဟေဠိလုပ်နေသေးသည်မို့ စိတ်မရှည်စွာ ပြောလိုက်သည်။

"ဟာ. . အဲ. . အဲလိုတော့ မဟုတ်ဘူးလေ ဘာရုပ်သုတ်ခဖြစ်လာတဲ့ ကိုယ့်အကြောင်းကို စိတ်ပျက်လွန်းလို့ ဘယ်ကစပြောရမှန်းတောင် မသိတော့တာကို ပြောတာ"

"ရှင့်ကို ရဲတွေလိုက်ဖမ်းလို့လား၊ ကြည့်ပါဦး ဂွင်းစွပ်ဖိနပ်ကလည်း တောင်တစ်ရံ မြောက်တစ်ရံနဲ့ စတိုင်ထုတ်လာတာလား"

"ဟာ ဘယ်ကလာကွာ ကိုယ့်ရုံးခန်းထဲကနေ ဘယ်လိုပုံစံနဲ့ထွက်လာမိမှန်းကို မသိတော့တာ၊ ဟူး. . မနည်းကို လွတ်အောင်ပြေး လာရတာ"

စားပွဲပေါ်မှ တစ်ရှူးကို ဖျတ်ခနဲဆွဲယူကာ ချွေးဒီးဒီးကျနေခြင်းကို ဆွဲသုတ်လိုက်ပြီး စူးစမ်းနေသော မယ်ညိုချောကို တဝကြီးမောလိုက်ပြီး. . .

"ခုမှပဲ အမောပြေသွားတော့တယ်"

"ပိုပြန်ပြီ"

"မပိုပါဘူး တကယ်ပြောတာ ကိုယ့်မိဘတွေကွာ ကိုယ့်ကိုမိန်းမပေးစားဖို့ဆိုပြီး ကောင်မလေးဆီမှာ လူကြီးချင်းသွားတွေ့ကြဖို့ခေါ်တယ်၊ ကိုယ်တို့ လူငယ်ချင်းလည်း ရင်းနှီးအောင်တဲ့"

"အဲဒီတော့"

"ကိုယ်မလိုက်ဘူးဆိုတာကို ဒယ်ဒီရော မာမီရော ဇွတ်ဆွဲခေါ်သွားကြတာ"

မယ်ညိုချော ခပ်မဲ့မဲ့ရယ်လိုက်ပြီး။

"ခုတော့ စွံတော့မယ်ပေါ့"

"ဟာ. . ဘယ်ကလာ ကိုယ့်မှသူတို့ပေးစားတဲ့ မိန်းမလေး



www.burmeseclassic.com

www.burmeseclassic.com



ကို မလိုချင်တာ၊ ပညာတွေဘယ်လောက် မိုးပျံအောင်တတ်တတ် ငွေဘယ်လောက် ချမ်းသာချမ်းသာ နှလုံးသားခံစားချက်မပါတဲ့ မိန်းကလေးကိုတော့ နိုးပဲ"

ညိုချော အထင်ကြီးအောင် ပါးစပ်ထဲတွေ့ကရာပြောရပေမယ့် အရသာတော့ရှိသည်။

"မိဘက ကောင်းစေချင်လို့ စီမံတာပဲ လက်ခံလိုက်ပေါ့"

"ဟာ. . လက်မခံပါဘူး ကိုယ့်မှာ မယ်တစ်ယောက်လုံး ရှိနေတာပဲ မယ်ကလွဲပြီး ဘယ်သူ့ကိုမှ လက်မထပ်ဘူး"

"အို. . မဟုတ်တာ ကျွန်မက အိမ်ထောင်နဲ့ပဲ"

"မယ်ပြောတော့ ကွာရှင်းမယ်ဆို"

"အဲဒါနဲ့ ရှင်နဲ့ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ မယ့်ယောက်ျားလို သစ္စာမရှိတဲ့ လူစားမျိုး ထက်စာရင် ကိုယ်ကမယ့်ကို အရမ်းမြတ်နိုးနေတဲ့ကောင်၊ ဒါကြောင့် ကိုယ့်ရင်ခွင်ထဲ ကူးခဲ့ပါကွာ၊ ကိုယ် တစ်သက်လုံးမရိုးနိုင်အောင် အချစ်တွေ ပေးဆပ်ပါမယ်"

ယုံလောက်အောင်ပြောပြီး လက်ဖဝါးချင်းပွတ်နေသော မယ်ညိုချောလက်ကို ဆုပ်ကိုင်လိုက်သည်။

"အို. . လွှတ်ပါ ဆိုင်ထဲမှာ လူတွေမြင်ကုန်မယ်"

"ဒါဆို မမြင်နိုင်တဲ့နေရာကို သွားမယ်လေ ကိုယ်ရင်ထဲမှာ မယ့်ကို ပြောစရာစကားတွေ မိုးလောက်ကြီး ရှိသေးတယ်"

"ဟင့်အင်း မယ်မလိုက်ချင်ဘူး စကားပြောပြီးရင်ပြန်မယ်"

"ဘာပြောမလဲပြောလေ"

"မယ်. . အလုပ်လိုချင်တယ် ယောက်ျားလုပ်စာကို ထိုင်စားပြီး သူဖောက်ပြန်နေတာကို ငြိမ်မခံချင်ဘူး"





ယောက်ျားအပေါ် မကျေနပ်တာတွေကို ရင်ဖွင့်လိုက်သည်။ ရင်ထဲမှာ ပေါ့သွားချင်ရှိပါ။

"ဟာ Good idea ပဲ၊ ပြော. . မယ် ဘာလုပ်ချင်လဲ၊ ကိုယ် ဘာလုပ်ငန်းစီစဉ်ပေးရမလဲ၊ ကိုယ့်ဆိုင်မှာ လုပ်ချင်လား ဒါမှမဟုတ် ကိုယ့်ရဲ့ အတွင်းရေးမှူးလုပ်လိုက်"

"ဘာလုပ်ငန်းဖြစ်ဖြစ် လုပ်မယ်"

"အိုခေ. . ဒါဆိုရင် မယ် ကိုယ့်အတွင်းရေးမှူးလုပ်နော် လစာက ကြိုက်သလောက်တောင်း"

"ရှင်တကယ် ပြောတာနော်"

"တကယ်ပေါ့"

"ဒါနဲ့ရှင်က ဘာလုပ်တာလဲ "

"စားသောက်ဆိုင်လေ"

"ဪ"

စားသောက်ဆိုင်နာမည်ကိုတော့ မယ်ညိုချော မမေးမိလိုက်ပါ။ ဘာပဲဖြစ်ဖြစ် ခုချိန်မှာ အလုပ်ကလေးရပြီဆိုရင် အိမ်က ဒွန်းကို လုံးဝဂရုစိုက်စရာမလိုတော့ အချိန်မဆွဲ ကွာရှင်းလိုက်ရုံပင်. . .

"ကဲ. . ဒါဆိုရင် မယ်ပြန်မယ်"

"ဟာ. . နေ. . နေပါဦးကွာ"

"နေလို့မရဘူး မယ် ကိစ္စလေးတစ်ခု ရှင်းရဦးမယ်"

ဒီကအပြန် ကျော်ထူးအိမ်ဝင်ပြီး ကျော်ထူးခယ်မနှင့် စာရင်းဝင်ရှင်းရမည်။

"အ. . ကျွတ်ကျွတ်. . ကျွတ်"

"ဒါက ဘာဖြစ်ပြန်ပြီလဲ"

"ဗိုက်. . ဗိုက်အောင့်လို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . အကောင်းကြီးကနေ ဘာထဖြစ်ပြန်ပြီလဲ"

"မသိဘူး. . အား ကိုယ်တစ်ကယ် ဗိုက်အောင့်နေတာ"

"ဒါဆို ဆေးခန်းသွားမယ်၊ ထ. . ကားပါလား"

"မပါဘူးလေ ကိုယ်ဆေးခန်းမသွားဘူး အိမ်ပဲပြန်မယ်၊ အိမ်မှာ သောက်နေကျဆေးရှိတယ်"

"ဒါဆိုလည်း မယ် အိမ်ပြန်ပို့ပေးမယ်. . ထ"

တော်တော်အောင့်နေပုံရသည့် ရှုံ့မဲ့နေသော သူရိယ မျက်နှာကိုကြည့်ပြီး ကိုယ်မှ မကူညီလျှင်မဖြစ်တော့။ တွဲထူလိုက်သည်။ သူရိယ မယ်ညိုချောခါးကို သိုင်းဖက်ကာ အားယူထလိုက်သည်။

"ရှင် ရရဲ့လား"

"အိမ်ပဲ မြန်မြန်ပြန်ပို့ပေး ဆေးသောက်ရင် ပျောက်သွားမှာပါ"

မယ်ညိုချော တွဲပြီး ကော်ဖီဆိုင်ထဲမှ ထွက်လာကာ TAXI တစ်စီးကို လှမ်းတားလိုက်သည်။

ထိုမြင်ကွင်းကို ခပ်လှမ်းလှမ်းမှ ကင်မရာဖြင့် ရိုက်နေသူ ကျော်ထူးကို မယ်ညိုချော သတိမထားမိ။

မယ်ညိုချောနှင့်သူရိယ TAXI ကားပေါ်တက်သွားသည်နှင့် ကျော်ထူး ဖုန်းဆက်တော့သည်။

သူငယ်ချင်း ပေးအပ်ထားသည့်တာဝန် ကျေပွန်ကြောင်းနှင့် အသေးစိပ် သတင်းပို့ရန်ဖြစ်သည်။





"မယ်ရယ် ရောက်လက်စနဲ့ ကိုယ့်ကို အခန်းထဲတွဲပို့ပေးပါ၊ ကိုယ့်ဆေးဘူးက အခန်းထဲမှာမို့လို့ပါ"

သူရိယ ဂွင်ဆင်နေသည် ဆိုတာ မယ်ညိုချောနည်းနည်းလေးမှ မရိပ်မိ။ အကူအညီတောင်းသမျှကို ရက်ရက်ရောရော လိုက်လျှောနေမိသည်။ ကိုယ့်ကို အကူအညီပေးထားတာတွေထက်စာလျှင် သူရိယကို အဲဒီလောက်လေး ကူညီရတာ ဘာများခက်ခဲမှာလဲ

"ကိုယ် ခုတင်ပေါ် လှဲအိပ်မှဖြစ်မယ် ပြီးရင် ကိုယ့်ကို ဆေးတိုက်ပါ"

သူရိယတို့ ဂွင်ဆင်နေပုံက ငှက်ပျော်သီးအခွံခွာစရာပင်မလို။ ပျို့ပျို့အိုအိုအရွယ်စုံကို ဒီလိုမာယာသုံးပြီး အပိုင်ယူနေကျ၊ မလိုချင်တော့လျှင်သာ စွန့်ပစ်လိုက်ရုံပင်။ လိုချင်လျှင်တော့ မရမက ယူတတ်တာ သူရိယ အကျင့်။

ခုလည်း ကိုယ့်ဖိန့်လုံးတွေထဲမှာမျောပြီး အိမ်အထိပါလာမှတော့ ဒီအတိုင်းထိုင်ကြည့်ပြီး ပြန်လွှတ်ရမတဲ့လား၊ ဝေးပါသေး

www.burmeseclassic.com



တယ် သူရိယလို့ အမည်ခံထားတဲ့ သားရွှေသွေးအတွက် ရာဇဝင် ရိုင်းသွားမှာပေါ့။

ခုတင်ပေါ် လှဲအိပ်ပြီးသည်နှင့် မယ်ညိုချော ဆေးယူရန် လှည့်အထွက်မှာတင် နောက်က လှမ်းဆွဲလိုက်သည်။ မယ်ညိုချော ၏ ကိုယ်လေးမှာ ဟန်ချက်ပျက်ပြီး သူရိယအပေါ်ကို လဲကျသည်။

"အို ဘာလုပ်တာလဲ"

"ချစ်လို့"

ဖွတ်အတင်း ဖက်ထား၍ ခုတင်ပေါ်တွင် နှစ်ယောက်သား လုံးထွေးနေသည်။ ရုန်း၍မရ. . .။

"လွှတ်စမ်းပါ သူရိယရဲ့ အဲဒီလိုမလုပ်နဲ့ ကျွန်မမကြိုက်ဘူး"

"မယ် မကြိုက်ပေမယ့် ကိုယ်ကြိုက်တယ်၊ ကိုယ်က မယ်နဲ့ အဲလိုနှစ်ယောက်ထဲ နေချင်တာ"

"မဖြစ်နိုင်ဘူး လွှတ်ဆိုလွှတ်နော် ရှင့်ဆီကအကူအညီ ယူထားတယ်ဆိုပြီး အဲလိုအခွင့်အရေးမယူနဲ့"

"အခွင့်အရေး ယူတာမဟုတ်ပါဘူးကွယ် ကိုယ်က မယ့်ကို ချစ်နေတာလေ၊ ကျေးဇူးပြုပြီး အသိအမှတ်ပြုပေးပါ၊ ကိုယ်တို့ အတူ တူနေကြရအောင်"

ထင်မှတ်မထားသော အခြေအနေတစ်ခုကြောင့် မယ်ညို ချော ချောင်ပိတ်မိနေသည်။ သူ့အကြံကို အစောကြီးကတည်းကရိပ် မိခဲ့ဖို့ကောင်းသည်။ ဒီပုံအတိုင်းဆို အကြမ်းဖက်လာနိုင်သည်မို့ အချို သပ်မှုရတော့မည်။

"နေချင်ပါတယ် ဒါပေမဲ့မယ် မကွာရှင်းရသေးဘူးလေ၊ ကွာ ရှင်းပြီးတာနဲ့ ရှင့်ဆန္ဒကို ဖြည့်ပေးပါမယ်"

"တကယ်လား"





"တကယ်ပေါ့"

"မညာနဲ့နော်"

"မညာပါဘူး တကယ်ပြောတာ"

"ဒါဆိုရင် ခုရော"

"ဟင့်အင်း. . မယ် အကျင့်ပျက် မိန်းမတစ်ယောက် အဖြစ် မခံနိုင်ဘူး၊ ဒါကြောင့် လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ဖြစ် အောင် အရင်လုပ်လိုက်ဦးမယ်၊ ခုတော့. . မယ့်ကိုနားလည်ပေးပါ သူရိယရယ်၊ နောက်ပြီး အချစ်ကို ဗီလိန်ဆန်ဆန် တောင်းယူတာမျိုး ကို မယ်မသာယာချင်ဘူး"

သူရိယ၏ မာယာလောက်တော့ မယ်ညိုချောတို့က သနား တယ်ဟု စိတ်ထဲက ပြောလိုက်သည်။

ယောကျ်ားအပေါ် မခံချင်စိတ်ဖြင့် အကူအညီကို ယူခဲ့မိ သည့် ကိုယ့်ကိုကိုယ်ပင် အပြစ်တင်၍ မဆုံးတော့။ တကယ်ဆို ညို ချော၏ လိုက်လျောမှုတွေက အားနာလို့ လိုက်လျောခြင်းတွေပါ. . ဖောက်ပြန်ချင်၍ လိုက်လျောသော လိုက်လျောမှုမျိုး မဟုတ်ဘူး ဆိုတာ ကိုယ့်လိပ်ပြာ ကိုယ်လုံပါသည်။



www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၈)

"အာ. . လွတ်သွားတယ် ဟုတ်လား၊ ဟား. . ငါက မြတ်နိုးအစ်ကိုတွေ ခေါ် သွားလို့ မြတ်နိုးကိုယ်ဝန်ကို ဒီကောင်တာဝန်ယူသွားပြီဆိုပြီး စိတ်အေးသွားတာ"

"စိတ်မအေးနဲ့ ဟေ့ကောင်၊ မင်းအကောင်က ကိုစိုးကြီးတို့လက်ထဲကနေ ရအောင်ထွက်ပြေးပြီး မင်းမယားဆီလာတာကွ"

ထပ်၍ အံ့ဩရပြန်သည်။ ဒီနေ့ ကျော်ထူးကို မယ်ညိုချောနောက် စပိုင်လိုက်ခိုင်းထားတာ ဒီနေ့တော့ ထူးခြားပြီပေါ့. . .။

"ဒါဆို ဒီနေ့ ညိုချော အဲဒီအကောင်နဲ့ သွားတွေ့တယ်ပေါ့"





"ဟုတ်တယ်. . ငါလည်း သူတို့နောက်ကို မျက်ခြေမပျက်လိုက်ကြည့်တာပဲ ဓါတ်ပုံတွေလည်း ရိုက်လာတယ် "

ဖုန်းနှင့်ရိုက်လာသော ဓါတ်ပုံတွေကို ထုတ်ပြသည်။ အဝေးက လှမ်းရိုက်ပေမယ့် ခါးဖက်ပြီး ဆိုင်ထဲက ထွက်လာကြမှန်းတော့ သိသာထင်ရှား၏။

ဓါတ်ပုံတွေကိုကြည့်ပြီး ကျော်ထူးကို ရှက်နေမိသည့် ကိုယ့်အဖြစ်။ ညိုချော ဒီလောက်ထိပြောင်းလဲသွားလိမ့်မည်ဟု အိပ်မက်ပင်မမက်ဖူးခဲ့။ ညိုချော ဒီလိုမိန်းမစားမျိုးဆိုတာကို လုံးဝလက်မခံချင်သော ခံစားမှုက မြင်နေရသော ဓါတ်ပုံထဲက သူတို့၏ ပတ်သက်မှုကြောင့် ရင်နင့်အောင် ခံစားရ၏။

ဆက်ပြီး စောင့်ကြည့်နေလျှင် ညိုချောရေတိမ်နစ်သထက်နစ်တော့မည်။ ခုတောင် ဘယ်နှစ်ကြိမ်လောက် နစ်ပြီးနေပြီလဲ. . .

"ငါ ဒီည သူနဲ့အပြတ်ရှင်းမယ်ကွာ"

"ဒီကိစ္စက အဲလိုရှင်းလို့မရဘူး၊ သားရွှေသွေးဆိုတဲ့ကောင်ဟာ ဘယ်လိုလူစားမျိုးဆိုတာ မင်းပြောပြမှသိမှာထက် သူကိုယ်တိုင်သိတာက ပိုပြီးကောင်းတယ် အာကာ"

"အေးလေ ဒါဆိုရင် ငါဘယ်လိုစီစဉ်ရင်ကောင်းမလဲဆိုတာခေါင်းအေးအေးနဲ့ စဉ်းစားလိုက်ဦးမယ်"

"အေးပါကွာ ငါကတော့ မင်းတို့လင်မယားကို အရင်လိုချစ်ချစ်ခင်ခင် ပြန်နေစေချင်တယ်"

"ငါလည်း အဲဒီလိုပဲ ဖြစ်ချင်တာပါ သူငယ်ချင်းရာ"



www.burmeseclassic.com

www.burmeseclassic.com

**သား**ရွှေသွေး မယ်ညိုချောဆီပို့လိုက်သော ဗီဒီယိုဖိုင်ကြောင့် အာကာမင်းမောင်၏ အသိစိတ်တွေ ပြောင်းဆန်အောင် လှုပ်ခပ်သွားသည်။

ခုတင်တစ်ခုပေါ်ကို ကိုယ့်ယောကျ်ားမဟုတ်သည့် တခြားယောကျ်ားတစ်ယောက်နှင့် ခုလိုပူးကပ်ဖက်တွယ်နေရဲသော မယ်ညိုချော၏ အရှက်တရားတွေသည် ကမ်းမမြင်လမ်းမမြင်။

ဗီဒီယိုဖိုင်မှထွက်ပေါ်လာသော မယ်ညိုချောနှင့် သားရွှေသွေးတို့ အနာဂတ်အတွက် ညှိမျှခြင်းတွေ ကြိုချနေလိုက်ပုံများ ဒေါသထွက်ခံပြင်းစရာအထိပင်။

ကွာရှင်းပြီးတာနဲ့ ဒီကောင့်ဆန္ဒကို ဖြည့်ဆည်းပေးမယ်တဲ့၊ အနားမှာသာ မယ်ညိုချောရှိလျှင် တစ်စစီတောင် ဆွဲဖြုတ်မိမလားပင်. . လက်တွေခြေထောက်တွေကို ဖြစ်သည်။

ဒီကောင် ဗီလိန်ဆိုတာ မင်းမသိသေးလို့ ခုလိုယုံပြီး ပုံအပ်ချင်နေတာလားဟု အံတကြိတ်ကြိတ်ဖြင့် ကျိန်းဝါးလိုက်သည်။ စိတ်





ထဲမှာ မခံချိမခံသာဖြစ်နေပေမယ့်လည်း ဆက်မကြည့်ပဲနှင့်မနေနိုင်။

လွန်လွန်ကျူးကျူး မြင်ကွင်းမျိုးကို မတွေ့လိုက်ရ၍ စိတ်အေးသွားရပေမယ့် ညိုချော၏ သဘောထားအမှန်ကို သိလိုက်ရ၍ ရင်ထဲမှာ ပူလောင်ပြင်းရှစွာ ခံစားရသည်။

အံတကြိတ်ကြိတ် တက်တခေါက်ခေါက် ဖြစ်နေတုန်းမှာ မယ်ညိုချော အခန်းထဲဝင်လာသော ခြေသံကိုကြားလိုက်ရသည်မို့ ဖွင့်ကြည့်နေသော ဗီဒီယိုဖိုင်ကို ပြန်ပိတ်လိုက်သည်။

မယ်ညိုချော အနားမှာခါးထောက်ပြီး လာရပ်သည်။ မော့မကြည့်ချင်ပေမယ့် ဘာအကြောင်းကြောင့် လာရပ်တာလဲဟူသော သိချင်စိတ်ဖြင့် လှည့်ကာမော့ကြည့်လိုက်သည်။

"ဘာလို့ လူကို ရန်သူတစ်ယောက်လို လာကြည့်နေရတာလဲ ညိုချော"

"ရှင် မတရားလုပ်လွန်းလို့ လာကြည့်တာလေ၊ ရှင့်ကို ကျွန်မလုံးဝကို မကျေနပ်ဘူး"

သူ့အပြစ်ကို ကိုယ့်အပြစ်ဖြစ်အောင် ဘယ်လိုခေါင်းစဉ်တွေ တပ်ပြီး စွတ်စွဲဦးမည်လဲမသိ။

"ဘာတွေ မကျေနပ်နေတာလဲ တကယ်တမ်းမကျေနပ်ရမှာက ငါပါကွ"

ထိုစကားကြောင့် မယ်ညိုချော မခိုးမခန့်ရယ်သည်။

"မင်း ဘာရယ်တာလဲ ငါပြောတဲ့အထဲမှာ ရယ်စရာမပါဘူးကွ"

"စိတ်နာလို့ရယ်တာရှင့် စိတ်နာလို့ရယ်တာ၊ ခု ရှင့်မယားငယ်မှာ ကိုယ်ဝန်ရှိနေပြီ မဟုတ်လား၊ ကိုယ်နဲ့နှစ်တွေအကြာကြီးပေါင်းလာတဲ့ မိန်းမကျတော့ ကိုယ်ဝန်ရှိအောင် မကြိုးစားဘူး၊ ခိုး



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ခိုးဝှက်နဲ့ လူမသိသူမသိနေတဲ့ မယားငယ်ကျတော့ ကိုယ်ဝန်ရှိသွားတယ်တဲ့လား ဟမ်၊ ကျွန်မက ဘာများမသာတာရှိလို့ ရှင့်အစွမ်းအစကို အကုန်ထုတ်မသုံးတာလဲ၊ ကျွန်မမှာ ရှင့်ကြောင့် အမြဲမဆိုပြီး လူတစ်ကာရဲ့ ဝေဖန်တာကို ခံရတယ်"

"ဟင် မြတ်နိုးမှာ ကိုယ်ဝန်ရှိတာ မင်းဘယ်လိုသိသွားသလဲ"

"သြော် မြတ်နိုးတဲ့လား ရှင်ရော ရှင့်မယားရော ပိပိရိရိမှ မဖောက်ပြန်ကြတာကိုး၊ ဒီနေ့ ရှင်မယားငယ်နဲ့ သူအစ်မ မနွဲ့ OG မှာ ဗိုက်သွားအပ်တာ ကျွန်မမသိဘူးများထင်နေလား လူယုတ်မာကြီးရဲ့"

ပြောရင်းဖြင့် မယ်ညိုချော၏ဒေါသတို့ အရက်ရှိန်တက်သလို တရိပ်ရိပ်တက်လာသည်။

"ဒီမှာ ညိုချော မင်းစွပ်စွဲချက်တွေက ငါ့ဂုဏ်သိက္ခာကို ပိုးစိုးပက်စက်ကို စော်ကားနေတာပဲ၊ မင်း တော်သင့်ပြီလို့ထင်တယ် မင်းဖောက်ပြန်နေတိုင်း ငါ့ကိုလည်း ဖောက်ပြန်နေတဲ့ကောင်လို့ မထင်နဲ့၊ မင်းသိအောင် ငါနောက်ဆုံး တစ်ခေါက်ထပ်ပြောမယ် ငါနဲ့ မြတ်နိုး ဘာမှမပတ်သက်ဘူး၊ အေး. . မြတ်နိုးမှာ ကိုယ်ဝန်ရှိခဲ့ရင်တောင် ငါနဲ့ဘာမှမဆိုင်ဘူး၊ ငါ့ကို ရှိုခိုးတောင်းပန်ဖို့ ပြင်ဆင်ထားပါ"

အာကာမင်းမောင် စကားကြောင့် ပျက်ချင်ချင်ဖြစ်နေသော မျက်နှာကို နာကျင်စိတ်ဖြင့် ဟန်ဆောင်ထိန်းရင်း. .

"တောင်းပန်ရအောင် ရှင်နဲ့ကျွန်မ ရှေ့လျှောက်ပတ်သက်စရာမှ မလိုတော့တာ. . ."

"အဲ့ဒီတော့ မင်းက ငါ့ကိုကွာမယ်ပေါ့"

"ဟုတ်တယ်. . ကွာမယ်၊ ရှင့်ကို ကျွန်မ လုံးဝမပေါင်းသင်းနိုင်ဘူး"





"အဟုတ် အားကိုးရှိနေပြီဆိုတော့ ဒီစကားမျိုးပြောပြီပေါ့၊ မင်းလိုဖေ့စ်ဘုတ်ပေါ်မှာ နောက်ယောကျ်ားရှာဖို့ တာဆူနေတဲ့ မိန်းမမျိုးကိုလည်း ငါကမမက်တော့ပါဘူး၊ အေး. . တစ်ခုတော့ ရှိတယ် မင်းနဲ့ငါ့ကြားမှာရှိနေတဲ့ ပြဿနာမှာ ဘယ်သူမှားတယ် ဘယ်သူမှန်တယ်ဆိုတာ ဆုံးဖြတ်ပြီးမှ ငါတို့ကွာရှင်းကြတာပေါ့ ဟုတ်ပြီလား"

အချိန်မတန်သေး၍ ပြဿနာကို တစ်ခန်းမရပ်ချင်သေးပါ။ တကယ်ဆို မယ်ညိုချောကသာ ဖောက်ပြန်နေသူပါ။ ကိုယ့်မှာသာ သူ့သံသယတွေထဲမှာ မတရားအစွပ်စွဲခံနေသူသက်သက်။

"ရှင့်မယားငယ်မှာ ဗိုက်ထွက်နေတာတောင် ခုထိ အမှားအမှန် မကွဲပြားသေးဘူးလား"

"အေး အဲဒါကိုက မှားနေတာ၊ မြတ်နိုးဟာ ဘယ်သူ့ကြောင့် ဗိုက်ကြီးရသလဲဆိုတာ မင်း မသိချင်ပါဘူးလို့ ငြင်းရင်တောင် မင်း မဖြစ်မနေသိရမယ် စိတ်သာချ၊ အဟုတ်. . သူများ ဗိုက်ကြီးတာကို မနာလိုဖြစ်ပြီး မင်းသာ မြတ်နိုးလိုဖြစ်မသွားစေနဲ့၊ ခုချိန်မှာ မင်း ဗိုက်ကြီးခဲ့ရင် ငါတာဝန်မယူဘူး၊ အဲဒါ ဘာဖြစ်လို့လဲ သိလား၊ အဲဒီ ကိုယ်ဝန်က ငါနဲ့မဟုတ်ဘူးဆိုတာ သိပ်ကိုသေချာနေလို့ပဲ"

"ဘာ"

အရိုက်ကို အထိုးခံရသူနှယ် မယ်ညိုချော ဆွေ့ဆွေ့ခုန်၍ ကျန်ခဲ့သည်။ ဒီလောက်ပြောခဲ့ပြီးမှတော့ အမှန်တရားကလည်း ချောင်ကောင်းကောင်းမှာ ထိုင်နေမှာတော့မဟုတ် အားလုံး၏ရှေ့ကိုထွက်လာမှာပါ။





www.burmeseclassic.com

www.burmeseclassic.com






## အခန်း (၁၉)

**စိတ်**ဖိစီးခြင်းတွေကြောင့် ညိုချော အခန်းထဲတွင် ဟိုဒီလှို့ကာ အတွေးတို့ နယ်ချဲ့နေ၏။

ဒီကိစ္စမှာ ဘယ်သူမှားနေတာလဲ။ သူလား မောင်လားဆိုတာ သေချာစေ့စေ့တွေးဖို့တော့ လိုအပ်လာပြီ။

မယ်ညိုချော ကိုယ်တိုင်လည်း ကိုယ့်ကိုယ်ကို အမှန်တရားကို လက်ကိုင်ထားသူဟု ထင်မထားပါ။ စမ်းတဝါးဝါး ကယောင်ကတမ်းဖြင့် လျှောက်သွားမိသောလမ်းသည် လမ်းမှားကြီးတစ်ခု ဖြစ်





နေပြီဆိုတာကို အသိတရားက ထောက်ပြလာတော့ ကိုယ့်အမှားကိုယ် မြင်လာပြီပေါ့. . .

ကိုယ်မှားသလို သူလည်းမှားနေတာပဲဟု နာကျင်စွာ ပြန်တွေးမိပြန်တော့လည်း ရင်ထဲမှာ နာလိုက်တာမှ ဓါးတွေနှင့်ထိုးစိုက်ခံထားရသည့်နှယ်။ သူ့ကြောင့် မဟုတ်ဘူးဆိုသည့် မြတ်နိုး၏ ကိုယ်ဝန်ဟာ သူတရားခံမဟုတ်လျှင် ဘယ်သူကတရားခံလဲ သိချင်စိတ်တွေက တားမရဆီးမရ ဖြစ်လာသည်။

စိတ်မောလူမောဖြင့် သက်ပြင်းရှည်ကြီးကို ခပ်လေးလေးချပစ်လိုက်သည်။ ဒီည facebook မသုံးဘူးဟု သံမဏိဋ္ဌာန်ချမိပေမယ့်လည်း ညနေက ဂျင်သွားရင်း တင်ထားသောပုံတွေကို ဘယ်နှစ်ယောက် like ပေးပြီး comment ပေးသလဲဆိုတာ သိချင်ပြန်ရော. .

ထို့ကြောင့် အင်တာနက်ဖွင့်ပြီး ညစ်နွမ်းနေသော စိတ်တွေကို ဖြေသိမ့်လိုက်သည်။

chat box ပွင့်လာပြီး သူရိယထံမှ မက်ဆေ့က ဝင်နှင့်နေပြီ။ ဒီည သူ့ကို လုံးဝအပြတ်ငြင်းလိုက်တော့မည်ဟူသော စိတ်ကူးကို သေချာဆုံးဖြတ်လိုက်ပြီ။

သူရိယပို့သော ဗီဒီယိုဖိုင်ကို ဖွင့်ကြည့်လိုက်သည်။ စိတ်တွေသည် တစ္ဆေသရဲအခြောက်ခံရသလို တုန်လှုပ်ခြောက်ခြား၍သွားသည်။

"ဘုရားရေ. . ဒါ. . ဒါ. . နေ့လည်က သူနဲ့ငါ အခန်းထဲမှာ ဖြစ်ခဲ့တာတွေပဲ ဘာကြောင့် ဗီဒီယိုရိုက်ထားရတာလဲ"

ဒေါသတို့ ဖျန်းခနဲထိုးတက်လာ၏။ ယုတ်မာလိုက်တာဟု ဒေါသတကြီး ရေရွတ်လိုက်သည်။

"Hi ညိုချော မနက်ဖြန် ကိုယ်တို့ ORCHID ဟိုတယ်မှာ



www.burmeseclassic.com

www.burmeseclassic.com

တွေ့ကြမယ်"

ဟိုတယ်မှာတွေ့ကြဖို့ ချိန်းဆိုသည်ကို ငြင်းသင့်ပေမယ့် ညို့ချောသွားတွေ့ဖို့ ဆုံးဖြတ်လိုက်သည်။ ဗီဒီယိုဖိုင်ကို ရအောင်ပြန်တောင်းပြီးသည်နှင့် နောက်ထပ်မပတ်သက်တော့ဖို့ကိုလည်း တစ်ခါတည်း အပြတ်ဖြတ်မည်။

ဒီဗီဒီယိုဖိုင်သာ အွန်လိုင်းပေါ်တွင် ပြန့်သွားလျှင် ညို့ချောဘဝတော့သွားပြီ။ ဒီတော့ သူချိန်းသော ORCHID ဟိုတယ်ကို သွားရမည်။

အခန်းထဲတွင် ညို့ချောစိတ်တွေ ရှုတ်ထွေးနေစဉ် အခန်းအပြင်မှ အာကာမင်းမောင်ကတော့ သူရိယကိုယ်စား ဟိုတယ်မှာ ချိန်းသောစာကို ပို့လိုက်ခြင်းဖြစ်သည်။ တဖန်. . သူရိယဆီကိုလည်း ORCHID ဟိုတယ်တွင် အခန်းယူထားမည်မို့ လာခဲ့ရန်ချိန်းသောစာကို ညို့ချောကိုယ်စားပို့လိုက်သည်။

ထိုစာကြောင့် သူရိယ ဘယ်လောက်တောင် ဆွေ့ဆွေ့ခုန်မတတ် ဝမ်းသာနေလိမ့်မလဲဆိုတာ အာကာမင်းမောင် တွေးကြည့်ရုံနှင့် တင် ကွက်ကွက်ကွင်းကွင်း မြင်နေရသည့်နှယ်. . .

မနက်ဖြန်တော့ မင်းရဲ့သရုပ်မှန်ကို မောင်တွေ့ရတော့မှာပေါ့ ညို့ချောရယ်။





"ဘယ်ကို မမညို့ချောရော သူရိယရော လာပါ့မလား"

ဟိုတယ်ခန်းထဲတွင် ကြို့ရောက်နှင့်နေကြသော အာကာမင်းမောင်နှင့် မြတ်နိုးမှာ ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းရမည့်ပွဲမို့ စိတ်တွေ ကိုယ်စီလှုပ်ရှားနေကြသည်။

"လာမှာပါ မြတ်နိုးရယ်၊ ဒီနေ့ သူတို့အမှားတွေကို သူတို့ ဘယ်လိုမှ ဖုံးထားဖို့ မလွယ်တော့တဲ့ အခြေအနေတစ်ခုကို ကြုံကြရဦးမှာပါ"

မြတ်နိုးထံမှ သက်မ ခပ်ဖွဖွချသံ ပေါ်ထွက်လာသည်။ မျှော်လင့်ချက်မဲ့သော ဇာတ်လမ်းတစ်ပုဒ်ကို အဆုံးသတ်ခဲ့ပြီးကာမှ ရင်ထဲမှာ အသစ်တဖန် မမျှော်လင့်ချင်ပါ။ သို့သော် ဗိုက်ထဲက ကလေးအတွက်တော့ မရေရာသော အရာတစ်ခုကို ခပ်မှိန်မှိန် ဆုပ်ကိုင်မိသည်။

ကိုယ့်ဗိုက်ပစ်ကြောင့် လူ့လောကထဲကို ရောက်လာမယ့်ကလေးကိုတော့ နွေးထွေးစွာထွေးပိုက်မယ့် အဖေ့လက်တစ်စုံ လိုအပ်သည်ဟု မြတ်နိုးတွေးမိပါသည်။ အာကာမင်းမောင် နာရီကို ကြည့်လိုက်သည်။ ညို့ချောကို ချောင်ပိတ်မိစေမယ့်အဖြစ်မျိုး အရောက်မခံရက်ပေမယ့်လည်း သူရိယဆိုတဲ့ကောင်ဟာ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ကောင်မျိုးလဲဆိုတာကိုတော့ ညိုချောသိစေချင်သည်။

သိပြီးမှသာ သူရိယဟာ သူဖောက်ပြန်ထိုက်တဲ့ယောကျ်ား တစ်ယောက်ဖြစ်သင့်မဖြစ်သင့်ဆိုတာကို ညိုချောဆုံးဖြတ်ပါစေ။ ထိုစဉ် ဖုန်းမြည်လာသည်မို့ . .

"ဟဲလို ကျော်ထူး ဘာထူးလဲ"

"သူရိယဆိုတဲ့ကောင် လာပြီ"

"အိုခေ ကျော်ထူး ငါရော မြတ်နိုးရော အခန်းထဲမှာရှိတယ် ညိုချောရောက်ပြီဆိုတာနဲ့ မြတ်နိုးအစ်ကိုတွေကိုပါ အထဲသွင်းခဲ့ လိုက်တော့ ငါဝိတ်တာတွေကို ကြိုပြောထားတယ်၊ သူတို့လိုက်ပို့ပေး လိမ့်မယ်"

ကျော်ထူးကို မှာစရာရှိတာမှာပြီး မြတ်နိုးနှင့်အာကာမင်း မောင် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ အသံတိတ်အား ပေးလိုက်သည်။ ဖဲလိုက်ကာကြီးနောက်မှာ ဝင်နေလိုက်ကြသည်။

"လိုအပ်တာရှိရင် ခေါ်လိုက်ပါ အစ်ကို"

ဝိတ်တာလေး အသံထွက်လာသည်။

"ရတယ် ဘာမှမလိုဘူး ညီလေး၊ ကိုယ် မခေါ်မချင်း ဒီအ ခန်းရှေ့ကို မလာနဲ့ သိလား၊ ကိုယ်နဲ့ ကိုယ့်ချစ်သူအနှောက်အယှက် ဖြစ်မှာစိုးလို့"

ဖဲလိုက်ကာကွယ်မှ အာကာမင်းမောင် မဲ့လိုက်သည်။

နောက်ထပ် မိနစ်ပိုင်းလောက်အတွင်းမှာ ဘာတွေပြောင်း လဲသွားမလဲဆိုတာ မသိသေး၍ ပျော်ရွှင်တက်ကြွနေတာဖြစ်သည်။

"ဒါဆို လိုအပ်မှခေါ်ပါအစ်ကို"

"အေး. . သွား. . သွား"

ဝိတ်တာလေး ထွက်သွားသည့် အသံကြားရသည်။





"ဝါး. . မွေ့ယာကြီးပေါ်မှာ ငါရယ် မယ်ရယ် အဟီး ဒီလိုနေ့ မျိုးကို မျှော်လင့်နေတာကြာခဲ့ပြီပဲ၊ ဒီမှာတွေ့ဖို့ ငါ့ကို ချိန်းလိုက်တာ ဆိုတော့ သူငါ့ကို လက်ခံတဲ့သဘောပေါ့၊ အဟား ငါ့ဘဝမှာ ဒီနေ့ လောက် ရင်ခုန်တာ မရှိဘူးသေးဘူး"

မြတ်နိုးထံမှ သက်မခပ်မျောမျောလေးချသံကိုကြားလိုက် ရသည်။ သိပ်မကြာလိုက် နောက်ထပ် အခန်းတံခါးခေါက်သံကို ကြား လိုက်ရသည်။ မယ် အခန်းထဲဝင်လာသံကြားရသည်။

"မယ်ရယ် ကိုယ်က လာမှလာပါ့မလားလို့ စိတ်ပူလိုက်ရတာ ကွာ"

"ရှင် မယ့်ကို ဘာလို့ ဒီလိုနေရာကို ချိန်းရတာလဲ"

"ဟင် ကိုယ်က မယ့်ကိုချိန်းတယ်. . ဟုတ်လား"

"အင်း. . ဟုတ်တယ်လေ မယ်ပဲ ကိုယ့်ကို ORCHID မှာ ဆုံကြမယ်ဆိုပြီး စာပို့ထားပြီးတော့"

"အို ရှင်ကစပြီး ချိန်းတာလေ"

"ဟာ. . မ. . မချိန်းပါဘူး"

"ဘာပြောတယ် ရှင်ပဲစချိန်းပြီးတော့ ခုမှပြောင်လာလိမ် နေတယ်ပေါ့"

"ကဲပါ မယ်ရယ်၊ ခုပဲ အခန်းထဲရောက်နေပြီပဲ ရှက်မနေပါ နဲ့တော့၊ ဒီနေ့တော့ ပွင့်ပွင့်လင်းလင်းလေး ချစ်ကြရအောင်"

သူရိယ မယ်ညိုချောပခုံးကို ဖက်ကာပြောလိုက်သည်။

"အို. . ကျွန်မ ဒီကိုလာတာ ရှင်နဲ့ပြဿနာရှင်းမလို့"

ဖက်ထားသောလက်ကို ပုတ်ချပြီး ခပ်ဆတ်ဆတ်ပြောလိုက် သည်။

"ဘာပြဿနာလည်း မယ်ရာ"



www.burmeseclassic.com

www.burmeseclassic.com



“မနေ့က ရှင့်အခန်းထဲမှာ ကျွန်မရိုးသားခဲ့တာ ရှင်အသိဆုံးပါ ဒါကြောင့် အဲ့ဒီမူရင်းဖိုင်ကို ရှင်ဖျက်ပေးပါ”

“ဩော် . . ဒါလား အဲ့ဒီကိစ္စက ကိုယ်မရည်ရွယ်ပါဘူး မယ်ဝင်မလာခင်ကတည်းက ကိုယ်က အဲဒီအခန်းထဲမှာ SPYC အမြဲတပ်ထားတာလေ၊ ခုဒီအခန်းထဲမှာ ဘာမှတပ်မထားလောက်ပါဘူး ကိုယ်တို့ ချစ်ကြရအောင်”

သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ဖြင့် နှစ်ဦးသဘောတူ ချစ်ကြဖို့ ကမ်းလှမ်းလာသော သူရိယကို ငြင်းဆန်ဖို့ မယ်ညိုချောကြိုတင်ပြင်ဆင်ခဲ့ပြီးပြီမို့ . . အသင့်ယူလာသော ငွေသိန်းတစ်ရာကို စလင်းဘက်အိတ်ထဲမှ ထုတ်လိုက်သည်။

“ဒီငွေတွေ ဘာလို့ယူတာလဲ မယ်”

“ရှင့်ကိုပြန်ပေးတာလေ”

“ဟာ ပြန်ပေးဖို့မှမလိုတာ”

“သိပ်ကိုလိုတာပေါ့ . .၊ ကျွန်မကိုကူညီထားတဲ့ ဒီငွေတွေကြောင့် အားနာလို့လိုက်လျောနေရတာ၊ ဒီထက်ပိုပြီး မလိုက်လျောနိုင်တော့ဘူး၊ ရှင်နဲ့ကျွန်မ ဒီနေ့ကစပြီး မပတ်သက်ပဲ နေလိုက်ကြရအောင်”

ရုတ်တရက် ပြောင်းလဲသွားသော မယ်ညိုချောကိုကြည့်ပြီး သူရိယ ဘယ်လိုမှ အဆုံးရှုံးမခံနိုင် . . .

“ကိုယ် မယ့်ကိုချစ်တယ် မယ်ပြောသလို တစ်ခုမှမလုပ်နိုင်ဘူး”

“မချစ်နဲ့ . . ကျွန်မမှာ ယောကျာ်းရှိတယ် ကျွန်မဖောက်ပြန်တဲ့ မိန်းမတစ်ယောက်အဖြစ်မခံနိုင်ဘူး”

“မယ့်ယောကျာ်းလည်း ဖောက်ပြန်နေတာပဲ”





“သူ ဖောက်ပြန်တိုင်း ကျွန်မဖောက်ပြန်ဖို့မှ မလိုတာ၊ ကျွန်မမိကောင်းဖခင်သားသမီးပါ”

ထိုစကားကြောင့် သူရိယ ခွက်ထိုးခွက်လှန်ရယ်၏။ မယ်ညိုချော ကြောက်စိတ်ဖြင့် ကြည့်ရင်း . . .

“ရှင် ဘာရယ်တာလဲ”

သူရိယ ရယ်သံနှောသော အသံဖြင့် . . .

“ရယ်မှာပေါ့ မယ်က သိပ်ကလေးဆန်တာပဲ ဒီအခန်းထဲထိတောင် ရောက်လာပြီးမှ ဟန်ဆောင်ငြင်းဆန်နေရသေးလားမယ်ရယ်”

သူရိယ မယ့်ကိုယ်လေးကို အတင်းဆွဲဖက်သည်။ မယ်ရုန်းသည်။ မယ် ဒီထက်မိုက်တွင်းနက်ဖို့ မလိုမှန်း ကောင်းကောင်းသဘောပေါက်သွားပြီမို့ သူရိယနှင့်ဆက်ပြီး မပတ်သက်လိုတော့။

“မယ် ဘာဖြစ်နေတာလဲကွာ ဒါနဲ့များ ကိုယ့်ကိုဘာလို့ ဒီမှာတွေ့ဖို့ချိန်းလဲ ကိုယ်မယ့်ကို အရမ်းချစ်တယ်”

“ကျွန်မ မချိန်းဘူး ရှင်စချိန်းတာ”

“မယ် စချိန်းတာ”

“အို ရှင်နော် လူကိုလာမစွပ်စွဲနဲ့”

သူချိန်းတာ ကိုယ်ချိန်းတာနှင့် ငြင်းခုံနေကြစဉ်မှာပင် မြတ်နိုးလိုက်ကာ နောက်မှထွက်လိုက်သည်။ သူရိယ မြတ်နိုးကို မြင်တော့သွေးပျက်သွားကာ . . .

“ဟင် . . မင်း . . မင်းက ဒီအခန်းထဲကို ဘယ်လိုကြိုရောက်နေတာလဲ”

“ရှင့်အကြံတွေကို ကြိုသိနေလို့ပေါ့”

“မင်းက မောင်နဲ့ဖောက်ပြန်နေတဲ့ မိန်းကလေးပဲ၊ မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

မဟုတ်လား"

"မြတ်နိုးဟုတ်ပါတယ်၊ ဒါပေမဲ့ မမရဲ့ယောကျ်ားနဲ့ ဖောက်ပြန်နေတယ်ဆိုတာတော့ လုံးဝမဟုတ်ပါဘူး မမက အစ်ကို့ကို အထင်လွဲနေတာပါ"

"အို. . တို့မျက်စိနဲ့ တပ်အပ်မြင်ခဲ့တာပဲ၊ နောက်ပြီးမင်းမှာ ကိုယ်ဝန်တောင် ရနေပြီလေ"

ကိုယ်ကိုယ်တိုင်မမှားဖို့ အချိန်မှီပြင်ဆင်နိုင်ခဲ့ပေမယ့် မောင့်အမှားကိုတော့ မယ်ညိုချော လုံးဝခွင့်မလွှတ်. . .။

"အဲ့ဒီကိုယ်ဝန်က အခု မမရှေ့မှာရပ်နေတဲ့လူရဲ့ ကိုယ်ဝန်ပဲ မမရဲ့"

"ဟင် ဘယ်လို"

သူရိယ ဘယ်လိုမှ ရှောင်လွှဲ၍မရတော့ မျက်စိမျက်နှာ ပျက်နေသည်။

"ဟို. . ဒါ. . ဒါက ဒီလိုရှိပါတယ် မယ်ရယ်၊ ကိုယ်ရှင်းပြပါရစေ"

ငြင်းဆန်ခြင်း မဟုတ်သော အကြောင်းပြချက်ကို မယ်ညိုချောအချိန်ကုန်ခံပြီး နားထောင်ဖို့ မလိုအပ်။

"အို. . တော်ပါ ရှင် ဘာမှ ကာကွယ်ဖို့မကြိုးစားနဲ့ မြတ်နိုးရဲ့ကိုယ်ဝန်က ရှင်နဲ့ရတဲ့ ကိုယ်ဝန်ဆိုရင် ရှင်တာဝန်ယူရမှာပေါ့"

"မယ့်ယောကျ်ားနဲ့လည်း ရနိုင်တာပဲလေ"

"ဘာကွ"

အာကာမင်းမောင်၏ အသံကြောင့် သူရိယလန့်သွားသည်။

"ဟင် စာဖိုမှူးကြီး"

"ဟင်. . မောင်"





"ငါက မြတ်နိုးနဲ့ ဘာများပတ်သတ်ခဲ့လို့ ကိုယ်ဝန်ရရမှာလဲ မင်းနောက်ကို ခိုးရာလိုက်လာဖို့ စောင့်နေတဲ့ မိန်းကလေးကို တာဝန်မဲ့ခဲ့လို့ ငါနဲ့တွေ့ပြီး ကူညီပေးခဲ့ရုံသက်သက်ပဲကွ၊ မင်း ဗိုက်တစ်လုံးနဲ့ ပစ်ခဲ့တဲ့ မြတ်နိုးဆိုတာ ငါ့သူငယ်ချင်းရဲ့ ခယ်မပဲ၊ ဒါကြောင့် ငါတို့ဆက်ဆံရေးက ရိုးသားတယ်၊ မရိုးသားကြတာက မင်းတို့ပဲ"

အကုန်သိမ်းကြုံးအပြောခံရ၍ မယ်ညိုချော မျက်နှာပူမိသည်။ တကယ်လည်း မရိုးသားခဲ့သူက မယ်ညိုချောပါပဲ။

"မြတ်နိုးမှာ ကိုယ်ဝန်ရှိတာ. . မင်းနဲ့ရတဲ့ ကိုယ်ဝန်ဆိုတာ ကြိုက်တဲ့နည်းနဲ့ စစ်လို့ရတယ်"

"ဟုတ်တယ် အစ်ကိုနဲ့ ကျွန်မက ရိုးရိုးသားသား ခင်မင်ကြတာ၊ ရှင်သာ အစ်ကို့မိန်းမကို ကြာကူလီရိုက်နေတာ ဒါတောင် အစ်ကိုက သိသိကြီးနဲ့ မသိချင်ဟန်ဆောင်ပေးနေခဲ့တာ၊ မမကသာ အစ်ကို့ကို သက်သက်မဲ့ အထင်လွဲနေတာပါ"

အခွင့်အရေးရတုန်း ထုံးနေတဲ့အထုံးတွေကို မြတ်နိုးဖြည်ပေးလိုက်သည်။ ထိုစဉ် အခန်းတံခါးခေါက်သံကြောင့် အားလုံး၏ အကြည့်တွေက တံခါးဆီသို့ ရောက်သွားသည်။

သူရိယ ထိုအခွင့်အ ရေးကို လက်လွှတ်မခံ၊ မယ်ညိုချောကိုလည်း အပိုင်မသိမ်းနိုင်မှတော့ ဒီအခန်းထဲမှာ ပြဿနာကို အီလည်လည်နဲ့ ရှင်းမနေချင်တော့။ ကိုယ့်လုပ်ကွက်တွေကလည်း ဘူးပေါ်သလိုပေါ်နေမှတော့ ဆက်ပြီးရှိနေလျှင် ကိုယ်ပဲခံသွားရလိမ့်မည်။

ထို့ကြောင့် တံခါးဖွင့်ပေးဖို့ အခန်းဝသို့ ခပ်သွက်သွက်လျှောက်လာလိုက်သည်။ ဘယ်သူလာလာ သူရိယတို့ကတော့ လစ်ပြီပဲ။

"ဟင်"

ခေါင်းမွေးတွေထောင် ထသွားရလောက်အောင် အိတ်လန့်


www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။

"ကဲ. . မင်း ဘယ်ကိုမှ ပြေးလို့မလွတ်တော့ပါဘူး"

မြတ်နိုး၏ အစ်ကိုသုံးယောက် အခန်းဝတွင် ပိတ်ရပ်နေပုံများ သူရိယ ထွက်ပြေးဖို့မပြောနှင့် ကြောင်တစ်ကောင် ကြွက်တမြီးတောင် ခုန်ထွက်၍ လွတ်မည်မထင်။

"မ. . မပြေးပါဘူး၊ အဟဲ. . တံ. . တံခါးဖွင့်ပေးတာပါဗျာ၊ ဝင်ကြပါ. . ဝင်ကြပါ"

ကြောင်လာ၍ ကြွက်ငြိမ်သွားသည့်နှယ် သူရိယ အခန်းထဲပြန်ဝင်လာပြီး မြတ်နိုးနားမှာ သွားရပ်သည်။ အပိုးကျိုးသွားပုံက မြတ်နိုးပင် အံ့ဩယူလောက်သည်။ မြတ်နိုးအစ်ကိုသုံးယောက် သူရိယနားရောက်လာပြီး မင်းကို ငါတို့စခန်းမှား အမှုသွားဖွင့်ခဲ့ပြီးပြီ. .

"ဗျာ"

"ငါ့ညီမအပြင် တခြားမိန်းကလေးတွေကိုပါ အွန်လိုင်းပေါ်မှာ နာမည်အမျိုးမျိုးသုံးပြီး သွေးဆောင်ဖြားယောင်းပြီး ဖျက်ဆီးတဲ့ မုဒိမ်းမှုနဲ့ပေါ့"

မယ်ညိုချော တစ်ချိန်လုံး ခေါင်းငုံ့ငြိမ်နေရာမှ ဖျတ်ခနဲ မော့ကြည့်သည်။ မျက်နှာပေါ်မှာ နောင်တမိုးတိမ်တွေ ညိုမှောင်အုံ့ဆိုင်းနေသည်။ အာကာမင်းမောင် ခတ်လှမ်းလှမ်းမှနေပြီး မယ်ညိုချော၏ မျက်နှာကို စာဖတ်သလို လှမ်းဖတ်နေ၏ ဒီမိန်းမ ဒီတစ်ခါမှ နောင်တမရလျှင် နောက်တစ်ခါဆိုလျှင်တော့ Sex Website ရောက်ပြီသာမှတ်. . .

"ဗျာ. . ဘာ. . ဘာသက်သေရှိလို့ အမှုဖွင့်ရတာလဲ"

"ဒီမှာလေ ငါ့ညီမ ဗိုက်ထဲက ကလေးကသက်သေပဲ"

"ကိုကြီးပြောတာ ဟုတ်တယ်၊ ဒီတော့ မင်း ငါ့ညီမကို လင်





ကောင်ဖော်ပေးမလား၊ အဲ. . လက်ထပ်မလား အဖမ်းခံမလား ဒါမှမဟုတ် ငါတို့ညီအစ်ကိုသုံးယောက်ရဲ့ ခါးချက်တွေအောက်မှာ အူတွေအသည်းတွေ အပြုံလိုက်ထွက်ပြီး သေမလား၊ ပြီးရင် မင်း အမွှေစိန်လုပ်နေတဲ့ အင်တာနက်ပေါ် တင်ပြီး ငါတို့ညီအစ်ကို သုံးယောက်လည်း စခန်းမှာ အဖမ်းသွားခံမယ်"

အစ်ကိုကြီးနှင့်အစ်ကိုလတ်က ပါးစပ်နှင့်ခြိမ်းခြောက်သည် အစ်ကိုငယ်က ခါးကြားမှဓါးကို ဆွဲထုတ်သည်။ သူရိယ၏ လည်ပင်းကို ဓါးဖြင့်ထောက်သည်။ သူရိယတစ်ယောက် အပ်တစ်ဖျားစာလောက်လေးတောင် မလှုပ်ရဲတော့။

"ကျွန်. . ကျွန်တော် မြတ်နိုးကို လက်ထပ်ပါတော့မယ်"

"အို. . ရှင် လက်ထပ်မယ်ဆိုတိုင်း မြတ်နိုးက လက်ခံရမှာလား ဝေးပါသေးတယ်၊ ကိုကြီး ကိုလတ် ကိုငယ် သူ့ကို တစ်ခါတည်းသာ သတ်ပစ်လိုက်တော့၊ ပြီးရင် ညီမလေး တရားခံလုပ်ပြီး ထောင်ထဲဝင်မယ်"

မြတ်နိုးကလည်း ပြတ်သည်။ နာသည်ဆိုလျှင် လှည့်ကို မကြည့်ချင်။ ဒီလိုကျတော့ သူရိယ လက်မခံနိုင်။ သူ့ရင်သွေးလေးကို ထောင်ထဲမှာ ဒုက္ခမခံစေချင်. . .

"မလုပ်ပါနဲ့ မြတ်နိုးရယ် ကိုယ့်ကလေးပါ မြတ်နိုးနဲ့အတူထောင်လိုက်ကျမှာပေါ့ "

"အို. . ကျပါစေ သူ့အဖေက ဗီလိန်ပဲ သူ့အဖေ မိုက်ပြစ်ကို သူ့ပါမျှခံစေရမယ်"

ရင်ထဲမှာ မပါပဲ မခံချင်စိတ်ကြောင့်အနိုင်ပိုင်း၍ ပြောလိုက်ခြင်းဖြစ်သည်။

"ကိုယ်မှားပါပြီ ကိုယ့်ကို ခွင့်လွှတ်ပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"သေမှာကြောက်လို့ မှားပါပြီလို့ ပြောတာမဟုတ်လား"

"မဟုတ်ပါဘူး ကိုယ် ထောင်လဲအကျမခံနိုင်ပါဘူး၊ နောက်ပြီး ကိုယ့်အမှားတွေကြောင့် နောင်တလည်း ရနေပါပြီ၊ ဒါကြောင့် ကိုယ် ဒီနေ့ကစပြီး မြတ်နိုးတို့သားအမိကို သားမှတ်မှတ် မယားမှတ်မှတ်ပေါင်းပြီး ရာသက်ပန် စောင့်ရှောက်ပါတော့မယ်"

သူရိယ သူ့အမှားသူသိပြီး မြတ်နိုးကို ဒူးထောက်မတတ် တောင်းပန်နေပုံများ မယ်ညိုချောကိုပင် မေ့နေ၏။

"မင်း လျှာရိုးမရှိတိုင်း ကတိကိုလွယ်လွယ်မပေးနဲ့ ဟော့ကောင်၊ မြတ်နိုးကို စိတ်ဆင်းရဲကိုယ်ဆင်းရဲ လုပ်လို့ကတော့ ငါတို့က မင်းကို အရှင်မထားဘူး"

"အရှင်မထားနဲ့ အသေသာ သတ်လိုက်ပါ ယောက်ဖကြီးတို့ရယ်"

သူရိယ မထွေးနိုင်မအန်နိုင်ဖြင့် ဖွတ်ပင် ယုံအောင်ပြောရတော့သည်။ မပြော၍လည်းမရ။ ကြွက်တွင်းထဲ ဝင်ပုန်းနေလျှင်တောင်မှ လွတ်လမ်းရှိဦးမည်။ ယောက်ဖကြီးသုံးယောက်လက်မှ ဘယ်တော့မှ လွတ်မြောက်နိုင်မည်မဟုတ်သောကြောင့် နောက်ဆုံး မြတ်နိုးကိုသာ လက်ထပ်ဖို့ စိတ်ကိုလျှော့ချလိုက်သည်။

တကယ်ဆို မြတ်နိုးလည်း ချစ်ဖို့ကောင်းသော မိန်းမတစ်ယောက်ပါပဲ။ ကိုယ့်ရဲ့တဏှာလောဘကြောင့်သာ မိန်းမတွေနှင့် ပတ်သက်လာလျှင် မရောင့်ရဲတတ်တာဖြစ်သည်။

ခုတော့ မြတ်နိုးနှင့်ပင် ရောင့်ရဲလိုက်ပါတော့မည်။










# အခန်း (၂၀)

ကွာရှင်းစာချုပ်ကို မယ်ညိုချောရှေ့ ချပေးလိုက်သည့်အတွက် ညိုချောမျက်နှာလေးသည် ပြိုတော့မည့်မိုးလို ညိုမှောင်၍သွားကာ အာကာမင်းမောင်ကို မော့ကြည့်သည်။

"ကျွန်မတို့ တစ်ကယ်လမ်းခွဲမှ ဖြစ်မှာလား မောင်"

မေးလိုက်သော အသံက တိုးဖျော့ကာ ရှိုက်သံပါနေသည်။ မျက်ဝန်းမှ မျက်ရည်စတို့က ဝေ့သီနေသည်။

"အဲ့ဒါ မင်းရဲ့ ဆန္ဒပဲလေ"

"အဲဒါက. . မောင်ကလည်း ကျွန်မအပေါ် ဖောက်ပြန်နေ



www.burmeseclassic.com

www.burmeseclassic.com

တယ်ထင်ပြီး မခံချင်စိတ်နဲ့ ကွာရှင်းမယ်လို့ ပြောလိုက်တာလေ"

"ဒါဆို ခုတော့ မကွာရှင်းချင်တော့ဘူးပေါ့"

ခနဲ့သောလေသံဖြင့် မေးလိုက်သည်။ ညိုချောမှာ စကားနာ ပြန်ထိုးစရာ အင်အားရှိသော စကားလုံးမရှိ။

"မောင်မှ ကျွန်မအပေါ် သစ္စာမမဲ့ခဲ့တာ"

"မောင် သစ္စာမမဲ့တာကို မင်းယုံသွားပြီ မဟုတ်လား"

"ယုံသွားပါပြီမောင် အဲဒီအတွက် ကျွန်မ မောင့်ကို တောင်းပန်ပါတယ်၊ တကယ်ဆို မောင့်အပေါ် မှားခဲ့တာက ကျွန်မပါ"

"ညိုချောလည်း အပြည့်အဝ မမှားသေးပါဘူး၊ ကိုယ့်စိတ်ကို အချိန်မှီ ပြန်ပြုပြင်နိုင်ခဲ့တယ် မဟုတ်လား"

တစ်ဖက်က နားလည်မှုတွေပေးလေလေ ညိုချော ကိုယ်လိပ်ပြာ ကိုယ်မသန့်လေပါပဲ။ ရစ်ဝိုင်းနေသော မျက်ရည်တွေဖြင့် ပြုံးရှုံကြည့်နေသော အာကာမင်းမောင်ကို ဝေဝါးစွာ ကြည့်လိုက်သည်။

"ကျွန်မအပေါ်မှာ ဘာသံသယမှ မရှိဘူးလားမောင်"

ပြင်ပမှ ဝေ့လာသောလေသည် မှန်ပြတင်းမှတဆင့် တိုးဝင်လာသည်။ အေးမြသော ခံစားမှုကို အပေါ်အရေပြားတစ်ထောက်စာက အပြည့်အဝ ခံစားခွင့်ရပေမယ့် ရင်ထဲက နောင်တအပူကိုတော့ ငြိမ်းအေးခွင့်မရပါ။

ဟိုယခင်ကလို သန့်ရှင်းတောက်ပြောင်ခြင်း အလျဉ်းမရှိတော့သော အိမ်အပြင်အဆင်တို့သည် အိမ်ရှင်မတစ်ယောက်၏ စိတ်လေလွင့်နေမှုတွေကို ဖော်ကျူးနေသည့်နှယ်။

မယ်ညိုချော ရှက်လိုက်သည့်ဖြစ်ခြင်း၊ ချစ်လှပါသည့်ဆိုကာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့ကြသော အိမ်ထောင်ရေးသည် ညို





ချော၏ လွဲမှားသောအကျင့်စရိုက်ကြောင့် ပြတ်လုပြတ်ခင် ကြိုးတံတားပေါ် ရောက်နေသည့်နှယ်။ နည်းနည်းလေး ရှေ့ဆက်တိုးတာနှင့် အင်မတန်နက်သော ချောက်ကမ်းပါးထဲသို့ ထိုးကျသွားနိုင်သည်။

ယခုလည်း မောင်သာ အချိန်မှီမဖြေရှင်းပေးနိုင်ခဲ့ဘူးဆိုလျှင် ညိုချောဘဝဟာလည်း ချောက်ကမ်းပါးထဲသို့ ထိုးကျပြီး ဘဝတစ်ခုလုံး ရစရာမရှိအောင် စုတ်ပြတ်သတ်ပြီး ပြန်လည်ရှင်သန်လာစရာ အကြောင်းမရှိတော့။

"ဟိုး အရင်ကတော့ သံသယရှိခဲ့ပါတယ်၊ ဒါပေမဲ့ ညိုချောရယ် လောကမှာ ချော်မလဲဖူးတဲ့လူဆိုတာ မရှိပါဘူး၊ အခု ညိုချော ကြုံခဲ့ရသမျှတွေ ညိုချော လုပ်ခဲ့မိတဲ့ လုပ်ရပ်အမှားတွေဟာ ညိုချောအတွက် တစ်ကြိမ်တစ်ခါ ချော်လဲလိုက်တယ်လို့ပဲ မှတ်ယူလိုက်ပေါ့"

"ဒါပေမဲ့ ပြန်ထဖို့အတွက် ကျွန်မမှာ အားမရှိဘူး မောင်ရယ်"

ဝေ့ခနဲ ကျလာသော မျက်ရည်ပေါက်တွေကို လက်ဖမိုးဖြင့် ဆွဲသိမ်းလိုက်ပြီး အင်အားမဲ့စွာ ပြောလိုက်သည်။

"ညိုချော အင်အားမရှိရင် မောင်တွဲထူမှာပေါ့"

ရင်ထဲကို နွေးထွေးစိမ့်ဝင်သွားသော စကားတစ်ခွန်းမို့ တောင်းပန်တိုးလျှိုးသော အကြည့်ဖြင့် မော့ကြည့်ကာ. .

"ကျွန်မကို ခွင့်လွှတ်တယ်ဆိုတဲ့ သဘောလား မောင်"

"ဒါပေါ့ ညိုချောရဲ့ မောင်က ညိုချောကို အမှန်ကိုမြင်စေချင်ရုံလေးပါ အပြစ်မတင်ပါဘူး"

"ဝမ်းသာလိုက်တာ မောင်ရယ် ဒါဆို ကျွန်မလေ မောင့်ကို တတိတစ်ခု လေးလေးနက်နက်ပေးချင်တယ် မောင် လက်ခံပေးမလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာကတိလဲ ညီချောရဲ့"

ပခုံးကို သိုင်းဖက်ပြီး မေးလာသော မောင့်အမေးကြောင့် ညီချောလည်း ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့် ရှိလာဟန်ဖြင့်. . တောက်ပစွာ ပြုံးလိုက်ပြီး ချစ်လင်၏ ရင်ခွင်တွင် ခိုဝင်ကာ. . .

"ကျွန်မ ဖေ့စ်ဘုတ် မသုံးတော့ပါဘူးမောင်"

ရွှင်လန်းချမ်းမြေ့ကြပါစေ

WAIHZAR

BURMESE CLASSIC



www.burmeseclassic.com